# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


## ဂုဏ်သတင်းပျံ့နှံ့လိုင်ကြူ

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက် | ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၂၈ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၅)၊ အမှတ်(၁၉၀)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပပြုလုပ်

# နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပါဝင်ဆန္ဒမဲပေး

**နေပြည်တော် ဒီဇင်ဘာ ၂၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို ယနေ့နံနက် ၆ နာရီမှစတင်၍ နိုင်ငံတစ်ဝန်းလုံးတွင် ကျင်းပပြုလုပ်ရာ မဲဆန္ဒရှင်ပြည်သူများက သက်ဆိုင်ရာမဲရုံများတွင် ဆန္ဒမဲများပေးကြသည်။

**ပါဝင်ဆန္ဒမဲပေး**

ထိုသို့ဆန္ဒမဲများပေးကြရာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့်အတူ နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် အနော်ရထာရပ်ကွက်ရှိ မဲရုံအမှတ် (၁)၌ ပါဝင်ဆန္ဒမဲပေးကြသည်။

**ပြန်လည်ဖြေကြား**

နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ဆန္ဒမဲပေးပြီးချိန်တွင် မဲရုံသို့ လာရောက်သတင်းရယူကြသည့်

*စာမျက်နှာ ၃ ကော်လံ ၁* ❖



နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် အနော်ရထာရပ်ကွက် မဲရုံအမှတ်(၁)၌ လာရောက်ဆန္ဒမဲပေးစဉ်။


**ယနေ့ ဖတ်စရာ**

**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှသည် စွမ်းဆောင်ရည်မြင့်မားသော အစိုးရအဖွဲ့ဆီသို့ ...**
ဆောင်းပါး | စာ ၆

**ပြည်သူတွေက အခုလို စိတ်အားထက်သန်စွာ မဲပေးနေတာ နိုင်ငံကို ပိုမိုကောင်းမွန်စေလိုတဲ့ စိတ်ဆန္ဒရှိတယ်ဆိုတာ တွေ့ရပါတယ်**
တွေ့ဆုံမေးမြန်း | စာ ၁၂

**လူငယ်တွေအနေနဲ့ အနာဂတ်တိုင်းပြည်ကောင်းမွန်ဖို့အတွက် ပါတီကိုယ်စားလှယ်လောင်းတွေကို ပုံပြီးအပ်လိုက်ပါပြီ**
တွေ့ဆုံမေးမြန်း | စာ ၁၅

❖ *ရှေ့ဖုံးမှ*

ပြည်တွင်း၊ ပြည်ပမှ သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့သည်။

မေးမြန်းဖြေကြားမှုအပြည့်အစုံမှာ-

**မေး။ ။ ရွေးကောက်ပွဲကို ဦးစီးဦးဆောင်ကျင်းပဖို့ စီစဉ်ခဲ့သူတစ်ဦးအနေနဲ့ လွတ်လပ်ပြီး တရားမျှတတဲ့ရွေးကောက်ပွဲဖြစ်ကြောင်း ဘယ်လောက်အာမခံချက်ပေးနိုင်ပါသလဲ။ ပြည်သူကို ဘာသတင်းစကားများ ပါးချင်ပါသလဲ။**

**ဖြေ။** ။ လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲကို ဒီနေ့မဲပေးတာ ကြည့်လိုက်ရင် သိလိမ့်မယ်။ နောက်ပြီး မဲပေးဖို့အတွက် ကြိုတင်ကဏ္ဍတွေရှိတယ်။ အကြိုကာလတွေပေါ့။ အဲဒီမှာ ပါတီတွေရဲ့လုပ်ဆောင်ချက်တွေ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းရဲ့လုပ်ဆောင်ချက်တွေ၊ ရွေးကောက်ပွဲကော်မရှင်တွေရဲ့လုပ်ဆောင်ချက်တွေကို ကြည့်လိုက်ရင်လည်း တွေ့ပါလိမ့်မယ်။ ဒီနေ့မဲပေးတဲ့အခါမှာလည်း မဲပေးပြီး ညနေကျရင်လည်း အသံထွက်လာမှာပဲလေ။ မဟုတ်ဘူးလား။ အဲဒီကျရင် ပြောလို့ရတာပေါ့။ ကျွန်တော်တို့က လွတ်လပ်ပြီးတရားမျှတမှုရှိတဲ့ ရွေးကောက်ပွဲဖြစ်မယ်လို့ အာမခံထားတယ်။ တပ်မတော်ကလုပ်တာ နာမည်ပျက်မခံဘူး။ ပြီးခဲ့တဲ့ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ အကြီးအကျယ်နာမည်ပျက်ခဲ့တယ်။ တော်တော်ဆိုးဆိုးရွားရွားကိုဖြစ်ခဲ့တယ်။ ရုပ်ပျက်ဆင်းပျက်ကို နိုင်ငံတကာမှာလည်း အရှက်တကွဲဖြစ်ခဲ့တယ်။ တချို့ကျတော့လည်း မသိကျိုးကျွန်ပြုနေတာ။ တကယ်တော့ ကျွန်တော်က တကယ်စစ်ခဲ့သူ၊ ကျွန်တော်သိပါတယ်။ တကယ်ကို ဆိုးဆိုးရွားရွားဖြစ်ခဲ့တယ်။ ဘယ်လိုမှကို နားလည်ပေးလို့မရတဲ့အတွက်ကြောင့် ဒီအခြေအနေထိ ရောက်သွားတာပဲဖြစ်တယ်။ ဒါကြောင့် ပြီးတဲ့အချိန်ကျလို့ရှိရင် ကြည့်ပါလို့ ကျွန်တော်ပြောချင်တယ်။ ဒါပေမယ့် ဒီနေ့တစ်ကြိမ်၊ ပြီးရင် လာမယ့်ဇန်နဝါရီ ၁၁ ရက်မှာ တစ်ကြိမ်၊ ဇန်နဝါရီ ၂၅ ရက်မှာတစ်ကြိမ် သုံးကြိမ်ပေးမယ်။ အဲဒီမှာကြည့်ပါ။ အဲဒါပြီးမှ ပြောပါလို့ ပြောချင်ပါတယ်။

**မေး။ ။ ဗိုလ်ချုပ်မှူးကြီးရဲ့ နိုင်ငံရေးရည်မှန်းချက်ကိုလည်း သိချင်ပါတယ်ခင်ဗျာ။ ရွေးကောက်ပွဲအလွန် အခင်းအကျင်းမှာ ဘယ်လိုစဉ်းစားထားပါသလဲ။ သမ္မတလုပ်မှာလားခင်ဗျ။**

**ဖြေ။** ။ ကျွန်တော်က တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ နိုင်ငံ့ဝန်ထမ်း။ ကျွန်တော်ဘာမှ တော်ရုံတန်ရုံသွားပြီးတော့မှ လုပ်ချင်ပါတယ်။ ပြုချင်ပါတယ်လို့ သွားပြောလို့မရဘူး။ နိုင်ငံရေးပါတီခေါင်းဆောင်လည်းမဟုတ်ဘူး။ ပြီးတော့ လွှတ်တော်ခေါ်တဲ့အခါကျမှ လွှတ်တော်ကနေပြီး သမ္မတရွေးချယ်ရေးနဲ့ပတ်သက်တဲ့ Process တွေ ရှိပါတယ်။ အဲဒီကျမှ သူတို့လုပ်ပါလိမ့်မယ်။ အဲဒီကျမှသာ ကျွန်တော်တို့ ပြောဖို့သင့်မယ်လို့ ယူဆပါတယ်။

**မေး။ ။ မဲပေးသင့်/ မပေးသင့် တွေဝေနေတဲ့ ပြည်သူတွေအပေါ် ဘာများပြောချင်ပါသလဲ။**

**ဖြေ။** ။ ပေးသင့်တာပေါ့။ ပါတီစုံဒီမိုကရေစီစနစ် လက်ခံတယ်လို့ပြောထားရင် ဒီမိုကရေစီရဲ့အနှစ်သာရက ရွေးကောက်ပွဲကတော့ တကယ်လုပ်ဖို့ကောင်းတယ်။ ရွေးကောက်ပွဲကတော့ ပေးသင့်တယ်။ ကြိုက်ရင်ကြိုက်မယ်။ မကြိုက်ရင် မကြိုက်ဘူး။ ကိုယ်မကြိုက်တဲ့လူကို မပေးနဲ့ပေါ့၊ ကြိုက်တဲ့လူကိုပေးပေါ့။ အဲဒီအထဲမှာ Choice ဆိုတာ ရှိပါတယ်။ တချို့ပါတီတွေ၊ တချို့နေရာတွေကျလည်း

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် အနော်ရထာရပ်ကွက် မဲရုံအမှတ်(၁)၌ ဆန္ဒမဲပေးစဉ်။



နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ရွာကောက်ရပ်ကွက် မဲရုံအမှတ် (၂)၌ လာရောက်ဆန္ဒမဲပေးကြသည့် ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ရွာကောက်ရပ်ကွက် မဲရုံအမှတ် (၂)၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကာဇက်စတန်နိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့မှ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် အနော်ရထာရပ်ကွက် မဲရုံအမှတ်(၁)၌ ဆန္ဒမဲပေးစဉ်။

*စာမျက်နှာ ၃ မှ*

Choice မရှိတာပါတယ်။ နည်းတာပါတယ်။ တချို့နေရာကျတော့လည်း Choice များတာပါတယ်။ ကြိုက်တဲ့လူကိုပေး။ ရတာပဲ။ ဒါကပေးသင့်တဲ့ကိစ္စပဲ။ ဒါပေမယ့် မပေးဘူးဆိုလို့ရှိရင် သူဟာ ဒီမိုကရေစီစနစ်ကို အပြည့်အဝနားမလည်ဘူးလို့ ကျွန်တော်ယူဆလို့ရတာပေါ့။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ကော်မရှင်အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များလိုက်ပါ၍ နေပြည်တော်ကောင်စီနယ်မြေ၊ ဇေယျာသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ ဥတ္တရသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်တို့မှ သက်ဆိုင်ရာမဲရုံများအလိုက် မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒမဲပေးနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အလားတူ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ပျဉ်းမနားမြို့နယ် ရွာကောက်ရပ်ကွက် မဲရုံအမှတ်(၂)တွင် မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒမဲပေးနေမှုများအား လာရောက်ကြည့်ရှုလေ့လာကြသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကာဇက်စတန်နိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့မှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် ဥတ္တရသီရိမဲရုံ၌ ဆန္ဒမဲလာရောက်ပေးကြသည့် လူငယ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်တွင်း၊ ပြည်ပမှ သတင်းမီဒီယာများ၏ မေးမြန်းမှုများကို ဖြေကြားစဉ်။



နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ကျောက်ချက်ကျေးရွာမဲရုံ၌ လာရောက်မဲပေးမှုများကို ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် အထက (၃) မဲရုံ၌ လာရောက်မဲပေးကြသည့် ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်မဲရုံ၌ လာရောက်မဲပေးကြသည့် ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော်ဘူတာကြီးအား ကြည့်ရှုစစ်ဆေးစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော်ဘူတာကြီးသို့ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၂၈**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် တာဝန်ရှိသူများလိုက်ပါ၍ နေပြည်တော်ဘူတာကြီးသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအား တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌသည် နေပြည်တော်မှ ရန်ကုန်သို့ထွက်ခွာမည့် ဒီဇယ်လျှပ်စစ်သုံး (DEMU)အစုန်ရထား ဘူတာရုံ၌ ဆိုက်ကပ်ထားရှိမှုနှင့် ဘူတာရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ဘူတာရုံအတွင်းရှိ လူသွားစင်္ကြံအား အဆင့်မြှင့်တင်ဆောင်ရွက်သွားရန်လိုအပ်မှုနှင့် ရထားဘူတာရုံအတွင်း သန့်ရှင်းသာယာလှပမှုရှိစေရေးနှင့် မျက်စိပသာဒဖြစ်စေရေး၊ ရထားဝန်ထမ်းများနှင့် ခရီးသည်များ၏ သွားလာနေထိုင်မှုများ စည်းကမ်းစနစ်တကျဖြစ်စေရေး၊ ဘေးအန္တရာယ်ကင်းရှင်းမှုရှိစေရေးနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌသည် ပုဗ္ဗသီရိမြို့နယ်အတွင်း မော်တော်ယာဉ်များဖြင့်လှည့်လည်၍ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော်ဘူတာရုံ၌ ဆိုက်ကပ်ထားသည့် ဒီဇယ်လျှပ်စစ်သုံး (DEMU) ရထားအား ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး လာရောက်ဆန္ဒမဲပေးစဉ်။ (သတင်း – ရှေ့ဖုံး)



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး ကျော်စွာလင်း လာရောက်ဆန္ဒမဲပေးစဉ်။ (သတင်း – ရှေ့ဖုံး)

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှသည် စွမ်းဆောင်ရည်မြင့်မားသော အစိုးရအဖွဲ့ဆီသို့ ...

*ဦးရွှေဦး*

**နိုင်ငံရေးပါတီများ၏ အဓိကရည်မှန်းချက်မှာ မိမိပါတီက ဦးဆောင်၍ အစိုးရတစ်ရပ် ဖွဲ့စည်းကာ နိုင်ငံတော်တာဝန်ကို ထမ်းဆောင်နိုင်ရေးပင်ဖြစ်သည်။ နိုင်ငံရေးပါတီများသည် ရွေးကောက်ပွဲတွင် ကိုယ်စားလှယ်များ ဝင်ရောက်ယှဉ်ပြိုင်၍ သက်ဆိုင်ရာလွှတ်တော်အသီးသီးတွင် မိမိပါတီမှ အနိုင်ရရှိသော ကိုယ်စားလှယ်များဖြင့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးကဏ္ဍများတွင် ပါတီ၏ မူဝါဒလုပ်ငန်းစဉ်များကို ပါဝင်ဆောင်ရွက်ခွင့်ရရှိခြင်းနှင့်အတူ မိမိပါတီမှ ဦးဆောင်ကာ အစိုးရဖွဲ့စည်းဆောင်ရွက်နိုင်ရန် ကြိုးပမ်းကြရသည်။**

> **"လွှတ်တော်အသီးသီးအတွက် ကိုယ်စားလှယ်ဦးရေ သတ်မှတ်ချက်မှာ ပြည်သူ့လွှတ်တော်အတွက် ဥပဒေနှင့်အညီ မဲဆန္ဒနယ်သတ်မှတ်၍ ရွေးကောက်တင်မြှောက်သည့် ၃၃၀ ထက်မပိုသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် ၁၁၀ ထက်မပိုသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော်တွင် စုစုပေါင်း လွှတ်တော်ကိုယ်စားလှယ်ဦးရေ အများဆုံး ၄၄၀ ဖြင့် ဖွဲ့စည်း"**

တစ်နည်းအားဖြင့် နိုင်ငံရေးပါတီများသည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် အရွယ်ရောက်ပြီး နိုင်ငံသားအများစု သို့မဟုတ် အားလုံးကို စည်းရုံးလှုံ့ဆော်ဆောင်ရွက်ခြင်းအားဖြင့် ရွေးကောက်ပွဲ ဝင်ရောက်သည့် ကိုယ်စားလှယ်လောင်းများအား ပြည်သူ့ထောက်ခံမဲဖြင့် နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ခွင့်ရရှိစေရန် ကြိုပမ်းဆောင်ရွက်သည့် အဖွဲ့အစည်းပင်ဖြစ်သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အနေဖြင့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများ ကျင်းပပြီး သက်ဆိုင်ရာ လွှတ်တော်အသီးသီးကို ခေါ်ယူကာ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များကို ဖွဲ့စည်းကြရမည်ဖြစ်သည်။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အပိုင်းသုံးပိုင်းဖြင့် ဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် အပိုင်း(၁)ကို မြို့နယ် ၁၀၂ မြို့နယ်၌ စတင်ကျင်းပပြုလုပ်ခဲ့ပြီး အပိုင်း(၂)ကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့တွင် မြို့နယ် ၁၀၀ မြို့နယ်၌လည်းကောင်း၊ အပိုင်း(၃)ကို ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့တွင် မြို့နယ် ၆၃ မြို့နယ်၌လည်းကောင်း ကျင်းပဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ရွေးကောက်ပွဲတွင် ပြည်ထောင်စုတစ်ဝန်းလုံး ယှဉ်ပြိုင်သည့် ပါတီခြောက်ပါတီနှင့် တိုင်းဒေသကြီး/ ပြည်နယ်အလိုက်ဒေသအတွင်း ယှဉ်ပြိုင်သည့် ပါတီ ၅၁ ပါတီ စုစုပေါင်း ၅၇ ပါတီ ဝင်ရောက်ယှဉ်ပြိုင်ကြပါသည်။ လွှတ်တော်အသီးသီးတွင် ကိုယ်စားလှယ်လောင်းများအနေဖြင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းအပါအဝင် ပြည်သူ့လွှတ်တော်အတွက် မဲဆန္ဒနယ် ၂၇၄ နယ်တွင် သတ်မှတ်ကိုယ်စားလှယ်ဦးရေ ၂၇၄ ဦးအတွက် ကိုယ်စားလှယ်လောင်း ၁၃၂၉ ဦး၊ အမျိုးသားလွှတ်တော်အတွက် FPTP မဲဆန္ဒနယ်နှင့် PR မဲဆန္ဒနယ် ၁၀၁ နယ်တွင် သတ်မှတ်ကိုယ်စားလှယ်ဦးရေ ၁၅၉ ဦးအတွက် ကိုယ်စားလှယ်လောင်း ၈၁၀၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အတွက် FPTP မဲဆန္ဒနယ်နှင့် PR မဲဆန္ဒနယ် ၃၀၈ နယ်တွင် သတ်မှတ်ကိုယ်စားလှယ် ၅၈၈ ဦးနှင့် တိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ် ၂၉ ဦးအတွက် ကိုယ်စားလှယ်လောင်း ၂၇၈၁ ဦး စုစုပေါင်း ၄၉၂၀ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဟု သိရပါသည်။

ပြည်ထောင်စုအစိုးရအဖွဲ့ ဖွဲ့စည်းနိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၏ ပြဋ္ဌာန်းချက်များအရ သက်ဆိုင်ရာလွှတ်တော်များ ခေါ်ယူကျင်းပဆောင်ရွက်ရမည်ဖြစ်သည်။ လွှတ်တော်အသီးသီးအတွက် ကိုယ်စားလှယ်ဦးရေ သတ်မှတ်ချက်မှာ ပြည်သူ့လွှတ်တော်အတွက် ဥပဒေနှင့်အညီ မဲဆန္ဒနယ်သတ်မှတ်၍ ရွေးကောက်တင်မြှောက်သည့် ၃၃၀ ထက်မပိုသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် ၁၁၀ ထက်မပိုသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော်တွင် စုစုပေါင်း လွှတ်တော်ကိုယ်စားလှယ်ဦးရေ အများဆုံး ၄၄၀ ဖြင့် ဖွဲ့စည်းရမည်။

အမျိုးသားလွှတ်တော်အတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတစ်ခုစီမှ ကိုယ်စားလှယ်တစ်ဦးစီ ပါဝင်စေပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ် ၁၂ ဦးကျစီ ရွေးကောက်တင်မြှောက်သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၆၈ ဦးနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ် လေးဦးကျစီဖြင့် ဥပဒေနှင့်အညီ အမည်စာရင်း တင်သွင်းသော တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၅၆ ဦး စုစုပေါင်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ အများဆုံး ၂၂၄ ဦး ဖြင့် ဖွဲ့စည်းရမည်။ ပြည်ထောင်စုလွှတ်တော်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ ဖွဲ့စည်းထားသည့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ဖြင့် ဖွဲ့စည်းသည်။

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပပြီးစီးပါက ပြည်သူ့လွှတ်တော်အတွက် ရွေးကောက်တင်မြှောက်ထားသည့် ကိုယ်စားလှယ်ဦးရေ ၂၇၄ ဦးနှင့် တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၁၀ စုစုပေါင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၈၄ ဦး ရရှိမည်ဖြစ်ပြီး အမျိုးသားလွှတ်တော်အတွက် ရွေးချယ်တင်မြှောက်ထားသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ ၁၅၉ ဦးနှင့် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၅၆ ဦး စုစုပေါင်း ၂၁၅ ဦး ရရှိမည်ဖြစ်သည်။ ပြည်ထောင်စုလွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ် ၅၉၉ ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်နိုင်မည်ဖြစ်သည်။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးများ စတင်ကျင်းပသည့် ပထမနေ့တွင် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ ထက်ဝက်ကျော် တက်ရောက်လျှင် အစည်းအဝေးများ အထမြောက်ပါသည်။

**ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အရ ပြည်ထောင်စုအစိုးရအဖွဲ့ ဖွဲ့စည်းမှုပုံစံ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)အရ နိုင်ငံတော်ကို ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်ပြီး စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးဆောင်ရွက်ရန် ဖြစ်ပါသည်။

နိုင်ငံတော်အကြီးအကဲနှင့် နိုင်ငံတော်အုပ်ချုပ်ရေးအကြီးအကဲသည် နိုင်ငံတော်သမ္မတဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အုပ်ချုပ်ရေးအဖွဲ့အစည်းများကို ဖွဲ့စည်းဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်သမ္မတကို ဦးစွာရွေးချယ်တင်မြှောက်ရမည်ဖြစ်သည်။ နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်နိုင်ရန်အတွက် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတတို့ကို နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေနှင့်အညီ ရွေးချယ်တင်မြှောက်ရမည်ဖြစ်သည်။

သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့သည် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကိုယ်စားလှယ်ဦးရေ တူညီစွာ ရွေးကောက်တင်မြှောက်သည့် လွှတ်တော်ရှိ ရွေးကောက်တင်မြှောက်ခြင်းခံရသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့၊ မြို့နယ်ကိုအခြေခံ၍လည်းကောင်း၊ လူဦးရေကိုအခြေခံ၍လည်းကောင်း ရွေးကောက်တင်မြှောက်ခြင်းခံရသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့၊ ဖော်ပြပါ လွှတ်တော်နှစ်ရပ်အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့သုံးခုက တစ်ဖွဲ့လျှင် ဒုတိယသမ္မတ တစ်ဦးစီကို လွှတ်တော်ကိုယ်စားလှယ်များထဲမှဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ် မဟုတ်သူများထဲမှဖြစ်စေ ရွေးချယ်တင်မြှောက်ရသည်။

ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ရာတွင် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံခြင်း ရှိ၊ မရှိကို ပြည်ထောင်စုလွှတ်တော်တွင် ပါဝင်သော လွှတ်တော်နှစ်ရပ်၏ အကြီးအမှူးများနှင့် ဒုတိယအကြီးအမှူးများ ပါဝင်သည့်အဖွဲ့က စိစစ်ရသည်။ ထို့နောက် နိုင်ငံတော်သမ္မတကို ပြည်ထောင်စုလွှတ်တော်တွင် သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးချယ်တင်မြှောက်ပါသည်။ နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတတို့၏ ရာထူးသက်တမ်းသည် ငါးနှစ် ဖြစ်ပြီး နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည် ရာထူးသက်တမ်း နှစ်ကြိမ်ထက် ပို၍ထမ်းဆောင်ခြင်း မပြုရပါ။

**ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုရှေ့နေချုပ် ခန့်အပ်တာဝန်ပေးအပ်ခြင်း**

နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုဝန်ကြီးများ ခန့်အပ်တာဝန်ပေးရန် လွှတ်တော်တစ်ရပ်ရပ်၏ ကိုယ်စားလှယ်များထဲမှဖြစ်စေ၊ လွှတ်တော်တစ်ရပ်ရပ်မှ ကိုယ်စားလှယ်မဟုတ်သူများထဲမှဖြစ်စေ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၂၊ ပုဒ်မခွဲ (က)ပါ အရည်အချင်းနှင့် ပြည့်စုံသော သင့်လျော်သည့် ပုဂ္ဂိုလ်များကို ရွေးချယ်ရပါသည်။ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် နယ်စပ်ရေးရာဝန်ကြီး ဌာနများအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှ သင့်လျော်သည့် တပ်မတော်သားများ၏ အမည်စာရင်းကို ရယူရပါသည်။ အခြားဝန်ကြီးဌာနများတွင် တပ်မတော်သားများအား ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုလျှင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖြင့် ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ပြီး နိုင်ငံတော်သမ္မတသည် ရွေးချယ်ထားသည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းတို့ကို စုစည်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းလျက် သဘောတူညီချက် ရယူရပါမည်။

*စာမျက်နှာ ၇ သို့*

> ❖ **အမျိုးသားလွှတ်တော်အတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတစ်ခုစီမှ ကိုယ်စားလှယ်တစ်ဦးစီပါဝင်စေပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ် ၁၂ ဦးကျစီ ရွေးကောက်တင်မြှောက်သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၆၈ ဦးနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ် လေးဦးကျစီဖြင့် ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသော တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၅၆ ဦး စုစုပေါင်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ အများဆုံး ၂၂၄ ဦး ဖြင့် ဖွဲ့စည်း**
>
> ❖ **ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးများ စတင်ကျင်းပသည့် ပထမနေ့တွင် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏ ထက်ဝက်ကျော် တက်ရောက်လျှင် အစည်းအဝေးများ အထမြောက်**

**အစိုးရအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ရာတွင် နိုင်ငံ၏ လူဦးရေအချိုးရာခိုင်နှုန်း (Percentage of Population)ကို အခြေခံ၍လည်းကောင်း၊ အစိုးရအလုပ်လုပ်ကိုင်နေသော ဝန်ထမ်းဦးရေအချိုး (Total Employment Accounted For by Employment)ကို အခြေခံ၍လည်းကောင်း၊ နိုင်ငံတော်၏ GDP အချိုးအပေါ် အခြေခံ၍လည်းကောင်း၊ အစိုးရအဖွဲ့ ဖွဲ့စည်းမှု အကြီးအသေးပမာဏ(Size)ကို လိုအပ်သလို ဖွဲ့စည်းကြပါသည်။ ကမ္ဘာ့နိုင်ငံတော်တော်များများတွင် ဗဟိုအစိုးရများ ဖွဲ့စည်းရာတွင် နိုင်ငံ GDP ၏ ၃၅ ရာခိုင်နှုန်းကို တွက်ချက်ပြီး ဖွဲ့စည်းကြ**

**ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများမှသည် ကောင်းမွန်ဖွံ့ဖြိုးတိုးတက်သော အနာဂတ်ဖော်ဆောင်နိုင်ရေးအတွက် ဂုဏ်သိက္ခာရှိသော လွှတ်တော်များနှင့် စွမ်းဆောင်ရည်မြင့်မားသော အစိုးရအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နိုင်ရန် နိုင်ငံရေးပါတီများ အနေဖြင့် ရွေးကောက်ပွဲအလွန်ကာလတွင် မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒမဲများအရ လွှတ်တော်ကိုယ်စားလှယ်အသီးသီး ရရှိကြမည်ဖြစ်ရာ စွမ်းဆောင်ရည်မြင့်မားသော အစိုးရအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ကြရမည်ဖြစ်**

*စာမျက်နှာ ၆ မှ*

နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရရှိပြီးသည့် ပုဂ္ဂိုလ်များအား ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရမည်။ ထိုသို့ ခန့်အပ်တာဝန်ပေးရာတွင် နိုင်ငံတော်သမ္မတက ပြည်ထောင်စုဝန်ကြီးတစ်ဦးချင်းအလိုက် တာဝန်ယူရမည့် ဝန်ကြီးဌာနများကို သတ်မှတ်ပေးရသည်။ နိုင်ငံတော်သမ္မတသည် ဥပဒေအကြံဉာဏ်များရယူနိုင်ရန် နှင့် ဥပဒေဆိုင်ရာတာဝန်များ ပေးအပ်နိုင်ရန် လွှတ်တော်တစ်ရပ်ရပ်၏ ကိုယ်စားလှယ်များထဲမှဖြစ်စေ၊ လွှတ်တော်တစ်ရပ်ရပ်၏ ကိုယ်စားလှယ်မဟုတ်သူများထဲမှဖြစ်စေ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၇ အရ ပုဂ္ဂိုလ်တစ်ဦးဦးအား ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရယူ၍ ပြည်ထောင်စုရှေ့နေချုပ်ကို ခန့်အပ်တာဝန်ပေးရသည်။

### ပြည်ထောင်စုအစိုးရအဖွဲ့ ဖွဲ့စည်းခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၆ (က) အရ ပြည်ထောင်စုအစိုးရအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် –

(၁) နိုင်ငံတော်သမ္မတ
(၂) ဒုတိယသမ္မတများ
(၃) ပြည်ထောင်စုဝန်ကြီးများ
(၄) ပြည်ထောင်စုရှေ့နေချုပ်

နိုင်ငံတော်သမ္မတဦးဆောင်ပြီး ပြည်ထောင်စုဝန်ကြီးများ ပါဝင်သော အစိုးရအဖွဲ့သည် နိုင်ငံတော်၏ ပြည်သူ့ရေးရာစီမံခန့်ခွဲရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ နိုင်ငံခြားရေးနှင့် နိုင်ငံတော်ကာကွယ်ရေးလုပ်ငန်းများကို တာဝန်ယူစီမံခန့်ခွဲခြင်း၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲရေးအဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရ အဖွဲ့များကို ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ ဆက်သွယ်ပေးခြင်း၊ တရားဥပဒေစိုးမိုးရေးနှင့် စည်းကမ်းသေဝပ် တည်ငြိမ်ရေးတို့ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ အခြားသောလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း စသည်တို့ကို ဆောင်ရွက်ရပါသည်။

ပြည်ထောင်စုဝန်ကြီးဌာနများကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးအသီးသီးမှ တာဝန်ဝတ္တရားကို သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ကြသည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်သမ္မတက ချမှတ်ပေးသည့် မူဝါဒများနှင့် ဆုံးဖြတ်ချက်များကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တာဝန်ယူ အကောင်အထည်ဖော်ဆောင်ရွက်ရသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် ပြည်ထောင်စုဝန်ကြီးဌာန၊ ပြည်နယ်/ တိုင်းဒေသကြီး အစိုးရအဖွဲ့များ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲရေးအဖွဲ့များနှင့် အဆင့်ဆင့်သော အုပ်ချုပ်ရေးအဖွဲ့များကို လမ်းညွှန်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ ဆက်သွယ်ပေးခြင်းများ ပြုလုပ်ရပါသည်။

ပြည်ထောင်စု အစိုးရအဖွဲ့ဝင်များဖြစ်သည့် ပြည်ထောင်စုဝန်ကြီး တစ်ဦးချင်းသည်လည်း ပြည်ထောင်စုဝန်ကြီးဌာနတစ်ခုချင်း၏ လုပ်ငန်းတာဝန်များကို တာဝန်ခွဲဝေထမ်းဆောင်ရသည်။ ပြည်ထောင်စုဝန်ကြီးအသီးသီးသည် ပြည်ထောင်စုအစိုးရအဖွဲ့ကို တာဝန်ခံ၍ မိမိပြည်ထောင်စုဝန်ကြီးဌာနတစ်ခုစီအတွက် တာဝန်ယူရခြင်းဖြစ်ပါသည်။ အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေအရပ်ရပ်ကိုလည်း နိုင်ငံတော်သမ္မတထံသို့ မပြတ်ပြန်လည်တင်ပြအစီရင်ခံရသည်။

### ကမ္ဘာ့နိုင်ငံအသီးသီး၏ အစိုးရအဖွဲ့များ ဖွဲ့စည်းမှုပုံစံ

ကမ္ဘာ့နိုင်ငံအသီးသီးတွင် အစိုးရဖွဲ့စည်းပုံ (Forms Of Government)နှင့် စပ်လျဉ်း၍ အခေါ်အဝေါ်များမှာ နိုင်ငံအလိုက် ကွဲပြားခြားနားမှုများရှိပါသည်။ ဂျပန်၊ မလေးရှား၊ ပါကစ္စတန်၊ စင်ကာပူ၊ သီရိလင်္ကာ၊ အာဂျင်တီးနားနိုင်ငံများအစိုးရအဖွဲ့ကို ကက်ဘိနက် (Cabinet)ဟု ခေါ်ပါသည်။ အမေရိကန်၊ မက္ကဆီကို၊ အစ္စရေး(လ်)၊ အီရတ်၊ ပြင်သစ်နှင့် ဆွီဒင်နိုင်ငံများတွင် အစိုးရ (Government)ဟု ခေါ်ပါသည်။ အိန္ဒိယ၊ ထိုင်း၊ အီတလီ၊ လာအို၊ နီပေါ၊ ကျူးဘား၊ လက်ဘနွန်၊ အီဂျစ် စသည်တို့တွင် ဝန်ကြီးအဖွဲ့ (Council of Minister)ဟူ၍လည်းကောင်း၊ နယ်သာလန်၊ နော်ဝေ နိုင်ငံများတွင် (Council of State)ဟူ၍ လည်းကောင်း၊ ချီလီ၊ ဘရာဇီးနိုင်ငံတို့တွင် (Minister of State ) ဟူ၍ လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် (State Council)ဟူ၍လည်းကောင်း အခေါ်အဝေါ်များ ကွဲပြားခြားနားကြပါသည်။

ဗဟိုနှင့် ဒေသအစိုးရများကို အစိုးရအဖွဲ့အစည်း အဆင့်ဆင့်အတွင်း လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊ အာဏာခွဲဝေကျင့်သုံးခြင်း၊ အုပ်ချုပ်ရေးနယ်မြေ အဆင့်ဆင့်တည်ဆောက်ခြင်း စသည်တို့ကို နိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့် Statues များတွင် ထည့်သွင်းပြဋ္ဌာန်းထားကြသည်။ ပုံစံအားဖြင့် တစ်ပြည်ထောင်စနစ် (Unitary System) ကျင့်သုံးသောနိုင်ငံများ၊ ပြည်ထောင်စုစနစ်( Federal System)ကျင့်သုံးသောနိုင်ငံများနှင့် သမ္မတတာဝန်ခံစနစ် (Presidential Executive) ကျင့်သုံးသော နိုင်ငံများတွင် အစိုးရအဖွဲ့ ဖွဲ့စည်းမှုများ ကွဲပြားခြားနားကြောင်း တွေ့ရသည်။ ထို့ပြင် ဘုရင်စနစ်ကျင့်သုံးသော နိုင်ငံများတွင် နိုင်ငံအကြီးအကဲကို ရိုးရာအစဉ်အလာနှင့် အသက်ထက်ဆုံး ဆက်ခံခြင်းကိုလည်းကောင်း၊ သမ္မတနိုင်ငံ (Republic State) ကျင့်သုံးသောနိုင်ငံများတွင် နိုင်ငံအကြီးအကဲကို ကာလတစ်ခုသတ်မှတ်၍ ရွေးချယ်ကြကြောင်း တွေ့ရပါသည်။

ပါလီမန်စနစ် ကျင့်သုံးသောနိုင်ငံများတွင် အစိုးရ အုပ်ချုပ်ရေးအဖွဲ့ (Executive Body)ကို ပါလီမန် ဥပဒေပြု အမတ်အများစု၏ ရွေးချယ်မှုဖြင့် ဖွဲ့စည်းကြသည်။ အုပ်ချုပ်ရေးအဖွဲ့ကို ဥပဒေပြုအဖွဲ့က ဥပဒေနှင့်အညီ အဆိုပြုဖွဲ့စည်းရကြောင်း တွေ့ရသည်။ အစိုးရဖွဲ့စည်းမှုပုံစံတွင် အားလုံးတူညီသော အချက်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာနှင့် အခြားပြဋ္ဌာန်းချက်များတွင် အပြန်အလှန်ထိန်းကျောင်းခြင်း (Check and Balance) သဘောအရ အုပ်ချုပ်ရေးအဖွဲ့အစည်းကို ဥပဒေပြုအဖွဲ့ (Legislation) က ကြပ်မတ်စစ်ဆေးရန် ပြဋ္ဌာန်းထားကြသည်။ ပြည်သူ့အတွက် အစိုးရ၏ နိုင်ငံရေးဆိုင်ရာ ကျင့်သုံးမှုအပေါ် တိုင်းတာအကဲဖြတ်ရန်အတွက် ကာလသတ်မှတ်ပြီး ရွေးကောက်ပွဲစနစ်ဖြင့်လျှင် ထိန်းကျောင်းသည်။

### အစိုးရအဖွဲ့ကို ဘယ်လောက်ကြီးကြီးဖွဲ့မလဲ

အစိုးရအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ရာတွင် နိုင်ငံ၏ လူဦးရေအချိုးရာခိုင်နှုန်း (Percentage of Population)ကို အခြေခံ၍ လည်းကောင်း၊ အစိုးရအလုပ်လုပ်ကိုင်နေသော ဝန်ထမ်းဦးရေအချိုး (Total Employment Accounted For by Employment) ကို အခြေခံ၍လည်းကောင်း၊ နိုင်ငံတော်၏ GDP အချိုးအပေါ် အခြေခံ၍လည်းကောင်း၊ အစိုးရအဖွဲ့ ဖွဲ့စည်းမှု အကြီးအသေးပမာဏ(Size)ကို လိုအပ်သလို ဖွဲ့စည်းကြပါသည်။ ကမ္ဘာ့နိုင်ငံတော်တော်များများတွင် ဗဟိုအစိုးရများ ဖွဲ့စည်းရာတွင် နိုင်ငံ GDP ၏ ၃၅ ရာခိုင်နှုန်းကို တွက်ချက်ပြီး ဖွဲ့စည်းကြသည်။

လက်ရှိနိုင်ငံအချို့တွင် အစိုးရ၏ ဆန်းသစ်တီထွင်မှု (New – Inventing – Government) ပုံစံအရ အစိုးရဖွဲ့စည်းမှုကို သင့်တင့်လျောက်ပတ်သော အသုံးစရိတ်ကျခံ၍ သင့်လျော်သောပမာဏ (Size)ကိုအလေးထား ဖွဲ့စည်းဆောင်ရွက်ကြပါသည်။ အစိုးရတစ်ရပ် ဖွဲ့စည်းမှုနှင့်စပ်လျဉ်း၍ ပညာရှင်များက အကြံပြုသော နည်းလမ်းတစ်ရပ်မှာ နိုင်ငံတစ်ခု၏ အစိုးရတစ်ရပ်ဖွဲ့စည်းရာတွင် ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ အရင်းခံအကြောင်းမဟုတ်ဘဲ မှန်ကန်မျှတမှုရှိရန် အရေးကြီးသည်ဟု ဆိုပါသည်။ အဓိကအချက်မှာ ထိုအစိုးရသည် ပြည်သူ၏အကျိုးစီးပွားကို ထိထိရောက်ရောက် ဖြည့်ဆည်းရန်နှင့် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် လက်တွေ့ဖော်ဆောင်ရန်သာဖြစ်ပါသည်။

အစိုးရအဖွဲ့ငယ်လျှင် ဆုံးဖြတ်ချက်များ ဆုံးဖြတ်ရာတွင် သွက်လက်မှုရှိသော်လည်း သတင်းအချက်အလက် မပြည့်စုံခြင်းနှင့် တာဝန်ခံမှုအားနည်းပြီး အခက်အခဲပြဿနာပေါင်းစုံနှင့်လည်း ပတ်သက်နေရတတ်ပါသည်။ လိုတာထက်ပို၍ ကြီးလျှင်လည်း ညှိနှိုင်းပေါင်းစပ်ရန် မလွယ်ကူသည့်အပြင် အသုံးစရိတ်ကုန်ကျမှုများနိုင်ပါသည်။ အိန္ဒိယနိုင်ငံတွင် လူဦးရေများပြားခြင်းနှင့် နိုင်ငံရေးအခြေအနေကြောင့် အစိုးရအဖွဲ့ဝင် အမြောက်အမြား ဖွဲ့စည်းကြရသည်။ ဩစတြေးလျနှင့် အင်္ဂလန်နိုင်ငံများတွင် ငယ်ခြင်း၊ ကြီးခြင်းကို ဖြေရှင်းရန် အစိုးရအဖွဲ့ (Cabinet) ကို နှစ်ပိုင်းခွဲ၍ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် အစိုးရအဖွဲ့ဝင် မဟုတ်သော ဝန်ကြီးများဟု နှစ်မျိုးရှိပါသည်။ နေသဟာယနိုင်ငံများတွင် အစိုးရအဖွဲ့များကို ထိပ်တန်းနိုင်ငံရေးသမားများနှင့် စုစည်းထားပါသည်။ နိုင်ငံများတွင် အစိုးရအဖွဲ့ အစည်းအဝေးတွင် ဝန်ကြီးတာဝန်ပေးခံရသူသာ တက်ရောက်ခွင့်ရှိသော်လည်း အချို့နိုင်ငံများတွင် ဝန်ကြီးမကျန်းမာခြင်းနှင့် အခြားအကြောင်းများကြောင့် တက်ရောက်နိုင်ခြင်းမရှိလျှင် လက်အောက်ခံဝန်ကြီးများ(ဒုဝန်ကြီး)များကို တက်ရောက်ခွင့်ပြုကြပါသည်။

အထူးသဖြင့် ဗဟိုအစိုးရဝန်ကြီးဌာနများကို ပျမ်းမျှအရေအတွက်အားဖြင့် ၁၆ ခုကို အခြေခံထား၍ ဖွဲ့စည်းကြပါသည်။ အာဖရိက ၁၀ ခု၊ အရှေ့အလယ်ပိုင်းနှင့် မြောက်အာဖရိက ၂၀၊ အာရှ ၇ မှ ၃၅ ခု၊ လက်တင်အမေရိက ၁၁ မှ ၁၇ ခု၊ ပစိဖိတ်နိုင်ငံများ ၆ မှ ၁၆ ခု ဖြစ်ပါသည်။ ဝန်ကြီးဌာနများခြင်းဖြင့် ကုန်ကျစရိတ် ပိုမိုကုန်ကျပြီး ဌာနလျှော့ချခြင်းနှင့် ပေါင်းစပ်လျှင်လည်း အပြန်အလှန် ထိန်းကျောင်းမှုကို ပျက်စီးတတ်ပါသည်။

အထက်ပါ နိုင်ငံတကာဗဟိုအစိုးရဌာနများ ဖွဲ့စည်းမှုသည် ပုံသေကားကျမဟုတ်ပါ။ နိုင်ငံ၏ သီးခြားအခြေအနေအရပ်ရပ်ပေါ်တွင် အစိုးရအတွက် အမြုတေတန်ဖိုးများရရှိရန် အစိုးရအဖွဲ့အစည်းများကို သိပ်သည်းကျစ်လျစ်စွာဖြင့် နိုင်ငံနှင့် ပြည်သူ့အကျိုး သယ်ပိုးဆောင်ရွက်နိုင်ရန် ကိုယ်ကျင့်သိက္ခာရှိသော အစိုးရဝန်ထမ်းများ၊ အစိုးရစီမံခန့်ခွဲရေးမန်နေဂျာများအနေဖြင့် အကောင်းဆုံးစွမ်းဆောင်မှုဖြစ်စေရန် လုပ်ဆောင်ကြရမည်ဖြစ်ပါသည်။

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများ အောင်မြင်စွာ ဆောင်ရွက်ပြီးနောက် ပြည်ထောင်စုအစိုးရအဖွဲ့၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များနှင့် နိုင်ငံတော်အဆင့် အဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်သွားကြရမည်ဖြစ်ရာ ယခင်အစိုးရကာလများတွင် နိုင်ငံရေးရာထူးနေရာများအတွက် ၄၂၉ ဦးအထိ ခန့်အပ်တာဝန်ပေးခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။ အဆိုပါ ရာထူးနေရာများအတွက် လူမှန်၊ နေရာမှန် တာဝန်ပေးအပ်နိုင်ရေးနှင့် အရည်အချင်းနှင့် အတွေ့အကြုံရှိသူများ၊ ဆောင်ရွက်နိုင်စွမ်းရှိသူများ၊ နိုင်ငံတော်အပေါ် သစ္စာစောင့်သိ၍ မျိုးချစ်စိတ်ရှိသူများရရှိရေးကိုလည်း အဓိကထား ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

### တစ်ယောက်အားဖြင့် ယူသော်မရ တစ်သောင်းအားဖြင့် ယူသော်ရ၏

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများမှသည် ကောင်းမွန်ဖွံ့ဖြိုးတိုးတက်သော အနာဂတ်ဖော်ဆောင်နိုင်ရေးအတွက် ဂုဏ်သိက္ခာရှိသော လွှတ်တော်များနှင့် စွမ်းဆောင်ရည်မြင့်မားသော အစိုးရအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နိုင်ရန် နိုင်ငံရေးပါတီများအနေဖြင့် ရွေးကောက်ပွဲအလွန်ကာလတွင် မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒမဲများအရ လွှတ်တော်ကိုယ်စားလှယ်အသီးသီး ရရှိကြမည်ဖြစ်ရာ စွမ်းဆောင်ရည်မြင့်မားသော အစိုးရအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

တိုင်းချစ်ပြည်ချစ်စိတ်ဖြင့် လုပ်နိုင်ကိုင်နိုင်စွမ်းရှိသော အရည်အချင်းရှိသည့် လူပုဂ္ဂိုလ်နှင့် ခိုင်မာအားကောင်းသော နိုင်ငံရေးပါတီများကို မဲဆန္ဒရှင်ပြည်သူများက ရွေးချယ်ဆန္ဒမဲပေးကြခြင်းဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကြီးကို တည်ဆောက်နိုင်မည်ဖြစ်သည်။ အချုပ်ဆိုရသော် တစ်ယောက်အားဖြင့် ယူသော်မရ တစ်သောင်းအားဖြင့် ယူသော်ရ၏ဆိုသည့်အတိုင်း အနာဂတ်မြန်မာနိုင်ငံတော်ကြီးအတွက် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကြီး၏ အပိုင်းသုံးပိုင်းတွင် သက်ဆိုင်ရာ မဲဆန္ဒရှင်ပြည်သူများ ပါဝင်ဆန္ဒပြုမဲပေးခြင်းအင်အားဖြင့် အနာဂတ်မြန်မာနိုင်ငံတော်ကြီးကို တည်ဆောက်သွားကြပါစို့ဟု တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

**ရည်ညွှန်းချက်များ**

(၁) ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ။
(၂) ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ။
(၃) ဦးကျော် (အောင်မြတ်ကျော်)၊ နိုင်ငံတကာ ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့အစည်းများ စီမံခန့်ခွဲမှု လေ့လာခြင်း။
(၄) ဦးစိုးသိန်း၊ ဒီမိုကရေစီဒုတိယအစိုးရသစ်နှင့် မြန်မာနိုင်ငံ။

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကျင်းပ






**နေပြည်တော် ဒီဇင်ဘာ ၂၈**

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပပြီးစီးခဲ့သည့် အပိုင်း (၁) ရွေးကောက်ပွဲသို့ လာရောက်လေ့လာခဲ့ကြသည့် နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ Jasmine Nay Pyi Taw ဟိုတယ်၌ ကျင်းပသည်။

ဂုဏ်ပြုညစာစားပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးနှင့် ကော်မရှင်အဖွဲ့ဝင် ဦးမျိုးလှိုင်၊ ဖိတ်ကြားထားသည့် ဒုတိယဝန်ကြီးများ၊ ရွေးကောက်ပွဲလာရောက်စောင့်ကြည့်လေ့လာခဲ့ကြသည့် နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

**ဒီမိုကရေစီတန်ဖိုး ပေါ်လွင်ထင်ဟပ်စေ**

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ယနေ့သည် မိမိတို့နိုင်ငံ၏ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးအတွက် အရေးကြီးသည့် မှတ်တိုင်တစ်ခုဖြစ်ပါကြောင်း၊ မဲဆန္ဒရှင်ပြည်သူများ အနေဖြင့် မိမိမဲပေးပိုင်ခွင့်ကို အသုံးပြုပြီး ဆန္ဒထုတ်ဖော်ပြသနေကြသည့် ရွေးကောက်ပွဲအပိုင်း(၁) ပြီးဆုံးသည့်နေ့ပင်ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲဆိုသည်မှာ နိုင်ငံ့ခေါင်းဆောင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ ရွေးချယ်ခြင်းတစ်ခုတည်းအတွက် မဟုတ်ပါကြောင်း၊ ပြည်သူအားလုံး ပါဝင်ဆောင်ရွက်နိုင်မှု၊ လွတ်လပ်မှုနှင့် တရားမျှတမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု စသည့် ဒီမိုကရေစီ၏တန်ဖိုးများကို ပေါ်လွင်ထင်ဟပ်စေခြင်းဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲတွင် အဆွေတော်တို့ စုပေါင်းပါဝင်ဆောင်ရွက်ခဲ့မှုများကို ချီးကျူးမှတ်တမ်းတင်သည့်အနေဖြင့် ဂုဏ်ပြုညစာစားပွဲကျင်းပပြုလုပ်ရခြင်း ဖြစ်ပါကြောင်း။

ရွေးကောက်ပွဲကျင်းပသည့်လုပ်ငန်းစဉ်တစ်လျှောက် ဘက်မလိုက်ဘဲ စောင့်ကြည့်လေ့လာခဲ့ကြသည့် အဆွေတော်အားလုံးကို မြန်မာနိုင်ငံတော်အစိုးရနှင့် မြန်မာနိုင်ငံပြည်သူများကိုယ်စား အထူးပင်ကျေးဇူးတင်ရှိသည်ကို ပြောကြားလိုပါကြောင်း၊ အဆွေတော်တို့၏ စောင့်ကြည့်လေ့လာမှုများသည် လွတ်လပ်မှု၊ တရားမျှတမှုနှင့် ပွင့်လင်းမြင်သာမှုတို့ကို ခိုင်မာစေရုံသာမက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ မဲဆန္ဒရှင်ပြည်သူများနှင့် ရွေးကောက်ပွဲတွင် ပါဝင်သူအားလုံးအတွက် ယုံကြည်မှုကို ခိုင်မာစွာ တည်ဆောက်ပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း။

**ကောင်းမွန်သည့်အရွေ့တစ်ခုဖော်ဆောင်နိုင်မည်**

ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ မဲရုံအဖွဲ့ဝင်များ၊ လုံခြုံရေးဝန်ထမ်းများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ ရွေးကောက်ပွဲအောင်မြင်ရေးအတွက် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးခဲ့သူများ၊ နိုင်ငံရေးပါတီများ၊ အထူးသဖြင့် နိုင်ငံသားတစ်ဦး၏ တာဝန်သိစိတ်ဖြင့် လာရောက်မဲပေးခဲ့ကြသည့် မဲဆန္ဒရှင်ပြည်သူများ၏ကြိုးစားအားထုတ်မှုများကိုလည်း အဆွေတော်တို့ မျက်ဝါးထင်ထင် မှတ်ကျောက်တင်နိုင်ခဲ့ပြီဟုလည်း ယူဆပါကြောင်း၊ မိမိတို့နိုင်ငံ၏ စစ်မှန်ပြီးစည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို တည်ဆောက်ရာတွင် အထောက်အကူဖြစ်စေမည့် အဆွေတော်တို့၏ ကောင်းမွန်သည့်လေ့လာတွေ့ရှိချက်များနှင့် အကြံပြုချက်များကိုလည်း စောင့်မျှော်နေမည်ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်မှုသည် မြန်မာနိုင်ငံ၏ ကောင်းမွန်သည့် အရွေ့တစ်ခုကို ဖော်ဆောင်နိုင်မည်ဟု ယုံကြည်မျှော်လင့်မိပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌသည် တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြပြီး ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန ယဉ်ကျေးမှုအကအဖွဲ့၏ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆိုအကများဖြင့် ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

ဖျော်ဖြေတင်ဆင်မှုများအပြီးတွင် အနုပညာဦးစီးဌာနအဖွဲ့များကို ဂုဏ်ပြုပန်းခြင်းများနှင့် ဂုဏ်ပြုငွေများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)၌ မဲဆန္ဒရှင်ပြည်သူများ လွတ်လပ်စွာ ဆန္ဒမဲပေးမှုမြင်ကွင်းများ



၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၆ နာရီက စတင်ပြီး မဲရုံများဖွင့်လှစ်၍ ကျင်းပလျက်ရှိရာ ကချင်ပြည်နယ်အတွင်း ရွေးကောက်ပွဲအပိုင်း(၁)တွင် ပါဝင်သည့် မြစ်ကြီးနားမြို့နယ်အတွင်းရှိ မဲရုံများ၌ ပြည်သူများ ဆန္ဒမဲပေးခြင်းကို တည်ငြိမ်အေးချမ်းစွာ ဆောင်ရွက်လျက်ရှိစဉ်။
ပြည်နယ်(ပြန်/ဆက်)



ပျော်ဘွယ်မြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် ဆန္ဒမဲပေးခြင်းကို ဒီဇင်ဘာ ၂၈ ရက်နံနက် ၆ နာရီက သက်ဆိုင်ရာမဲရုံအသီးသီးတွင် ပြုလုပ်လျက်ရှိရာ မဲဆန္ဒရှင်ပြည်သူများ အများအပြားတန်းစီစောင့်ဆိုင်း၍ ဆန္ဒမဲပေးကြစဉ်။
မင်းမင်းထွေး(ပျော်ဘွယ်)

တနင်္သာရီတိုင်းဒေသကြီး ကရသူရီမြို့၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၆ နာရီတွင် မဲရုံးအသီးသီးအား စတင်ဖွင့်လှစ်ရာ မဲဆန္ဒရှင်ပြည်သူများက ကရသူရီရပ်ကွက် မဲရုံအမှတ်(၁)တွင် လာရောက်မဲပေးစဉ်။
ကရသူရီ(ပြန်/ဆက်)



စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ဒီဇင်ဘာ ၂၈ ရက်နံနက် ၆ နာရီတွင် မဲရုံများဖွင့်လှစ်ပြီး စတင်ကျင်းပလျက်ရှိရာ မဲရုံအသီးသီး၌ ပြည်သူများ စနစ်တကျတန်းစီ၍ အေးချမ်းပျော်ရွှင်စွာ ဆန္ဒမဲပေးစဉ်။
ခရိုင်(ပြန်/ဆက်)





ရှမ်းပြည်နယ်(တောင်ပိုင်း) ကျောက်တလုံးကြီးမြို့၌ ၂၀၂၅ ခုနှစ် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအုပ်စုအသီးသီးရှိမဲရုံများတွင် ဒီဇင်ဘာ ၂၈ ရက် နံနက် ၆နာရီက စတင်ကျင်းပရာ မဲဆန္ဒရှင်ပြည်သူများ အေးချမ်းစွာ မဲပေးစဉ်။
ဇော်နိုင်လင်း



၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁) ကို မြန်မာတစ်နိုင်ငံလုံးရှိ မြို့နယ်များ၌ နံနက် ၆ နာရီမှစ၍ သက်ဆိုင်ရာမဲရုံများ၌ ကျင်းပရာ ရေဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်အတွင်းရှိ ဆန္ဒမဲပေးရန်လာရောက်ကြသော ပြည်သူများ စနစ်တကျအေးချမ်းစွာဖြင့် ဆန္ဒမဲပေးစဉ်။
ဖြိုးဝေလင်း(ပြန်/ဆက်)



**နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်နှင့် တည်ငြိမ်အေးချမ်းရေးအတွက် အဆိုပါ နိုင်ငံတွင်ရှိသည့် ပြည်သူတစ်ဦးချင်းစီသည် အသိပညာ၊ အတတ်ပညာ၊ အတွေးအခေါ် ဗဟုသုတပြည့်ဝကြရန် လိုပါတယ်။ အထူးသဖြင့် မိမိတို့နိုင်ငံကဲ့သို့ ဒီမိုကရေစီစနစ်ကို ကူးပြောင်းနေသည့်အချိန်တွင် တိုင်းရင်းသားပြည်သူအားလုံး အနေဖြင့် အရာရာကို စဉ်းစားတွေးခေါ်နိုင်စွမ်းနှင့် အမှားအမှန်ကို ခွဲခြားသိရှိပြီး နိုင်ငံနှင့် လူမျိုးကောင်းကျိုးများကို သယ်ပိုးရွက်ဆောင်နိုင်ကြရန် အရေးကြီးပါတယ်။**

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၁၈-၉-၂၀၂၅ ရက်၊ ထားဝယ်မြို့တော်ခန်းမဖွင့်ပွဲတွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အမက(၂) မဲရုံ (၁) တွင် ပြည်သူများ လွတ်လပ်စွာ ဆန္ဒမဲပေးနေမှုကို မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံမှူးနှင့်အဖွဲ့ ကြည့်ရှုလေ့လာစဉ်။



ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် အထက(၄) မဲရုံ (၂) တွင် ပြည်သူများ လွတ်လပ်စွာ ဆန္ဒမဲ ပေးနေမှုကို မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. Navan Ivanhoe Saleh နှင့်အဖွဲ့ ကြည့်ရှုလေ့လာစဉ်။

## ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁) ကျင်းပ

## မဲဆန္ဒရှင်ပြည်သူများက လွှတ်တော်ကိုယ်စားလှယ်လောင်းများအား လွတ်လပ်စွာ ဆန္ဒမဲပေး ရွေးချယ်

**ရန်ကုန် ဒီဇင်ဘာ ၂၈**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၁)ကို ယနေ့နံနက် ၆ နာရီမှစတင်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိသတ်မှတ်ထားသည့် မဲရုံအသီးသီးတွင်ကျင်းပရာ မဲဆန္ဒရှင်ပြည်သူများက မိမိကြိုက်နှစ်သက်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းများအား လွတ်လပ်စွာ ဆန္ဒမဲလာရောက်ပေးခဲ့ကြသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁) ကျင်းပနေမှုများကို ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများကလည်း လွတ်လပ်စွာ သတင်းရယူလျက်ရှိပြီး ရန်ကုန်မြို့အခြေစိုက် နိုင်ငံခြားသံရုံးများမှ သံတမန်များနှင့် ပြည်တွင်း၊ ပြည်ပ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များကလည်း မဲဆန္ဒရှင်ပြည်သူများ လွတ်လပ်စွာ ဆန္ဒမဲလာရောက်ပေးနေမှု အခြေအနေများကို စောင့်ကြည့်လေ့လာခဲ့ကြသည်။

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၁)အဖြစ် ရန်ကုန်တိုင်းဒေသကြီးအတွင်း ကမာရွတ်၊ ကျောက်တံတား၊ တိုက်ကြီး၊ တွံတေး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ဗိုလ်တထောင်၊ မရမ်းကုန်း၊ မင်္ဂလာဒုံ၊ မှော်ဘီ၊ သဃ်္ဃန်းကျွန်း၊ သန်လျင်နှင့် အလုံမြို့နယ်တို့တွင် မဲရုံ ၁၃၁၃ ရုံ ဖွင့်လှစ်ကျင်းပခဲ့သည်။

ဆက်လက်၍ ဇန်နဝါရီ ၁၁ ရက်တွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အပိုင်း(၂)ကို ဗဟန်း၊ ပန်းဘဲတန်း၊ လသာ၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ဒေါပုံ၊ ပုဇွန်တောင်၊ လှိုင်၊ ရွှေပြည်သာ၊ ထန်းတပင်၊ လှည်းကူး၊ တောင်ဥက္ကလာပ၊ ကိုကိုးကျွန်း၊ ကြည့်မြင်တိုင်နှင့် အင်းစိန်မြို့နယ်တို့တွင် မဲရုံ ၁၁၇၁ ရုံဖြင့်လည်းကောင်း၊ ဇန်နဝါရီ ၂၅ ရက်တွင် အပိုင်း(၃)ကို ဒဂုံ၊ လမ်းမတော်၊ ဆိပ်ကြီး/ ခနောင်တို၊ ဒလ၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ မင်္ဂလာတောင်ညွန့်၊ သာကေတ၊ မြောက်ဥက္ကလာပ၊ တာမွေ၊ ရန်ကင်း၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွ၊ စမ်းချောင်း၊ လှိုင်သာယာ(အနောက်ပိုင်း)နှင့် လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်တို့တွင် မဲရုံ ၁၃၀၀ ဖြင့်လည်းကောင်း ဖွင့်လှစ်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်း ၄၅ မြို့နယ်တွင် မဲရုံပေါင်း ၃၇၈၄ ရုံ ဖွင့်လှစ်ထားကာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၄၉၃၈၈၂၃ ဦး ရှိပြီး နိုင်ငံရေးပါတီပေါင်း ၂၀ နှင့် တစ်သီးပုဂ္ဂလ ၄၆ ဦး စုစုပေါင်းလွှတ်တော်ကိုယ်စားလှယ်လောင်း ၉၈၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြမည် ဖြစ်သည်။

ယခုကျင်းပသည့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို လွတ်လပ်တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဖြစ်စေရန် မြန်မာအီလက်ထရောနစ်မဲပေးစက် (Myanmar Electronic Voting Machine – MEVM) ကို စတင်အသုံးပြုခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မဲရုံများတွင် မဲဆန္ဒရှင်ပြည်သူများ အဆင်ပြေချောမွေ့စွာ ဆန္ဒမဲပေးနိုင်ရန် သက်ဆိုင်ရာ မဲရုံမှူးများနှင့် အဖွဲ့ဝင်များ၊ ကြက်ခြေနီအသင်းအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသည်။

**သတင်းစဉ်**



ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အမက(၂) မဲရုံ (၁) တွင် ပြည်သူများ လွတ်လပ်စွာ ဆန္ဒမဲပေးနေမှုကို မြန်မာနိုင်ငံဆိုင်ရာ လာအိုသံရုံးမှ သံမှူးနှင့်အဖွဲ့၊ မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကိုကိုနှင့်အဖွဲ့ ကြည့်ရှုလေ့လာစဉ်။



ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် မဲရုံ (၁) တွင် ပြည်သူများ လွတ်လပ်စွာ ဆန္ဒမဲပေးနေမှုကို မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံရုံးမှ ဒုတိယအကြီးအကဲနှင့်အဖွဲ့ ကြည့်ရှုလေ့လာစဉ်။



လယ်ဝေးမြို့နယ်၌ ပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဆန္ဒမဲပေးသည်ကို တွေ့ရစဉ်။



ဇေယျာသိဒ္ဓိရပ်ကွက်၌ ပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဆန္ဒမဲပေးသည်ကို တွေ့ရစဉ်။

# ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁) ကျင်းပ

# မဲဆန္ဒရှင်ပြည်သူများ မိမိတို့ကြိုက်နှစ်သက်ရာ ကိုယ်စားလှယ်လောင်းများကို လွတ်လပ်စွာ ဆန္ဒမဲပေးရွေးချယ်

**နေပြည်တော် ဒီဇင်ဘာ ၂၈**

"အများယုံကြည်လက်ခံသည့် ရွေးကောက်ပွဲမှသည် ဒီမိုကရေစီ နိုင်ငံတော်သစ်ဆီသို့" ဆောင်ပုဒ်နှင့်အညီ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁) ကို ဒီဇင်ဘာ ၂၈ ရက်တွင် မြန်မာနိုင်ငံတစ်ဝန်းရှိ ရွေးကောက်ပွဲကျင်းပရန် ကြေညာထားသည့် မြို့နယ် ၁၀၂ မြို့နယ်၌ တစ်ချိန်တည်း တစ်ပြိုင်တည်းကျင်းပရာ မဲဆန္ဒရှင်ပြည်သူများက မိမိတို့နှစ်သက်ရာ ကိုယ်စားလှယ်လောင်းများကို လွတ်လပ်စွာ ဆန္ဒမဲပေးရွေးချယ်ကြသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ဇေယျာသီရိခရိုင် ဇေယျာသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်၊ ပျဉ်းမနားခရိုင် ပျဉ်းမနားမြို့နယ်နှင့် ဇမ္ဗူသီရိမြို့နယ်၊ လယ်ဝေးခရိုင် လယ်ဝေးမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်၊ ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ်နှင့် တပ်ကုန်းမြို့နယ်များရှိ သက်ဆိုင်ရာမဲရုံများတွင် မဲရုံးမှူးများနှင့် တာဝန်ရှိသူများက မဲရုံမဖွင့်လှစ်မီ မဲပုံးများအား နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်း ပြည်ပမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များအား ပြသ၍ လုံခြုံရေးကြိုးတပ်ဆင်ပြီး နံနက် ၆ နာရီတိတိတွင် မဲရုံမှူးက မဲရုံကို ဖွင့်လှစ်ကြောင်း ကြေညာသည်။

ထို့အတူ သက်ဆိုင်ရာ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့်အဖွဲ့ဝင်များက နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်း၊ ပြည်ပမှ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်သူများ၏ရှေ့မှောက်တွင် မဲမသမာမှုများ ကင်းစင်စေရန်နှင့် မဲပေးမှုလုပ်ငန်းစဉ်များ ပိုမိုတိကျမြန်ဆန်စေရန်အတွက် အသုံးပြုထားသည့် မြန်မာအီလက်ထရောနစ်မဲပေးစက် (Myanmar Electronic Voting Machine – MEVM)၊ ထိန်းချုပ်စက် (Control Unit) နှင့် ဆန္ဒပြုစက် (Ballot Unit) များအား စစ်ဆေးပြသခြင်းကို ဆောင်ရွက်ကြသည်။

မဲဆန္ဒရှင်ပြည်သူများသည် နံနက် ၆ နာရီ မတိုင်မီကတည်းက ဆန္ဒမဲပေးရန် သက်ဆိုင်ရာမဲရုံများအလိုက် လာရောက်တန်းစီစောင့်ဆိုင်းကြပြီး မဲရုံဖွင့်လှစ်ချိန်တွင် နိုင်ငံသားစိစစ်ရေးကတ်နှင့်အတူ မဲစာရင်းနံပါတ်များတိုက်ဆိုင်စိစစ်၍ လျှို့ဝှက်ဆန္ဒပြုခန်းများ၌ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်နေရာတို့အတွက် ဝင်ရောက်ယှဉ်ပြိုင်ကြသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများထဲမှ မိမိတို့နှစ်သက်ရာ ကိုယ်စားလှယ်လောင်းများကို MEVM စက်အသုံးပြု၍ လွတ်လပ်စွာ ဆန္ဒမဲပေးကြသည်။

မဲရုံများအလိုက် လာရောက်ဆန္ဒမဲပေးကြသည့် ပြည်သူများ လွတ်လပ်လုံခြုံအေးချမ်းစွာ လျှို့ဝှက်ဆန္ဒမဲပေးနိုင်ခြင်း ရှိ၊ မရှိကို ပြည်တွင်း ပြည်ပရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များက လာရောက်စောင့်ကြည့်ကြပြီး ပြည်တွင်း ပြည်ပသတင်းမီဒီယာများကလည်း လွတ်လပ်စွာ သတင်းရယူကြသည်။

မဲပေးမှုပြီးဆုံးချိန်တွင် မဲရုံမှူးများနှင့် အဖွဲ့ဝင်များသည် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ ရှေ့မှောက်၌ မဲပေးစက် (Control Unit) မှ ရလဒ်များကို ထုတ်ယူကာ စနစ်တကျ ရေတွက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြသည်။

ယနေ့ ကျင်းပသည့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ နိုင်ငံတစ်ဝန်း၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင် စုစုပေါင်း ၂၄ ဒသမ ၂၆ သန်းကျော်ရှိပြီး မဲဆန္ဒနယ် ၆၉၂ နယ်၌ နိုင်ငံရေးပါတီများအနေဖြင့် ပြည်ထောင်စုတစ်ဝန်းလုံးတွင် ယှဉ်ပြိုင်သည့် ပါတီ ခြောက်ပါတီ၊ တိုင်းဒေသကြီး၊ ပြည်နယ်တစ်ခုအတွင်းတွင် ယှဉ်ပြိုင်သည့် ပါတီ ၅၁ ပါတီ စုစုပေါင်း ၅၇ ပါတီမှ ကိုယ်စားလှယ်လောင်း ၄၈၆၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

ထို့အတူ နေပြည်တော် ပြည်ထောင်စုနယ်မြေအတွင်း ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင် စုစုပေါင်း ၉၀၉၈၃၂ ရှိပြီး ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် ရှစ်နယ်နှင့် အမျိုးသားလွှတ်တော် မဲဆန္ဒနယ် တစ်နယ် စုစုပေါင်း မဲဆန္ဒနယ်ကိုးနယ်၌ မဲရုံစုစုပေါင်း ၆၂၆ ရုံတွင် ဝင်ရောက်ယှဉ်ပြိုင်သည့် တစ်သီးပုဂ္ဂလ ငါးဦးအပါအဝင် နိုင်ငံရေးပါတီ ခုနစ်ပါတီမှ စုစုပေါင်း ကိုယ်စားလှယ်လောင်း ၇၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ဗလသိဒ္ဓိရပ်ကွက်၌ ပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဆန္ဒမဲပေးသည်ကို တွေ့ရစဉ်။



ပုဗ္ဗသီရိမြို့နယ်၌ ပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဆန္ဒမဲပေးသည်ကို တွေ့ရစဉ်။



မင်္ဂလာဒီပရပ်ကွက်၌ ပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဆန္ဒမဲပေးသည်ကို တွေ့ရစဉ်။



ရွာကောက်ရပ်ကွက်၌ ပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဆန္ဒမဲပေးသည်ကို တွေ့ရစဉ်။

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၁)စတင်ကျင်းပ

## မန္တလေးတိုင်းဒေသကြီး မြို့နယ်ရှစ်မြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ အေးချမ်းလွတ်လပ်စွာဖြင့် ဆန္ဒမဲပေး



မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ စိတ်အေးချမ်းစွာ လာရောက်ဆန္ဒမဲပေးနေမှုကို တွေ့ရစဉ်။

**မန္တလေး ဒီဇင်ဘာ ၂၈**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၁) ကို ယနေ့တွင် တစ်နိုင်ငံလုံးရှိ ရွေးကောက်ပွဲကျင်းပရန် သတ်မှတ်ထားသည့် နယ်မြေများ၌ နံနက် ၆ နာရီမှ ညနေ ၄ နာရီအထိ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မဲဆန္ဒရှင်ပြည်သူများအနေဖြင့်လည်း သတ်မှတ်မဲရုံအသီးသီး၌ စိတ်အေးချမ်းလွတ်လပ်စွာဖြင့် ဆန္ဒမဲများ ပေးခဲ့ကြသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သက်ဆိုင်ရာ မြို့နယ်၊ ရပ်ကွက်များ၌ မဲရုံများကို နံနက် ၆ နာရီမှ စတင်၍ စနစ်တကျဖွင့်လှစ်ပေးခဲ့ပြီး မဲဆန္ဒရှင်ပြည်သူများကလည်း စိတ်အားထက်သန်စွာဖြင့် မဲရုံ၏ စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာကာ ဆန္ဒမဲများပေးခဲ့ကြပြီး မဲဆန္ဒရှင်ပြည်သူများ စိတ်အေးချမ်းစွာ မဲပေးနိုင်ရေးအတွက် မဲရုံတာဝန်ကျဝန်ထမ်းများနှင့် တာဝန်ရှိသူများက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးကြသည်။

ယနေ့ကျင်းပသည့် ရွေးကောက်ပွဲအပိုင်း(၁) တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ ပြင်ဦးလွင်မြို့နယ်၊ ကျောက်ဆည်မြို့နယ်၊ ညောင်ဦးမြို့နယ်၊ ရမည်းသင်းမြို့နယ်၊ ပျော်ဘွယ်မြို့နယ်နှင့် မိတ္ထီလာမြို့နယ် စသည့် မြို့နယ်ရှစ်မြို့နယ်တို့ပါဝင်ပြီး အဆိုပါမြို့နယ်ရှစ်မြို့နယ်တွင် မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပေါင်း ၁၃၀၀၀၀၀ ကျော် အတွက် မဲရုံပေါင်း ၁၂၄၂ ကို စနစ်တကျဖွင့်လှစ်ထားရှိကာ နိုင်ငံရေးပါတီကိုးခုနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်သုံးဦးတို့ ဝင်ရောက်ယှဉ်ပြိုင် အရွေးချယ်ခံကြကြောင်း သိရသည်။

တိုင်းဒေသကြီးအတွင်းရှိပြည်သူများ အဆင်ပြေချောမွေ့စွာ မဲပေးနိုင်ရေးအတွက် ဆောင်ရွက်ထားရှိသည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်သန်းထွန်းက "အရင်ရက်တွေမှာတော့ ကြိုတင်မဲပေးတဲ့ လုပ်ငန်းစဉ်တွေကို စနစ်တကျနဲ့ အောင်မြင်စွာဆောင်ရွက်ပြီးပါပြီ။ ဒီနေ့ကျင်းပတဲ့ ရွေးကောက်ပွဲမှာလည်း ပြည်သူတွေ လွတ်လွတ်လပ်လပ်နဲ့ စိတ်အေးချမ်းသာစွာ မဲပေးနိုင်ဖို့ စီစဉ်ဆောင်ရွက်ထားပြီး ရွေးကောက်ပွဲအပိုင်း(၂)ကိုလည်း သတ်မှတ်ထားတဲ့ ညွှန်ကြားချက်တွေနဲ့အညီ ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။ ရွေးကောက်ပွဲဆိုတာ ဒီမိုကရေစီစနစ်မှာ မလွဲမသွေ ဖြတ်သန်းရတဲ့ အခြေခံအုတ်မြစ်ဖြစ်ပါတယ်။ နိုင်ငံသားအားလုံး အနေနဲ့ ရွေးကောက်ပွဲကြီး အောင်မြင်ဖို့အတွက် အသည်းကြားက မဲတစ်ပြားကို သက်ဆိုင်ရာလွှတ်တော်များအလိုက် ပေးကြစေလိုပါတယ်။ ဒီလိုမဲပေးခြင်းဖြင့် တာဝန်ကျေတဲ့နိုင်ငံသားတစ်ယောက်ဖြစ်အောင် ကြိုးပမ်းပေးကြစေလိုပါတယ်" ဟုပြောသည်။

မန္တလေးမြို့ အောင်မြေသာစံမြို့နယ်၊ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း၌ မဲရုံမှူးတာဝန်ထမ်းဆောင်နေသည့် ဒေါ်ချောစုကြည်ကလည်း "ကျွန်မတို့မဲရုံကတော့ မဲရုံအမှတ်(၁) ဖြစ်ပါတယ်။ မဲရုံတာဝန်ကျသူ ၁၂ ဦးရှိပါတယ်။ မဲရုံကြိုတင်မှုတွေအနေနဲ့ စက်ပိုင်းဆိုင်ရာ၊ မီးဘေး၊ လုံခြုံရေးအားလုံးကို ပြင်ဆင်ထားပါတယ်။ မဲပေးစက်အနေနဲ့လည်း လေးလုံးပြင်ဆင်ထားပါတယ်။ ကျွန်မတို့မဲရုံမှာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၂၀၇၂ ဦး ရှိပါတယ်။ ကြိုတင်မဲကတော့ ၆၁ ဦးရှိပါတယ်။ ကျွန်မတို့မဲရုံမှာ ပြည်သူတွေ စိတ်ချမ်းသာစွာ မဲပေးနိုင်ဖို့ စီစဉ်ထားတဲ့အတွက် မဲလာရောက်ပေးကြဖို့ ဖိတ်ခေါ်ပါတယ်" ဟုပြောသည်။

ယခုရွေးကောက်ပွဲတွင် မဲမသမာမှုများ ကင်းစင်စေရန်နှင့် မဲပေးမှုလုပ်ငန်းစဉ်များ ပိုမိုတိကျမြန်ဆန်စေရန်အတွက် မြန်မာအီလက်ထရောနစ်မဲပေးစက် (Myanmar Electronic Voting Machine – MEVM) ကို အသုံးပြုသည့်အတွက် ပြည်သူများအနေဖြင့် မိမိတို့နှစ်သက်သည့် နိုင်ငံရေးပါတီ သို့မဟုတ် ကိုယ်စားလှယ်လောင်း၏ အမည်နှင့် အမှတ်တံဆိပ်ဘေးရှိ ခလုတ်ကိုနှိပ်၍ လွယ်ကူလျင်မြန်စွာ ဆန္ဒမဲပေးခဲ့ကြသည်။

မဲလာရောက်ပေးသည့် အောင်မြေသာစံမြို့နယ်မှ ဦးမင်းဟန်ကျော်က "အခုလို မဲပေးစက်နဲ့ မဲပေးရတဲ့အတွက် အဆင်ပြေလွယ်ကူပါတယ်။ ယခင်ကလည်း မဲပေးခဲ့ဖူးပါတယ်။ အရင်ကထက်စာရင် အခုလို စက်ခလုတ်နှိပ်ပြီး မဲပေးရတာ ပိုပြီးရှင်းလင်းလွယ်ကူမြန်ဆန်ပါတယ်။ တာဝန်ရှိသူတွေကလည်း မဲပေးတဲ့သူတွေ အခက်အခဲမရှိအောင် လိုအပ်တာတွေကို လိုက်လံရှင်းလင်းပြသပေးပါတယ်။ မဲပေးတဲ့အခါမှာလည်း လွတ်လပ်ပါတယ်။ ကိုယ်မဲပေးခဲ့တဲ့ သူတွေကလည်း အရင်ကတည်းက သူတို့ဆောင်ရွက်ပေးမယ့်အရာတွေကို ပြည်သူလူထု သိရှိအောင် ပြောထားပြီးသားဖြစ်တဲ့အတွက် ပြောထားတဲ့အတိုင်း လုပ်ဆောင်သွားမယ်လို့ ယုံကြည်ပါတယ်" ဟု ပြောသည်။

မဲလာရောက်ပေးသည့် ဒေါ်မော်မော်စန်းကလည်း "ဒီနေ့ မဲပေးရတာအလွန်ကို အဆင်ပြေချောမွေ့ပါတယ်။ အခက်အခဲလည်းမရှိခဲ့ပါဘူး။ မဲရုံတာဝန်ရှိသူတွေကလည်း လိုအပ်တာတွေကို ကူညီဆောင်ရွက်ပေးပါတယ်။ မဲပေးပြီးပြီဆိုတော့ နိုင်ငံသားတစ်ယောက် တာဝန်ကျေပွန်သွားပြီလို့ ခံစားရတဲ့အတွက် အလွန်ကိုပျော်ရွှင်မိပါတယ်။ မဲပေးစက်နဲ့ပေးရတဲ့အပေါ်မှာလည်း ယုံကြည်မှု အပြည့်ရှိပါတယ်။ ကျွန်မရဲ့အသက်(၅၅)နှစ်မှာ မဲထပ်ပေးရတဲ့အတွက်လည်း ဝမ်းသာမိပါတယ်" ဟု ပြောသည်။

မဲပေးမှု နောက်ဆုံးသတ်မှတ်ပေးထားသည့် ညနေ ၄ နာရီတွင် မဲရုံများပိတ်သိမ်းပြီးနောက် မဲပေးစက်မှ ထွက်ရှိလာသော ရလဒ်များကို သက်ဆိုင်ရာ မဲရုံအသီးသီးတွင် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ မဲရုံအဖွဲ့ဝင်များ၊ ပြည်တွင်း၊ ပြည်ပမှ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်သူများ၏ ရှေ့မှောက်၌ ရေတွက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

ယနေ့ကျင်းပသည့် ရွေးကောက်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့လွှတ်တော်နေရာ၊ အမျိုးသားလွှတ်တော်နေရာ၊ တိုင်းဒေသကြီးလွှတ်တော်နေရာနှင့် တိုင်းရင်းသားလူမျိုးလွှတ်တော်နေရာတို့အတွက် ပါတီအသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်လောင်းများ ဝင်ရောက်ယှဉ်ပြိုင်အရွေးချယ်ခံခဲ့ကြကြောင်း သိရသည်။

**မောင်အေးချမ်း**



ဦးကျော်သန်းထွန်း



မဲရုံမှူး ဒေါ်ချောစုကြည်



ဆန္ဒမဲလာပေးသူ ဦးမင်းဟန်ကျော်



ဆန္ဒမဲလာပေးသူ ဒေါ်မော်မော်စန်း



## ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက် အမှတ် ၂ မဲရုံသို့ နိုင်ငံတကာ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်သူများကြည့်ရှုလေ့လာ

**နေပြည်တော် ဒီဇင်ဘာ ၂၈**

ဒီဇင်ဘာ ၂၈ ရက်တွင် ပြုလုပ်လျက်ရှိသည့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက် အမှတ် ၂ မဲရုံ၌ အများပြည်သူများ စနစ်တကျနှင့် လွတ်လပ်စွာ ဆန္ဒမဲပေးနေမှုများကို နိုင်ငံတကာရွေးကောက်ပွဲ လေ့လာရေးအဖွဲ့ဝင် များနှင့် သံတမန်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ လာရောက်လေ့လာလျက်ရှိကြောင်း သိရသည်။

မြို့နယ်
(ပြန်/ဆက်)

နိုင်ငံတစ်ဝန်း
စိမ်းလန်းဖို့
သစ်ပင်စိုက်ပျိုး
ထိန်းသိမ်းစို့။

# ပြည်သူတွေက အခုလို စိတ်အားထက်သန်စွာ မဲပေးနေတာ နိုင်ငံကို ပိုမိုကောင်းမွန်စေလိုတဲ့ စိတ်ဆန္ဒရှိတယ်ဆိုတာ တွေ့ရပါတယ်

**ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ**

နံနက် ၆ နာရီတွင် မဲရုံဖွင့်လှစ်မည်ဖြစ်သော်လည်း နံနက် ၅ နာရီဝန်းကျင်မှစတင်ကာ မဲဆန္ဒရှင်ပြည်သူများသည် ဒီဇင်ဘာ၏ အအေးဒဏ်ကို အန်တု၍ တဖွဲဖွဲရောက်ရှိလာကြသည်။ ပြည်သူများသည် သက်ဆိုင်ရာမဲရုံများအလိုက် ဆန္ဒမဲပေးရန် စိတ်အားထက်သန်စွာ တန်းစီစောင့်ဆိုင်းကြပြီး မဲရုံဖွင့်သည်နှင့် လွတ်လပ်စွာ ဆန္ဒမဲများ ပေးခဲ့ကြသည်။

မဲဆန္ဒရှင်ပြည်သူများ၏ အနာဂတ်အတွက် မျှော်မှန်းချက်၊ ရွေးကောက်ပွဲနှင့်ပတ်သက်၍ အသိပညာပြည့်ဝမှု (Voter Education)၊ မဲပေးစဉ် ကြုံတွေ့ရသည့် အခက်အခဲ၊ လွတ်လပ်စွာ မဲပေးနိုင်မှုရှိ/မရှိ အခြေအနေတို့ကို နိုင်ငံတကာနှင့် ပြည်တွင်း အခြေစိုက်နိုင်ငံခြားသံရုံးများမှ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများက ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ မဲရုံများသို့ သွားရောက်၍ စောင့်ကြည့်လေ့လာဆွေးနွေးမှုများ ဆောင်ရွက်ကြသည်။

ထို့ပြင် မဲရုံမှူးများ၊ ကိုယ်စားလှယ်လောင်းများနှင့်တွေ့ဆုံကာ ဆန္ဒမဲပေးရန် ဆောင်ရွက်ထားသည့်လုပ်ငန်းစဉ်အဆင့်ဆင့်၊ အီလက်ထရောနစ် မဲပေးစက်အသုံးပြု၍ လွယ်ကူလျင်မြန်စွာမဲပေးနိုင်မှုအပါအဝင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းလေ့လာကြသည်။

ထိုသို့ စောင့်ကြည့်လေ့လာမှုများ ဆောင်ရွက်ခဲ့ကြသည့် နိုင်ငံတကာနှင့် နိုင်ငံခြားသံရုံးများမှ တာဝန်ရှိသူများ၏ မြန်မာနိုင်ငံ၏ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကျင်းပနေမှုနှင့် ပတ်သက်၍ သဘောထားအမြင်များကို စုစည်းဖော်ပြလိုက်ရပါသည်။

**H.E Mr. Sholban Kara-Ool**

**ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ**

မြန်မာနိုင်ငံက ရွေးကောက်ပွဲကျင်းပနေတာကို နိုင်ငံတကာစောင့်ကြည့်လေ့လာသူအနေနဲ့ လာရောက်လေ့လာခွင့်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ပြည်သူတွေ ဆန္ဒမဲပေးဖို့ တန်းစီစောင့်ဆိုင်းပြီး မှန်ကန်တဲ့အစိုးရတစ်ရပ်ကို ရွေးချယ်နေတယ်၊ အနာဂတ်ကို ရွေးချယ်နေတယ်ဆိုတာ ကြည့်ရုံနဲ့ သိရပါတယ်။ နိုင်ငံ့အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုယ်တိုင်လည်း လာရောက်စစ်ဆေးကြီးကြပ်နေတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် ပြည်သူတွေရော နိုင်ငံ့ခေါင်းဆောင်တွေပါ ရွေးကောက်ပွဲကို စိတ်အားထက်သန်ကြတယ်ဆိုတာ တွေ့ရတယ်။ ပြည်သူတွေက သူတို့အတွက် ခေါင်းဆောင်၊ မှန်ကန်တဲ့အစိုးရကို လျှို့ဝှက်စွာ ဆန္ဒမဲပေးရွေးချယ်နေကြတယ်။

ဒီလိုဆန္ဒမဲပေးနိုင်အောင်လည်း စနစ်တကျ စီစဉ်ထားတာတွေ့ရပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာလည်း ရွေးကောက်ပွဲကို ဒီလိုပုံစံအတိုင်း ကျင်းပပါတယ်။ အခုလို ကျင်းပနိုင်ခြင်းက စစ်မှန်တဲ့အစိုးရတစ်ရပ်ထွက်ပေါ်လာမယ်ဆိုတာ ယုံကြည်ပါတယ်။ ကျွန်တော်မြင်ရတာ ဒီရွေးကောက်ပွဲမှာ ပါတီတွေ အများကြီး ဝင်ရောက်ယှဉ်ပြိုင်တာ တွေ့ရပါတယ်။ ပါတီရဲ့မူဝါဒတွေအပေါ်မှာ ပြည်သူတွေက နိုင်ငံအတွက် သင့်လျော်မယ့်ခေါင်းဆောင်ကို ဆုံးဖြတ်ရွေးချယ်နေကြတယ်။ ဒီစနစ်က ဒီမိုကရေစီလမ်းကြောင်းကိုသွားမယ်ဆိုရင် အင်မတန်ကောင်းမွန်တဲ့စနစ်ဖြစ်ပါတယ်။ ပြည်သူတွေက အခုလို စိတ်အားထက်သန်စွာ မဲပေးနေတာ နိုင်ငံကို ပိုမိုကောင်းမွန်စေလိုတဲ့ စိတ်ဆန္ဒရှိတယ်ဆိုတာ တွေ့ရပါတယ်။ ရွေးကောက်ပွဲကို အောင်မြင်အောင် ပြုလုပ်နေတယ်။ နိုင်ငံ့အကြီးအကဲတွေကလည်း ဒီလိုအခြေအနေဖြစ်အောင် စိတ်အားထက်သန်စွာ ဖန်တီးပေးကြတယ်။ ရွေးကောက်ပွဲအလွန်မှာ လွှတ်တော်တွေပေါ်လာမယ်၊ အစိုးရအဖွဲ့တွေ ဖွဲ့စည်းဆောင်ရွက်ကြမယ်။ နိုင်ငံတည်ငြိမ်အေးချမ်းအောင် အစိုးရသစ်က ဆက်လက်ဆောင်ရွက်မှာဖြစ်ပြီး ဒီကတစ်ဆင့် ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်ကြီးကို လုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။



H.E Mr. Sholban Kara-Ool (ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ )



Mr.Siarhei MIALESHKIN
(ဘယ်လာရုစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော် အမြဲတမ်းကောင်စီဝင်)



Mr. Yerman Mukhtar
(ကာဇက်စတန်နိုင်ငံ ရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌ)



H.E. Mr. Mario Jose Armengol Campos
(ဗီယက်နမ်နိုင်ငံ ဟန္ဒိုင်းမြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွါသံအမတ်ကြီး)

**Mr.Siarhei MIALESHKIN**

**ဘယ်လာရုစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော် အမြဲတမ်းကောင်စီဝင်**

ဒီနေ့ မြန်မာနိုင်ငံမှာ ရွေးကောက်ပွဲကျင်းပနေတာကို လာရောက်လေ့လာတာဖြစ်ပါတယ်။ အခုလိုလိုက်ပြီး စောင့်ကြည့်လေ့လာတဲ့အခါ မဲပေးဖို့လာတဲ့လူတွေက စိတ်ဝင်တစားနဲ့ တက်တက်ကြွကြွရှိကြတယ်။ မဲပေးဖို့ စီစဉ်ထားတဲ့ လုပ်ငန်းစဉ်အဆင့်ဆင့်ကလည်း ဥပဒေနဲ့အညီ စနစ်တကျရှိတာကို တွေ့ရပါတယ်။ မဲပေးတဲ့ပြည်သူတွေ စိတ်အေးချမ်းသာစွာ မဲပေးနိုင်အောင်၊ အဆင်ပြေအောင် စီစဉ်ဆောင်ရွက်ထားတာလည်း တွေ့ရပါတယ်။ ပြည်သူတွေကလည်း သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေအတိုင်း ဆန္ဒမဲပေးနေကြတာတွေ့ရပါတယ်။

**Mr. Yerman Mukhtar**

**ကာဇက်စတန်နိုင်ငံ ရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌ**

ဒီလိုရွေးကောက်ပွဲကျင်းပနိုင်တဲ့အတွက် ဂုဏ်ယူဝမ်းမြောက်တယ်ဆိုတာ အရင်ဆုံးပြောကြားလိုပါတယ်။ ရွေးကောက်ပွဲကော်မရှင်အနေနဲ့ ရွေးကောက်ပွဲ အောင်အောင်မြင်မြင်ဆောင်ရွက်နိုင်ဖို့ အကောင်းဆုံးဖြစ်အောင် စီမံဆောင်ရွက်ထားတာ တွေ့ရပါတယ်။ နောက်တစ်ချက်က ပြည်သူတွေအနေနဲ့ ရွေးကောက်ပွဲကို စိတ်ဝင်စားကြတယ်။ လာရောက်မဲပေးတဲ့သူတွေထဲမှာ လူငယ်တွေအများအပြား တွေ့ရပါတယ်။ ဒါကလည်း ကောင်းမွန်တဲ့အချက်ဖြစ်ပါတယ်။ မဲရုံတွေမှာ ပြည်သူတွေ အေးအေးချမ်းချမ်း မဲပေးလို့ရအောင် လုပ်ဆောင်ထားတာကိုတွေ့ရပြီး အီလက်ထရောနစ်မဲပေးစက်ကို အသုံးပြုပြီး မဲပေးကြတာကိုလည်း တွေ့ရပါတယ်။

**H.E. Mr. Mario Jose Armengol Campos**

**ဗီယက်နမ်နိုင်ငံ ဟန္ဒိုင်းမြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွါသံအမတ်ကြီး**

မြန်မာနိုင်ငံရဲ့ ရွေးကောက်ပွဲကျင်းပနေမှုကို အခုလိုလာရောက်လေ့လာခွင့်ရတဲ့အတွက် ဂုဏ်ယူပါတယ်။ လေ့လာရတဲ့အခါ မဲဆန္ဒရှင်ပြည်သူတွေက စိတ်လက်အေးချမ်းစွာ၊ လွတ်လပ်စွာ စနစ်တကျ ဆန္ဒမဲပေးနိုင်တာတွေ့ရတယ်။ အီလက်ထရောနစ်မဲပေးစက်အသုံးပြုပြီး မဲပေးတဲ့စနစ်ကလည်း အင်မတန်ကောင်းမွန်တဲ့ နည်းလမ်းတစ်ခုဖြစ်ပါတယ်။ ဒါကိုအသုံးပြုခြင်းအားဖြင့် ပိုမိုလုံခြုံစွာ မဲပေးနိုင်ပြီး ရလဒ်တွေကိုလည်း လျင်လျင်မြန်မြန် ရေတွက်နိုင်မှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ရွေးကောက်ပွဲကို အခုလို အောင်အောင်မြင်မြင် ကျင်းပနိုင်ခြင်းက မြန်မာပြည်သူတွေအတွက် ကောင်းမွန်တဲ့ အနာဂတ်ဖော်ဆောင်နိုင်မယ်လို့ ထင်မြင်ပါတယ်။

"အများယုံကြည်လက်ခံသည့် ရွေးကောက်ပွဲမှသည် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့" ဆောင်ပုဒ်နှင့်အညီ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကို အပိုင်း(၁)အတွက် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် မြို့နယ် ၁၀၂ မြို့နယ်၊ အပိုင်း ( ၂ )အတွက် ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် မြို့နယ် ၁၀၀ နှင့် အပိုင်း ( ၃ ) အ တွက် ၂၀၂၆ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် မြို့နယ် ၆၃ မြို့နယ်တို့၌ အောင်မြင်စွာ ကျင်းပသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကို လွတ်လပ်မှု၊ တရားမျှတမှု၊ ပွင့်လင်းမြင်သာမှုရှိသည့် ရွေးကောက်ပွဲများ ဖြစ်ပေါ်စေရန် ကြိုးပမ်းဆောင်ရွက်နေမှုအပေါ် နိုင်ငံတကာ အသိုက်အဝန်းက အားပေးထောက်ခံမှုကို ဖော်ပြသည့်အနေဖြင့် နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူပေါင်း ၁၆၂ ဦးက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအပိုင်းလိုက် အောင်မြင်စွာ ကျင်းပနေမှုများကို ပါဝင်စောင့်ကြည့်လေ့လာကြမည်ဖြစ်ကြောင်း သိရသည်။

**အင်တာဗျူး- သူရကျော်စွာ**

**ဓာတ်ပုံ- ဖိုးပြည့်စုံ**

# ကိုယ့်နိုင်ငံအတွက် တကယ်အလုပ်လုပ်ပေးမယ့်သူတွေကို လူငယ်တစ်ဦးအနေနဲ့ ပါဝင်ဆန္ဒပြုခွင့်ရတဲ့အပေါ် ဝမ်းသာမိပါတယ်

မသီသီဝင်း (ဥတ္တရသီရိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်)

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက် ပွဲ အပိုင်း(၁) ကို ဒီဇင်ဘာ ၂၈ ရက်တွင် မြန်မာနိုင်ငံတစ်ဝန်းရှိ မြို့နယ် ၁၀၂ မြို့နယ်၌ ကျင်းပပြီး မဲဆန္ဒရှင်ပြည်သူများက လွတ်လပ်စွာ ဆန္ဒမဲပေးခဲ့ကြသည်။

ပြည်သူများ၏ ဆန္ဒမဲများမှတစ်ဆင့် အစိုးရသစ်နှင့် နိုင်ငံရေးအခင်းအကျင်းသစ် ပေါ်ပေါက်လာတော့မည်ဖြစ်သည်။ ထို့အတွက် ကိုယ်တိုင်ကိုယ်ကျ လွတ်လပ်စွာ ဆန္ဒပြုမဲပေးခဲ့ကြသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ မဲဆန္ဒရှင်ပြည်သူများ၏ မျှော်လင့်ချက်စကားသံများကို စုစည်းဖော်ပြအပ်ပါသည်။


ကိုဟန်လင်းနိုင် (ဉာဏသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်)


မသီသီဝင်း (ဥတ္တရသီရိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်)


မမိုးစန္ဒာ (ဥတ္တရသီရိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်)


မရတနာလှိုင် (ရွာကောက်ရပ်ကွက်၊ ပျဉ်းမနားမြို့နယ်)


မနှင်းခက်ဝေ (ဥတ္တရသီရိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်)


မသဲဆုမြတ် (ရန်အောင်မြင်ကျေးရွာအုပ်စု၊ ဒက္ခိဏသီရိမြို့နယ်)


ဦးစိုးဝင်း (ဉာဏသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်)


ဒေါ်နုနုရီ (ဗလသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်)


ဦးစိန်လှိုင် (ရွာကောက်ရပ်ကွက်၊ ပျဉ်းမနားမြို့နယ်)


ဦးနွယ်ဦး (ဥတ္တရသီရိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်)

**ကိုဟန်လင်းနိုင်**
**(ဉာဏသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်)**

နိုင်ငံသားတစ်ဦးအနေနဲ့ အခုလို ဆန္ဒမဲပေးခွင့်ရတာ ကျေနပ်ပီတိဖြစ်ရပါတယ်။ ကျွန်တော်တို့ပေးလိုက်တဲ့ ဆန္ဒမဲတစ်မဲစီက ကျွန်တော်တို့ရဲ့ အနာဂတ်မျှော်လင့်ချက်တွေကို ထင်ဟပ်စေပါတယ်။ လွှတ်တော်ကာလ ၅ နှစ်လုံး ကိုယ့်မြို့နယ်အတွက် အမှန်တကယ် အလုပ်လုပ်နိုင်တဲ့သူ၊ ကိုယ်ကျိုးမငဲ့ကွက်ဘဲ ကိုယ့်ပြည်သူတွေရဲ့အကျိုးကို မြေပြင်ကွင်းဆင်းလေ့လာပြီး လွှတ်တော်အတွင်းကနေ တင်ပြဆွေးနွေးပေးနိုင်မယ်လို့ ယူဆရတဲ့သူကို မဲပေးခဲ့ပါတယ်။ ကျွန်တော်တို့ ရွေးချယ်ပေးလိုက်တဲ့ လွှတ်တော်ကိုယ်စားလှယ်တွေက လွှတ်တော်ထဲကို ရောက်မယ်။ အဲဒီကနေ တစ်ဆင့် ကျွန်တော်တို့နိုင်ငံအတွက် ခိုင်မာအားကောင်းပြီး စနစ်ကျနတဲ့ အစိုးရတစ်ရပ် ပေါ်ထွက်လာမယ်လို့ ယုံကြည်ပါတယ်။ နိုင်ငံသားတစ်ဦးအနေနဲ့ မျှော်လင့်တာကတော့ 'clean government and good governance' အစိုးရပါပဲ။

**မသီသီဝင်း**
**(ဥတ္တရသီရိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်)**

အရင်တုန်းက မဲပေးရတာထက် အခု MEVM စက်နဲ့ မဲပေးရတာက ပိုပြီး အဆင်ပြေလွယ်ကူပါတယ်။ ပြီးတော့ ကိုယ်တိုင်ဆန္ဒပြုထားတဲ့ ကိုယ်စားလှယ်တွေ မှန်ကန်မှုရှိ မရှိ ပြန်လည်သိရှိခွင့်ရပါတယ်။ ကိုယ့်နိုင်ငံအတွက် တကယ်အလုပ်လုပ်ပေးမယ့်သူတွေကို လူငယ်တစ်ဦးအနေနဲ့ ပါဝင်ဆန္ဒပြုခွင့်ရတဲ့အပေါ် ဝမ်းသာမိပါတယ်။ ပြီးတော့ နိုင်ငံသားတစ်ယောက်ရဲ့ တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ခွင့်ရတယ်လို့လည်း ခံစားမိပါတယ်။

**မမိုးစန္ဒာ**
**(ဥတ္တရသီရိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်)**

ကျွန်မက ပထမဆုံးအကြိမ် ဆန္ဒမဲပေးခွင့်ရမှာဖြစ်တဲ့အတွက် စိတ်လှုပ်ရှားနေပါတယ်။ ကိုယ့်နိုင်ငံအကျိုးအတွက် မဲပေးသင့်တယ်ဆိုတဲ့ ခံယူချက်နဲ့ လာရောက်မဲပေးတာ ဖြစ်ပါတယ်။ မဲပေးရတာလည်း အဆင်ပြေပါတယ်။ မဲရုံမှူးနဲ့ မဲရုံတာဝန်ရှိသူအားလုံးက ပူးပေါင်းဆောင်ရွက်ပေးတယ်။ ရွေးကောက်ပွဲလုပ်ငန်းစဉ်မှာ ကျွန်မတို့လို လူငယ်တွေကို ပိုပြီးပါဝင်စေချင်ပါတယ်။ ဒါမှ နိုင်ငံအတွက်၊ လူငယ်တွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် လူငယ်တွေရဲ့ အားနဲ့ ပိုပြီးလုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။

**မရတနာလှိုင်**
**(ရွာကောက်ရပ်ကွက်၊ ပျဉ်းမနားမြို့နယ်)**

မဲပေးဖို့အတွက် သူငယ်ချင်းတွေနဲ့ ကြိုတင်လာရောက်ပြီး စနစ်တကျ စောင့်ဆိုင်းခဲ့ပါတယ်။ မဲရုံစတင် ဖွင့်လှစ်တာနဲ့ အစောဆုံး မဲပေးခွင့်ရခဲ့ပါတယ်။ မဲပေးတဲ့အခါမှာ ဘာဖိအားမှမရှိဘဲ မဲပေးရပါတယ်။ အခုရွေးကောက်ပွဲမှာ အရင်နှစ်တွေနဲ့မတူဘဲ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) နဲ့ မဲပေးရတဲ့အတွက် ခံစားချက်အသစ်တစ်ခုရပါတယ်။ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) နဲ့ မဲပေးတဲ့အခါမှာလည်း ဘယ်လိုမဲပေးရမယ်ဆိုတာကို သတင်းစာတွေ၊ ရုပ်မြင်သံကြားတွေမှာ ကြိုတင်ကြည့်ထားတဲ့အတွက် အခက်အခဲမရှိခဲ့ပါဘူး။ ကျွန်မအတွက် ဒီရွေးကောက်ပွဲက ဒုတိယအကြိမ် မဲပေးခွင့်ရတာပဲဖြစ်ပါတယ်။ မဲပေးခွင့်ရတဲ့ နိုင်ငံသားတစ်ယောက်အနေနဲ့ ကျေနပ်ပီတိဖြစ်မိပါတယ်။ နိုင်ငံသားတစ်ယောက် တာဝန်ကျေတယ်လို့လည်း ခံစားရပါတယ်။

**မနှင်းခက်ဝေ**
**(ဥတ္တရသီရိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်)**

ကျွန်မအတွက် ပထမဆုံးအကြိမ် မဲပေးခွင့်ရရှိတာဖြစ်ပါတယ်။ နိုင်ငံသားတစ်ဦးအဖြစ် ပထမဆုံး မဲပေးခွင့်ရတဲ့ အတွေ့အကြုံက ရင်ခုန်စိတ်လှုပ်ရှားရပါတယ်။ မဲပေးပြီးသွားတဲ့အခါ နိုင်ငံအတွက် ပြည်သူတစ်ဦးအနေနဲ့ ပါဝင်ဆောင်ရွက်ပေးရမယ့် တာဝန်ကျေသွားပြီဆိုတဲ့စိတ်နဲ့ ဝမ်းသာပျော်ရွှင်ရပါတယ်။ MEVM စက်နဲ့ မဲပေးရတဲ့အပေါ် ယုံကြည်မှုရှိပါတယ်။

**မသဲဆုမြတ်**
**(ရန်အောင်မြင်ကျေးရွာအုပ်စု၊ ဒက္ခိဏသီရိမြို့နယ်)**

နိုင်ငံသားတစ်ယောက် အနေနဲ့ ပထမဆုံးအကြိမ် လာရောက်မဲပေးရွေးချယ်ခွင့်ရတဲ့အတွက် ဂုဏ်ယူမိပါတယ်။ မဲရုံမဖွင့်ခင်ကတည်းက ကြိုတင်ရောက်အောင်လာပါတယ်။ နိုင်ငံသားတစ်ယောက်အနေနဲ့ ပထမဆုံးအကြိမ် ရွေးချယ်ခွင့်ရတဲ့ ကိုယ်စားလှယ်လောင်းက နိုင်ငံနဲ့ ပြည်သူအတွက် သေချာအလုပ်လုပ်ပေးရင် ကျွန်မတို့ အခုလို လာရောက် မဲပေးရကျိုးနပ်ပါတယ်။ ဒါကြောင့် ကိုယ်တိုင်သေချာစဉ်းစား ဆန္ဒပြုရွေးချယ်လိုက်တဲ့ ကိုယ်စားလှယ်လောင်း အနိုင်ရရှိပါစေလို့လည်း ဆုတောင်းပေးပါတယ်။

**ဦးစိုးဝင်း**
**(ဉာဏသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်)**

မဲရုံကို မနက် ၆ နာရီမှာ ရောက်တဲ့အတွက် မဲလာပေးတဲ့သူ မများသေးလို့ အများကြီး တန်းစီစရာမလိုဘဲ ချက်ချင်း မဲပေးရပါတယ်။ ကိုယ်နှစ်သက်တဲ့ ပါတီ ကိုယ်စားလှယ်လောင်းတွေကို လွတ်လွတ်လပ်လပ်နဲ့ မဲပေးခွင့်ရလို့ စိတ်ကျေနပ်မှုရှိပါတယ်။ မဲပေးတဲ့အခါမှာလည်း တာဝန်ရှိသူတွေက မဲစာရင်း နံပါတ်စဉ်၊ မှတ်ပုံတင်တွေနဲ့ တိုက်ဆိုင်စစ်ဆေးပြီး လွှတ်တော်တစ်ရပ်ချင်းစီအတွက် မဲထည့်ဖို့ အဆင်ပြေအောင် လမ်းညွှန်ပြသပေးတဲ့အတွက် အခက်အခဲမရှိခဲ့ပါဘူး။ အခုလို နိုင်ငံသားတစ်ယောက်အနေနဲ့ ကိုယ်ရဲ့ဆန္ဒကို လွတ်လွတ်လပ်လပ်မဲပေးပြီး မျှမျှတတ ထောက်ခံခွင့်ရတဲ့အတွက် ကျေနပ်မိပါတယ်။ ကျွန်တော်က ကျန်းမာရေးအခြေအနေကြောင့် ကြိုတင်မဲပေးလို့ရပေမယ့် လူအများနဲ့ တန်းတူမဲပေးချင်တာကြောင့် ကြိုတင်မဲမပေးဘဲနဲ့ အခုလို ကိုယ်တိုင်ကိုယ်ကျလာပြီး မဲပေးရခြင်းဖြစ်ပါတယ်။

**ဦးနွယ်ဦး**
**(ဥတ္တရသီရိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်)**

နိုင်ငံသားတစ်ယောက်အနေနဲ့ အခုလို မဲပေးခွင့်ရတဲ့အတွက် ဝမ်းသာပီတိဖြစ်ပါတယ်။ နိုင်ငံရဲ့တာဝန်ကို တစ်ထောင့်တစ်နေရာက ပါဝင်ပြီး ကျေပွန်စွာ ထမ်းဆောင်ခဲ့ရလို့ ကျေနပ်မိပါတယ်။

**ဒေါ်နုနုရီ**
**(ဗလသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်)**

မဲပေးတဲ့အခါမှာ လွတ်လွတ်လပ်လပ် ကိုယ့်စိတ်ကြိုက် မဲပေးခွင့်ရခဲ့ပါတယ်။ မဲပေးရတဲ့အပေါ်မှာ ကျေနပ်မှုရှိပါတယ်။ နိုင်ငံသားတစ်ယောက်အနေနဲ့ ရွေးကောက်ပွဲနေ့ကို ရောက်ရှိဖို့ မျှော်လင့်နေခဲ့တာပါ။ ကိုယ်နှစ်သက်တဲ့ပါတီ၊ ကိုယ်နှစ်သက်တဲ့ ကိုယ်စားလှယ်လောင်းကို မဲပေးခွင့်ရတဲ့အတွက် ကျေနပ်မှုရှိပါတယ်။ ကိုယ်မဲပေးလိုက်တဲ့ ပါတီရဲ့ကိုယ်စားလှယ်လောင်းက ကိုယ်နေထိုင်ရာဒေသ၊ ကိုယ့်နိုင်ငံ ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်ဖို့ တစ်ဖက်တစ်လမ်းကနေ ကူညီပါဝင်ဆောင်ရွက်သွားမယ်ဆိုတာ အပြည့်အဝယုံကြည်ထားပါတယ်။ အခု ဆန္ဒမဲပေးပြီးပြီဖြစ်တဲ့အတွက် တာဝန်တစ်ခုဆောင်ရွက်ပြီးသွားတယ်လို့ ခံစားရပါတယ်။

**ဦးစိန်လှိုင်**
**(ရွာကောက်ရပ်ကွက်၊ ပျဉ်းမနားမြို့နယ်)**

ကျွန်တော်က မိသားစုနဲ့အတူ မဲလာပေးကြတာပါ။ မဲပေးတဲ့လုပ်ငန်းအဆင့်ဆင့်ကိုလည်း ရွေးကောက်ပွဲနေ့မတိုင်ခင်ကတည်းက သေချာလေ့လာထားတယ်။ ဒါကြောင့် လွယ်လွယ်ကူကူ မဲပေးနိုင်ခဲ့တယ်။ ဆန္ဒမဲပေးတဲ့အခါမှာတော့

*စာမျက်နှာ ၁၄ သို့*

# တိုင်းပြည်အနာဂတ်လမ်းဖြောင့်ဖြူးစေမည့် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ

**၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာနယ်မြေများအလိုက် ကျင်းပခဲ့ပြီး နိုင်ငံသားတစ်ဦးတာဝန်ကို ကျေပွန်ခဲ့ကြသည့် မဲဆန္ဒရှင်ပြည်သူများ၏ စကားသံများကို ဖော်ပြလိုက်ရပါသည်–**









ကျွန်မက ပထမဆုံးမဲပေးတာဆိုတော့ စိတ်လှုပ်ရှားမိပါတယ်။ အလွန်လည်း ကျေနပ်ပါတယ်။ နိုင်ငံသားတစ်ယောက်ရဲ့တာဝန် ကျေပွန်သွားပြီလို့လည်း ခံစားမိပါတယ်။ ကျွန်မတို့ လူငယ်တွေအတွက် အကျိုးပြုမယ့်ခေါင်းဆောင်ကောင်းကိုလည်း အများကြီးမျှော်လင့်ထားပါတယ်။ ဘယ်သူပဲရရပေါ့နော်။ နိုင်ငံအတွက်ကိုလည်း အများကြီးအကျိုးပြုမယ့်လူကို မျှော်လင့်မိပါတယ်။

ကျွန်မက ပျဉ်းမနားမြို့က လာပြီးမဲပေးတာပါ။ ပထမဆုံးမဲပေးခြင်းဖြစ်ပါတယ်။ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ကျွန်မလိုပဲ မဲပေးပိုင်ခွင့်ရှိတဲ့ လူငယ်တွေအားလုံး မဲလာပေးပါလို့ နှိုးဆော်အပ်ပါတယ်။

MEVM စက်နဲ့ပေးတဲ့အတွက်ကြောင့် ပိုပြီး တိကျတယ်။ ကိုယ်ပေးချင်တဲ့ပါတီကို တစ်ခါတည်း နှိပ်လိုက်တာနဲ့ လွယ်လွယ်ကူကူ တိကျတဲ့အဖြေရတယ်ပေါ့နော်။ အဲဒါကြောင့် လွယ်ကူတယ်လို့ ပြောတာပါ။ ကျွန်မက ဗမာဆိုတော့ သုံးမျိုးပဲပေးခဲ့ရပါတယ်။ ကျွန်မတို့ တိုင်းပြည်အတွက်၊ နိုင်ငံအတွက် အကောင်းဆုံးပေးဆပ်မယ့် လွှတ်တော်ကိုယ်စားလှယ်တွေအားလုံးကို မဲပေးခဲ့တာဖြစ်ပါတယ်။ ဒီနေ့ တာဝန်ကျေတယ်လို့ ခံစားရပါတယ်။

ကျွန်တော်က ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲမှာ မဲပေးတာ ပထမဆုံးအကြိမ်ပါ။ ဒီလိုမျိုး Privacy တွေလည်းရှိတော့ မဲပေးရတာအဆင်ပြေပါတယ်။ ကိုယ်ရွေးချယ်ချင်တဲ့လူကို မဲပေးခဲ့ရလို့ ပျော်ပါတယ်။ ကျွန်တော်တို့မဲပေးပြီး ထွက်ပေါ်လာမယ့် အစိုးရက ကျွန်တော်တို့ပြည်သူပြည်သားတွေအတွက်ရော လူငယ်တွေအတွက်ရော ပိုမိုကောင်းမွန်တဲ့အနာဂတ်ကို ဖော်ဆောင်ပေးမယ်လို့ ယုံကြည်ပါတယ်ခင်ဗျာ။



ဒေါ်လှဝတ်ရည်ထွန်း
(အမှတ်(၄) မဲရုံမှူး၊ ဥတ္တရသီရိမြို့နယ်)



ဦးတင်ထူးအောင်
(ဥတ္တရသီရိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်)



ဒေါ်စမ်းစမ်းအေး
(နဝဒေးရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်)



ဦးဝင်းမောင် (ရန်အောင်မြင်
ကျေးရွာအုပ်စု၊ ဒက္ခိဏသီရိမြို့နယ်)



ဦးစောအုံပွင့် (ဒက္ခိဏသီရိရပ်ကွက်၊
ဒက္ခိဏသီရိမြို့နယ်)

*စာမျက်နှာ ၁၃ မှ*

ကိုယ့်စိတ်ကြိုက် မဲပေးခွင့်ရခဲ့တဲ့အတွက် ကျေနပ်မှုရှိတယ်။ အခုလို ဆန္ဒမဲပေးပြီးခဲ့တဲ့အတွက် တာဝန်တစ်ခုဆောင်ရွက်ပြီးသွားတယ်လို့ ခံစားရပါတယ်။ ကိုယ်မဲပေးလိုက်တဲ့ ပါတီရဲ့ကိုယ်စားလှယ်လောင်းတွေအနေနဲ့ အနိုင်ရရှိမယ်ဆိုရင် ကိုယ့်ရပ်ရွာ၊ ကိုယ့်မြို့နယ် ဖွံ့ဖြိုးတိုးတက်ဖို့ ဆောင်ရွက်သွားမယ်လို့ မျှော်လင့်ထားပါတယ်။ ကျရာတာဝန်တွေကိုလည်း ကျေပွန်စွာ ထမ်းဆောင်ပေးစေလိုပါတယ်။

**ဦးနွယ်ဦး**
**(ဥတ္တရသီရိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်)**

အရင် ရွေးကောက်ပွဲတွေမှာလည်း ကျွန်တော် မဲပေးခဲ့ဖူးပါတယ်။ အခု ရွေးကောက်ပွဲမှာတော့ စက်နဲ့ မဲပေးရတော့ လွယ်ကူလျင်မြန်ပြီး ပယ်မဲမရှိတဲ့အတွက် ပိုပြီးအကျိုးရှိပါတယ်။ ပြီးတော့ မဲပေးတဲ့သူအတွက် စက်နဲ့ လွယ်လွယ်ကူကူ မဲပေးနိုင်တော့ အဆင်ပြေပါတယ်။ ဒီစက်အပေါ်မှာလည်း ၁၀၀ ရာခိုင်နှုန်း ယုံကြည်မှုရှိပါတယ်။ လာမယ့်ရွေးကောက်ပွဲတွေမှာလည်း အချိန်ကုန်သက်သာတဲ့အတွက် ဒီစက်နဲ့ပဲ ဆောင်ရွက်ပေးမယ်ဆိုရင် ပိုပြီးကောင်းမွန်မှာဖြစ်ပါတယ်။ မဲပေးချင်လွန်းလို့ မိသားစုလိုက် မနက် ၆ နာရီအရောက် ကြိုတင်ရောက်ရှိအောင်လာပြီး မဲလာပေးတာဖြစ်ပါတယ်။ အခုတော့ မဲပေးပြီးပြီဖြစ်တဲ့အတွက် နိုင်ငံသားတစ်ယောက် တာဝန်ကျေပြီဖြစ်ပါတယ်။ ကိုယ့်ဒေသ၊ ကိုယ့်နိုင်ငံကို အကျိုးပြုမယ့်သူကို ရွေးချယ်ခွင့်ရတဲ့အတွက် ပိုပြီးအားရကျေနပ်မိပါတယ်။

**ဒေါ်လှဝတ်ရည်ထွန်း**
**(အမှတ်(၄) မဲရုံမှူး၊ ဥတ္တရသီရိမြို့နယ်)**

ဒီနေ့မှာတော့ ဥတ္တရသီရိမြို့နယ် ဥတ္တရသီရိရပ်ကွက် အမှတ်(၄) မဲရုံမှာ မဲရုံမှူးတာဝန် ထမ်းဆောင်ရပါတယ်။ ကျွန်မတို့ မဲရုံမှာတော့ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၃၂၁၆ ဦးရှိပါတယ်။ ဒီမဲပေးပိုင်ခွင့်ရှိသူတွေအတွက် ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်ဆိုပြီး မဲပေးစက်နှစ်လုံးနဲ့ အဆင်ပြေအေးချမ်းစွာ မဲပေးနိုင်ဖို့ စီစဉ်ထားပါတယ်။ မဲရုံပြင်ဆင်ဆောင်ရွက်ထားရှိမှုအနေနဲ့ အမှတ်(၁၂) အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်းမှာရှိတဲ့ ကျန်စစ်သားဆောင်မှာ မဲရုံကို စနစ်တကျပြင်ဆင်ထားရှိပါတယ်။

**ဦးတင်ထူးအောင်**
**(ဥတ္တရသီရိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်)**

အခုရွေးကောက်ပွဲမှာ အသုံးပြုပေးထားတဲ့ မဲပေးစက်က အဆင်ပြေပါတယ်။ ဒီစက်က privacy လည်းရှိသလို မြန်ဆန်မှုလည်းရှိတဲ့အတွက် အတော်လေး သဘောကျမိပါတယ်။ ကိုယ်တိုင်မဲပေးလိုက်တဲ့ မဲရလဒ်ကလည်း မှန်ကန်ရဲ့လားဆိုတာ ပြန်လည်ဆန်းစစ်လို့ရတဲ့အတွက် အင်မတန်ကောင်းပါတယ်။ တာဝန်ရှိသူတွေကလည်း မဲစာရင်းနံပါတ်စစ်ဆေးတာတွေ၊ လိုအပ်တဲ့အချက်အလက် စစ်ဆေးတာတွေကို စနစ်တကျဆောင်ရွက်ပေးပါတယ်။ အမျိုးသားလွှတ်တော်နဲ့ ပြည်သူ့လွှတ်တော်နှစ်ခုစလုံးကို လျင်မြန်စွာ မဲပေးခွင့်လည်း ရရှိခဲ့ပါတယ်။ ဒီလို ပြည်သူတစ်ဦးအနေနဲ့ မဲပေးခွင့်ရတာဟာ ကျွန်တော်တို့နိုင်ငံအတွက် အင်မတန်ကောင်းမွန်တဲ့အပြောင်းအလဲဖြစ်ပါတယ်။ အုတ်တစ်ချပ်သဲတစ်ပွင့်ပဲဖြစ်ပါစေ ကိုယ်တိုင်ပါဝင်ခွင့်ရတဲ့အတွက် ဝမ်းသာမိပါတယ်။ ဂုဏ်ယူမိပါတယ်။

**ဒေါ်စမ်းစမ်းအေး**
**(နဝဒေးရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်)**

အရင်တုန်းက စာရွက်နဲ့ မဲပေးရတာထက် အခု MEVM စက်နဲ့ မဲပေးရတာ ကွာခြားမှုတွေရှိပါတယ်။ စက်နဲ့ပေးရတဲ့အတွက် လွယ်ကူမှုပိုရှိပါတယ်။ အရင်က စာရွက်မှာ တစ်ခုခုလိုအပ်ချက်ရှိသွားရင် ပယ်မဲဖြစ်သွားပါတယ်။ အခုကတော့ ကိုယ်နှိပ်လိုက်တဲ့ ခလုတ်အတည်ဖြစ်ရဲ့လား၊ ကိုယ်ဆန္ဒပြုတဲ့အတိုင်း ဖြစ်ရဲ့လားဆိုတာကို ပြန်လည်စစ်ဆေးလို့ရတဲ့အတွက် စက်အပေါ် ယုံကြည်စိတ်ချမှုရှိပြီး အားရကျေနပ်မှုရှိပါတယ်။

**ဦးဝင်းမောင်**
**(ရန်အောင်မြင်ကျေးရွာအုပ်စု၊ ဒက္ခိဏသီရိမြို့နယ်)**

ကျွန်တော်ကတော့ ရန်အောင်မြင်ကျေးရွာအုပ်စု မဲရုံအမှတ် (၁)မှာ ဆန္ဒမဲပေးခဲ့ပါတယ်။ ပြည်သူလူထုအားလုံးအတွက်၊ နိုင်ငံတော်အတွက် အကျိုးပြုမယ့်သူတွေကို ရွေးချယ်တဲ့ ရွေးကောက်ပွဲဖြစ်တဲ့အတွက် စိတ်အားထက်သန်စွာနဲ့ လာရောက်မဲပေးခဲ့တာ ဖြစ်ပါတယ်။ အခုလို ရွေးကောက်ပွဲကျင်းပတာဟာ ပြည်သူ့ဆန္ဒနဲ့အညီ နိုင်ငံတော်အတွက် ကောင်းရာကောင်းကျိုး ဆောင်ရွက်နိုင်ဖို့ လုပ်ဆောင်ပေးတာ ဖြစ်တဲ့အတွက် နိုင်ငံသားတစ်ဦးအနေနဲ့ အားပေးပါတယ်။ အပြည့်အဝထောက်ခံပါတယ်။

အဲဒါကြောင့် မဲရုံဖွင့်တဲ့အချိန်ထက် ကြိုတင်ရောက်ရှိအောင် လာရောက်ပါတယ်။ အခုတော့ မဲပေးပြီးပါပြီ။ မဲလာပေးတဲ့အခါမှာလည်း အားလုံးလွယ်ကူအဆင်ပြေချောမွေ့စေဖို့ လုံခြုံရေးကအစ အားလုံးချထားပေးတယ်။ ပြည်သူတွေ စိတ်ချမ်းချမ်းသာသာနဲ့ မဲပေးနိုင်ခဲ့ပါတယ်။ နိုင်ငံသားတစ်ဦး တာဝန်ကျေပွန်ချင်တဲ့အတွက် ပြီးခဲ့တဲ့ ရွေးကောက်ပွဲတိုင်းမှာလည်း မဲပေးခဲ့ပါတယ်။ ကျေးရွာအတွက်၊ နိုင်ငံအတွက်၊ မြို့နယ်အတွက်၊ အကုန်လုံးအတွက် ကိုယ်တတ်နိုင်တဲ့ဘက်ကနေ အားစိုက်ကူညီတဲ့အနေနဲ့ ဖြစ်ပါတယ်။

အခုလို ရွေးကောက်ပွဲကနေ ကျွန်တော်တို့ ပြည်သူတွေကတော့ အားကိုးပြီး ကိုယ်နှစ်သက်တဲ့ ကိုယ်စားလှယ်လောင်းကို ဆန္ဒမဲပေးပြီး ရွေးချယ်ပေးလိုက်ပါတယ်။ ဒီကိုယ်စားလှယ်လောင်းတွေအနေနဲ့ အနိုင်ရရှိတဲ့အခါ ပြည်သူတွေအပေါ် ပြန်ပြီးတော့ ကူညီပေးပါ၊ စောင့်ရှောက်ပေးပါလို့ ပြောချင်ပါတယ်။

**ဦးစောအုံပွင့် (ဒက္ခိဏသီရိရပ်ကွက်၊ ဒက္ခိဏသီရိမြို့နယ်)**

ပြည်သူက တင်မြှောက်တဲ့အစိုးရ တစ်ရပ် ပေါ်ထွန်းရေးအတွက် ရည်ရွယ်ပြီးတော့ လာရောက်မဲပေးတာ ဖြစ်ပါတယ်။ မြန်မာအီလက်ထရောနစ် မဲပေးစက်နဲ့ မဲပေးရွေးချယ်ရတဲ့အတွက် ပိုပြီးတော့ မြန်ဆန်အဆင်ပြေပါတယ်။ မိမိရွေးချယ်လိုက်တဲ့ ကိုယ်စားလှယ် အနိုင်ရရှိခဲ့ရင် ဒေသမှာဖြစ်ပျက်နေတဲ့ အခက်အခဲတွေကို တင်ပြခွင့်ရမယ်။ မဲပေးရွေးချယ်တဲ့နေရာမှာ တကယ်လုပ်နိုင်တဲ့ ပုဂ္ဂိုလ်တွေ၊ တိုင်းပြည်ကို ဦးဆောင်နိုင်မယ့် ပုဂ္ဂိုလ်တွေကို မဲပေးရွေးချယ်ခဲ့ပါတယ်။

**ဦးစန်းတင်**
**(ရန်အောင်မြင်ကျေးရွာအုပ်စု၊ ဒက္ခိဏသီရိမြို့နယ်)**

မဲရုံတာဝန်ရှိသူတွေက မနက် ၆ နာရီထိုးတာနဲ့ မဲပေးလို့ရပြီလို့ ကြေညာပေးပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ အခုလို ဆန္ဒမဲပေးခွင့်ရတဲ့အတွက် အင်မတန်ဝမ်းသာပါတယ်။ ဘာလို့လဲဆိုတော့ လိုချင်တောင့်တတဲ့ ဆန္ဒမဲပေးပိုင်ခွင့်အားလုံးဟာ ခုမှ ပြည့်မြောက်ပါတယ်။ ပြည်သူတိုင်း ပြည်သူတိုင်းက စိတ်အေးအေးချမ်းချမ်းနဲ့ နေရဖို့အတွက် နိုင်ငံနဲ့ ပြည်သူအတွက် တကယ် အလုပ်လုပ်ပေးမယ့်သူ လိုချင်ပါတယ်။ ဒီအတွက် အခုလိုရွေးကောက်ပွဲကနေ ကိုယ့်စိတ်ကိုယ့်ဆန္ဒနဲ့အညီ ကိုယ်စားလှယ်လောင်းကို မဲပေးရွေးနိုင်အောင် စီစဉ်ဆောင်ရွက်ပေးလို့ ကျေးဇူးတင်ပါတယ်။ မြန်မာအီလက်ထရောနစ် မဲပေးစက်နဲ့ မဲပေးရွေးချယ်တဲ့အခါမှာလည်း မြန်ဆန်ပြီး ယုံကြည်ရပါတယ်။ ကျွန်တော်တို့ ပြည်သူတွေအတွက် ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေး အားလုံးကိုပြည်သူကိုယ်စားထမ်းဆောင်ပေးနိုင်မယ့် ကိုယ်စားလှယ်လောင်းတစ်ဦးကိုရွေးချယ်မဲပေးခဲ့ပါတယ်။

**သတင်းအဖွဲ့**



ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် အထက(၄) မဲရုံအမှတ် (၁) တွင် ဆန္ဒမဲရေတွက်နေမှုကို မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E.Mr.Mongkol Visitstump နှင့်အဖွဲ့ ကြည့်ရှုလေ့လာစဉ်။



ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် အထက(၄) မဲရုံအမှတ် (၂) တွင် မဲဆန္ဒရှင်ပြည်သူများ လွတ်လပ်စွာ ဆန္ဒမဲပေးနေမှုကို တွေ့ရစဉ်။

# လူငယ်တွေအနေနဲ့ အနာဂတ် တိုင်းပြည်ကောင်းမွန်ဖို့အတွက် ပါတီကိုယ်စားလှယ်လောင်းတွေကို ပုံပြီးအပ်လိုက်ပါပြီ

**မောင်မျိုးမင်းထက် (မဲဆန္ဒရှင်တစ်ဦး)**



မောင်မျိုးမင်းထက်(မဲဆန္ဒရှင်တစ်ဦး)



ဦးစပယ်တင်(မဲဆန္ဒရှင်တစ်ဦး)



ဦးစိုးရီ(မဲဆန္ဒရှင်တစ်ဦး)



ဦးထိန်လင်း (အုပ်ချုပ်ရေးမှူး)



ဦးဇော်ဦး
သုတေသီ ပြည်တွင်းစောင့်ကြည့်လေ့လာသုံးသပ်ရေးအဖွဲ့ဝင်

၂၀၂၅ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၂ မြို့နယ်၌ ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပရာ မဲဆန္ဒရှင်ပြည်သူများသည် မဲရုံစတင်ဖွင့်လှစ်သည့် နံနက်ပိုင်းမှစတင်၍ လွတ်လပ်စွာ ဆန္ဒမဲလာရောက်ပေးခဲ့ကြသည်။

ရန်ကုန် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၂ မြို့နယ်၌ကျင်းပသည့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ မဲဆန္ဒရှင်ပြည်သူများ၏ ယုံကြည်မျှော်လင့်ချက်များ၊ လေ့လာစောင့်ကြည့်ရေးအဖွဲ့များ၏ လေ့လာတွေ့ရှိချက်များနှင့် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲတစ်ရပ်ဖြစ်လာစေရန် တာဝန်ရှိသူများ၏ ဆောင်ရွက်ထားရှိမှုများကို သတင်းအဖွဲ့က ကောက်နုတ်ဖော်ပြလိုက်ရပါသည်။

**မောင်မျိုးမင်းထက်(မဲဆန္ဒရှင်တစ်ဦး)**

ကျွန်တော်က ဆိုင်မှာအလုပ်လုပ်တဲ့သူပါ။ ကျွန်တော်တို့လူငယ်တွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ ပညာရေး၊ ကျန်းမာရေးနဲ့ လူငယ်တွေရဲ့ အနာဂတ်ကို လေးစားတန်ဖိုးထားမယ်ထင်တဲ့ ပါတီကိုပဲ ဆန္ဒမဲပေးခဲ့တာပါ။ ရွေးကောက်ပွဲပြီးတာနဲ့ ကောင်းမွန်တဲ့ အခြေအနေကို ရောက်ရှိသွားမယ်လို့ ယုံကြည်ထားပါတယ်။ ကျွန်တော်တို့ လူငယ်တွေ တာဝန်ကျေခဲ့ပါပြီ။ ကျန်တာ ကိုယ်စားလှယ်လောင်းတွေရဲ့ တာဝန်ပဲ ဖြစ်ပါတယ်။ လူငယ်တွေအနေနဲ့ အနာဂတ် တိုင်းပြည်ကောင်းမွန်ဖို့ အတွက် ပါတီကိုယ်စားလှယ်လောင်းတွေကို ပုံပြီးအပ်လိုက်ပါပြီ။

**ဒေါ်မူမူသင်း(မဲဆန္ဒရှင်)**

တိုင်းပြည်ဟာ သူတစ်ပါးနိုင်ငံတွေနဲ့ ရင်ပေါင်တန်းနိုင်တဲ့ အလားအလာတွေရှိပါလျက်နဲ့ ရှေ့မရောက်ဘူးဖြစ်နေတယ်။ ကိုယ်ကျိုးကြည့်တာထက် တိုင်းပြည်မျက်နှာကို ကြည့်မယ့်သူကိုပဲ မဲပေးခဲ့တယ်။ အထူးသဖြင့် နိုင်ငံအတွက် လုပ်ဆောင်နိုင်မယ့်သူကိုပဲ မဲပေးခဲ့တာပါ။ လုပ်ဆောင်နိုင်မယ်လို့လည်း ယုံကြည်တယ်။ မဲပေးရတာ အားလုံးအဆင်ပြေတယ်။ ဘာအခက်အခဲမှ မရှိပါဘူး။ ရွေးကောက်ပွဲပြီးရင် ဝမ်းသာစရာကြားရပြီး တိုင်းပြည်အေးချမ်း ဖွံ့ဖြိုးတိုးတက်မှုကို အားသွန်ခွန်စိုက် လုပ်ဆောင်နိုင်မယ်လို့ မျှော်လင့်ထားပါတယ်။

**ဦးစပယ်တင်(မဲဆန္ဒရှင်တစ်ဦး)**

ကျွန်တော်ကတော့ အများပြည်သူကောင်းစားရေးအတွက် အကျိုးပြုမယ့် ကိုယ်စားလှယ်ကိုပဲ မဲပေးခဲ့ပါတယ်။ တကယ်လည်း လက်တွေ့ကျကျ လုပ်ဆောင်နိုင်တဲ့ ပါတီကိုပဲ မဲပေးဖို့ ညကတည်းက စဉ်းစားထားတာပါ။ အခု မဲပေးရတာလည်း အဆင်ပြေပါတယ်။ အနာဂတ်တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ပြည်သူလူထုကို အကျိုးပြုနိုင်မယ့် ကိုယ်စားလှယ်ကိုပဲ ဦးစားပေးပြီး တကယ်တိုင်းပြည်ကို အကျိုးပြုနိုင်မယ့် ပါတီကိုယ်စားလှယ်လောင်းကိုပဲ မဲပေးခဲ့တာပါ။

**ဦးစိုးရီ(မဲဆန္ဒရှင်တစ်ဦး)**

မိမိတိုင်းပြည်နဲ့ ပြည်သူအကျိုးကို စွမ်းစွမ်းတမံ ဆောင်ရွက်ပေးနိုင်မယ့် ကိုယ်စားလှယ်လောင်းတွေကိုပဲ မဲပေးဖို့ စောစောစီးစီး ထလာပြီး မဲရုံမှာ စောင့်ဆိုင်း မဲပေးခဲ့တာပါ။ ဦးလေးတို့ အသက်လည်းကြီးပါပြီ။ အရာရာလည်း ဖြတ်သန်းခဲ့ပြီဖြစ်တဲ့အတွက် နိုင်ငံကောင်းမွန် ဖွံ့ဖြိုးတိုးတက်တာကို မြင်သွားချင်တယ်။ ဒီတစ်ကြိမ်က အရေးကြီးတယ်။ ဒါကြောင့် ခေါင်းဆောင်နိုင်မယ့် ပါတီကိုပဲ ကျေကျေနပ်နပ်နဲ့ ဆန္ဒမဲပေးခဲ့တာပါ။ တိုင်းပြည်အတွက် လုပ်ဆောင်နိုင်မယ်လို့လည်း ယုံကြည်ပါတယ်။ မဲပေးရတာ အားလုံးအဆင်ပြေပါတယ်။

**ဒေါ်သင်းသင်းအောင်**
**ဗိုလ်တထောင်မြို့နယ်**
**မဲရုံအမှတ်(၄)၊ မဲရုံမှူး**

ဗိုလ်တထောင်မြို့နယ်မှာ မဲရုံပေါင်း ၂၉ ရုံ ရှိပါတယ်။ ရပ်ကွက်ပေါင်း ၁၂ ခုရှိပြီး မဲရုံတွေကို နံနက် ၆ နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်ထားပါတယ်။ ကျွန်မတို့ အခုဖွင့်လှစ်ထားတဲ့ မဲရုံအမှတ်(၃) မှာဆိုရင် မဲဆန္ဒရှင် ၁၈၀၂ ဦး ရှိပါတယ်။ သက်ကြီးရွယ်အိုတွေ အတွက်လည်း ကြိုတင်မဲပေးနိုင်ဖို့ စီစဉ်ပေးထားပါတယ်။ ကိုယ်တိုင်လာရောက်ခဲ့ရင်လည်း အဆင်ပြေပြေ မဲပေးနိုင်အောင် စလစ်စာရွက်ကို ကြိုတင်ပေးထားပြီးလည်း ဖြစ်ပါတယ်။ ကျန်းမာရေး စောင့်ရှောက်မှုကိုလည်း မြို့နယ်ကျန်းမာရေးမှူးနဲ့အဖွဲ့က မဲရုံတွေမှာ ဝန်ဆောင်မှုပေးပါတယ်။ မဲရုံကိုလာပြီး ဆန္ဒမဲပေးကြသူအားလုံး အဆင်ပြေချောမွေ့စွာ စိတ်အေးလက်အေး မိမိတို့ရဲ့ ဆန္ဒအလိုက် ဆန္ဒမဲပေးနိုင်အောင်ဆောင်ရွက်ပေးထားပါတယ်။

**ဦးထိန်လင်း (အုပ်ချုပ်ရေးမှူး)**
**ဥ္မာနာရပ်ကွက်၊ အလုံမြို့နယ်**

ကျွန်တော်တို့ ရပ်ကွက်အနေနဲ့ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ ၅၀၀၀ ကျော်ရှိပြီး အလုံမြို့နယ်ခန်းမမှာ မဲရုံသုံးရုံထားရှိပါတယ်။ တစ်ရုံမှာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ၁၇၀၀ မဲပေးလို့ရပါတယ်။ အဆင်ပြေချောမွေ့အောင် အရန်မီးသတ်တပ်ဖွဲ့ဝင်၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ ပရဟိတအသင်းများစသဖြင့် စီမံဆောင်ရွက်ထားရှိပါတယ်။

**ဦးဇော်ဦး**
**သုတေသီ ပြည်တွင်းစောင့်ကြည့်လေ့လာသုံးသပ်ရေးအဖွဲ့ဝင်**

ကျွန်တော်တို့ ရောက်ရှိတဲ့နေရာက အလုံမြို့နယ်မဲရုံဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံက မကြာသေးခင်က ငလျင်ဘေးဒဏ်နဲ့ အခက်အခဲအကျပ်အတည်းတွေ၊ စိန်ခေါ်မှုတွေ များစွာရှိတဲ့ ကြားထဲက ဒီနေ့ဆိုရင် ပြည်သူတွေ အတော်များများ တစ်ခဲနက် လာရောက်မဲပေးနေတာကို တွေ့မြင်ရတဲ့အတွက် ဝမ်းသာအားရမိပါတယ်။ အခု မနက် ၁၀ နာရီကျော်မှာပဲ အလုံမြို့နယ်မှာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၂၅ ရာခိုင်နှုန်းလောက်က လာရောက်မဲပေးပြီးတာကို တွေ့ရပါတယ်။ တစ်နေကုန် မဲပေးခြင်းပိတ်သိမ်းချိန်အထိဆိုရင် မဲပေးသူရာခိုင်နှုန်းက မြင့်မြင့်မားမားရရှိမယ်လို့ ယူဆပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ အနာဂတ်အတွက် ကောင်းမွန်တဲ့ လက္ခဏာတစ်ရပ်လို့ ယူဆပါတယ်။ ပထမဆုံးနေ့ မနက်ပိုင်းမှာပဲ အွန်လိုင်းပေါ်မှာ ပုံရိပ်တွေ တက်လာပြီး ကျွန်တော်တို့ကိုယ်တိုင်လည်း မျက်မြင်ကိုယ်တွေ့ ပြောနိုင်ပြီဆိုတော့ လူထုကြား၊ မဲဆန္ဒရှင်တွေကြားမှာ စိုးရိမ်သောကတွေ လျော့ပါးပြီး တစ်ခဲနက် လာရောက်ဆန္ဒမဲပြုနိုင်တယ်လို့ ထင်ပါတယ်။ အဓိကအားဖြင့် ကျွန်တော်တို့နိုင်ငံအပေါ်မှာ နိုင်ငံတကာပုံရိပ်က တစ်ဖက်သတ် ပြောဆိုစွပ်စွဲနေတဲ့ ကိစ္စအတော်များများကိုလည်း ဒီမြင်ကွင်းတွေ ပုံရိပ်တွေကနေ ချေဖျက်ပေးနိုင်မယ်လို့ ထင်ပါတယ်။ အဲဒါကြောင့် မကြာခင်မှာပဲ ကျွန်တော်တို့ မြန်မာနိုင်ငံက ရှိသင့်ရှိထိုက်တဲ့ နိုင်ငံတကာမှာ စံချိန်မီတဲ့နိုင်ငံတစ်ခုအနေနဲ့ ဂုဏ်ယူဝင့်ကြွားစွာ သမိုင်းစာမျက်နှာသစ်ကို တက်လှမ်းနိုင်မယ်လို့ မြင်မိပါတယ်။

**အင်တာဗျူး - ငြိမ်းသူ၊ ကျော်ကြီး**









❖ *ကျောဖုံးမှ*

ယနေ့တွင် နိုင်ငံတကာ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E Mr. Sholban Kara–Ool၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် Mr. Igor Borisov၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် Mr. Deng Xijun နှင့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံတကာရေးရာဌာနမှ Ms. Chen Xuanbo၊ ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌ Mr.Alexei Bashan ၊ ကာဇက်စတန်နိုင်ငံ ရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌ Mr. Yerman Mukhtar တို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့များသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမျိုးလှိုင်နှင့်အတူ ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက် အထက (၁၄) ရှိ မဲရုံအမှတ်(၁)၊ ပျဉ်းမနားမြို့နယ် ရွာကောက်ရပ်ကွက် မင်္ဂလာဗျူဟာ သာသနာ့ဗိမာန်ရှိ မဲရုံအမှတ်(၂)၊ ပုဗ္ဗသီရိမြို့နယ် ဇဝနဒီပရပ်ကွက် အထက (၁၃) ရှိ မဲရုံအမှတ် (၁)၊ ပုဗ္ဗသီရိမြို့နယ် နဝဒေးရပ်ကွက် အထက (၂၀) ရှိ မဲရုံအမှတ်(၁)၊ ဇမ္ဗူသီရိမြို့နယ် အောင်ဇမ္ဗူရပ်ကွက် အမက (၁၄၀)ရှိ မဲရုံအမှတ် (၃) နှင့် ပျဉ်းမနားမြို့နယ် ရွာကောက်ရပ်ကွက် အထက(၃)ရှိ မဲရုံအမှတ် (၄) တို့၌ မဲဆန္ဒရှင်ပြည်သူများက မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)အသုံးပြု၍ ကိုယ်စားလှယ်လောင်းများအား လွတ်လပ်စွာ ဆန္ဒပြုမဲပေးရွေးချယ်နေမှု၊ နိုင်ငံတကာရွေးကောက်ပွဲဆိုင်ရာ စံနှုန်းများ၊ အလေ့အကျင့်ကောင်းများနှင့်အညီ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရေး ဆောင်ရွက်လျက်ရှိမှုကို လေ့လာစောင့်ကြည့်ကြပြီး မဲဆန္ဒရှင်များနှင့် မဲရုံမှူးများကို တွေ့ဆုံ၍ ၎င်းတို့ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ထို့ပြင် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်း ဦးဆောင်၍ ကမ္ဘောဒီးယားနိုင်ငံ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် H.E. Mr. YICH Samethy၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံတကာဆက်ဆံရေးအကြီးအကဲ Mr. Nguyen Duc Thinh ၊ နီကာရာဂွါနိုင်ငံမှ Mr. Mario jose Armengol Campos၊ အိန္ဒိယနိုင်ငံမှ အငြိမ်းစားဗိုလ်ချုပ် Mr. Sahni Arun Kumar တို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့များနှင့် မြန်မာ–ဂျပန်အသင်း (MJA) ကိုယ်စားလှယ်အဖွဲ့တို့ပါဝင်သည့် နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့် လေ့လာသူများနှင့် ပြည်တွင်းအခြေစိုက် နိုင်ငံခြားသံရုံးများမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် နေပြည်တော်ကောင်စီနယ်မြေရှိ မဲရုံများသို့ သွားရောက်၍ မဲရုံမှူးများ၊ ကိုယ်စားလှယ်လောင်းများနှင့် မဲဆန္ဒရှင်များအား တွေ့ဆုံကာ ရွေးကောက်ပွဲနှင့် ပတ်သက်ပြီး ဆွေးနွေးလေ့လာ စောင့်ကြည့်မှုများ ပြုလုပ်ကြသည်။

ယခု ကျင်းပလျက်ရှိသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ မဲပေးပိုင်ခွင့် ရှိသူမဲဆန္ဒရှင် စုစုပေါင်း ၂၄ ဒသမ ၂၆ သန်းကျော်ရှိပြီး မဲဆန္ဒနယ် ၆၉၂ နယ်၌ နိုင်ငံရေးပါတီများအနေဖြင့် ပြည်ထောင်စု တစ်ဝန်းလုံးတွင် ယှဉ်ပြိုင်မည့်ပါတီ ခြောက်ပါတီနှင့် တိုင်းဒေသကြီး/ပြည်နယ် တစ်ခုအတွင်းတွင် ယှဉ်ပြိုင်မည့်ပါတီ ၅၁ ပါတီ စုစုပေါင်း ၅၇ ပါတီမှ ကိုယ်စားလှယ်လောင်း ၄၈၆၃ ဦးက ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**





❑ *ကျောဖုံးမှ*

အက်စ်တွန်ဗီလာအသင်းမှ ဝတ်ကင်စ် အထူးခြေစွမ်းပြသနိုင်ခဲ့ပြီး ပွဲချိန် ၆၃ မိနစ်နှင့် ၈၄ မိနစ်တွင် သွင်းဂိုးနှစ်ဂိုးစလုံးကို သွင်းယူနိုင်ခဲ့သည်။ အက်စ်တွန်ဗီလာအသင်းသည် ယခုပွဲစဉ်နိုင်ပွဲရရှိခဲ့သည့်အတွက် နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် ပြိုင်ပွဲစုံ ၁၁ ပွဲတွင် ၁၁ ပွဲစလုံး နိုင်ပွဲရရှိခဲ့သည်။

အခြားပွဲစဉ်ရလဒ်များတွင် မန်စီးတီးက နော့တင်ဟမ်ဖောရက်စ်ကို နှစ်ဂိုး–တစ်ဂိုး၊ အာဆင်နယ်က ဘရိုက်တန်ကို နှစ်ဂိုး–တစ်ဂိုး၊ ဘရန့်ဖို့ဒ်က ဘုန်းမောက်ကို လေးဂိုး–တစ်ဂိုး၊ လီဗာပူးက ဝုဖ်ကို နှစ်ဂိုး–တစ်ဂိုး၊ ဖူလ်ဟမ်က ဝက်စ်ဟမ်းကို တစ်ဂိုး–ဂိုးမရှိဖြင့် နိုင်ပွဲရရှိခဲ့ပြီး ဘန်လေနှင့် အဲဗာတန်အသင်းပွဲစဉ်တွင် ဂိုးမရှိသရေကျခဲ့သည်။ **အောင်ဇော်**

## ပြင်ဆင်ဖတ်ရှုပါရန်

ဒီဇင်ဘာ ၂၈ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၆ တွင်ပါရှိသည့် မြန်မာ့စာမျက်နှာသစ် – ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ဆောင်းပါးပါဇယားတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ (NUP) ဥက္ကဋ္ဌ **ဦးဟန်ထွန်း** အစား **ဦးဟန်ရွှေ** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

# ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း တိုင်းဒေသကြီး မြို့နယ်များရှိ မဲရုံအသီးသီးတွင် မဲဆန္ဒရှင်ပြည်သူများ လွတ်လပ်စွာဆန္ဒမဲပေးနေမှု ကြည့်ရှုအားပေး

**ရန်ကုန် ဒီဇင်ဘာ ၂၈**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ယနေ့နံနက် ၆ နာရီတွင် ရွေးကောက်ပွဲကျင်းပရန် ကြေညာထားသည့် ရန်ကုန်တိုင်းဒေသကြီး မြို့နယ်များရှိ သတ်မှတ်မဲရုံများ၌ ကျင်းပလျက်ရှိရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် မိသားစုဝင်များသည် မဲဆန္ဒရှင်ပြည်သူများနှင့်အတူ မရမ်းကုန်းမြို့နယ် အမှတ်(၅)ရပ်ကွက်ရှိ မဲရုံအမှတ်(၈)၌ မိမိတို့ကြိုက်နှစ်သက်ရာ ကိုယ်စားလှယ်လောင်းများကို မဲရုံစည်းမျဉ်း စည်းကမ်းများနှင့်အညီ ဆန္ဒမဲပေးရွေးချယ်ကြသည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တိုင်းဒေသကြီးဝန်ကြီးများသည် ကမာရွတ်မြို့နယ်အတွင်း အမှတ်(၈)ရပ်ကွက် အမှတ်(၇) အခြေခံပညာမူလတန်းကျောင်းရှိ မဲရုံအမှတ်(၃)နှင့် အမှတ်(၄)၊ အမှတ်(၇) ရပ်ကွက် ရွှေကိန္နရီအိမ်ရာရှိ မဲရုံ အမှတ်(၂)၊ အမှတ်(၇)ရပ်ကွက် အမှတ်(၁၄)အခြေခံပညာမူလတန်းကျောင်းရှိ မဲရုံအမှတ်(၃)၊ မရမ်းကုန်းမြို့နယ် အမှတ်(၆)ရပ်ကွက် အမှတ်(၂၁)အခြေခံပညာမူလတန်းကျောင်းရှိ မဲရုံအမှတ် (၁)နှင့်အမှတ်(၂)၊ အမှတ်(၇)ရပ်ကွက် ရန်ကုန်တိုင်းစစ်ဌာနချုပ် အနော်ရထာခန်းမရှိ မဲရုံအမှတ်(၄)နှင့် အမှတ် (၅)၊ သင်္ဃန်းကျွန်းမြို့နယ် အမှတ်(၂၅) ရပ်ကွက် အထက (သုဝဏ္ဏ)ရှိ မဲရုံအမှတ်(၁)နှင့် အမှတ်(၂)၊ (င/က)ရပ်ကွက်လေ့ကျင့်ရေးအထက်တန်းကျောင်းရှိ မဲရုံ(၂)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၂၅)ရပ်ကွက် ပုညကုသလဓမ္မာရုံရှိ မဲရုံအမှတ်(၁)၊ အမှတ်(၂၅) ရပ်ကွက် အခြေခံပညာမူလတန်းကျောင်းရှိ မဲရုံအမှတ်(၂)၊အမှတ်(၃)နှင့်အမှတ်(၄)၊ အမှတ်(၂၁) ရပ်ကွက်အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ မဲရုံအမှတ်(၂)နှင့် အမှတ်(၃)၊ သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာအုပ်စု ကွမ်းခြံကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းရှိ မဲရုံအမှတ်(၅)နှင့် အမှတ်(၆)၊ ညောင်သုံးပင်ကျေးရွာအုပ်စု၊ University of Co– operative and Management၊ ဥတ္တရပရိဝုဏ်ရှိ မဲရုံအမှတ်(၁)၊ အမှတ်(၂)နှင့် အမှတ်(၃)၊ ဗိုလ်တထောင်မြို့နယ် အမှတ်(၄)ရပ်ကွက် အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်ရှိ မဲရုံအမှတ်(၂)၊ ကျောက်တံတားမြို့နယ် အမှတ်(၁)ရပ်ကွက် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းရှိ မဲရုံအမှတ်(၁)တို့တွင် မဲဆန္ဒရှင်ပြည်သူများက မိမိတို့ကြိုက်နှစ်သက်ရာ ကိုယ်စားလှယ်လောင်းများ မဲရုံစည်းမျဉ်း စည်းကမ်းများနှင့်အညီ လွတ်လပ်စွာဆန္ဒမဲပေးနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် တောင်ကြီးမြို့၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင် ပြည်သူများ အေးချမ်းစွာဆန္ဒမဲပေးနေမှု ကြည့်ရှုအားပေး

**တောင်ကြီး ဒီဇင်ဘာ ၂၈**

တောင်ကြီးမြို့၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အပိုင်း(၁)ကို ယနေ့နံနက် ၆ နာရီတွင် စတင်ကျင်းပပြီး တောင်ကြီးမြို့ သစ်တောရပ်ကွက် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဒေါ်ခင်သိန်းခန်းမရှိ မဲရုံအမှတ်(၂)၌ မဲရုံးမှူးက မဲရုံစတင်ဖွင့်လှစ်ကြောင်း ကြေညာရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် ဇနီးတို့သည် မဲဆန္ဒရှင် ပြည်သူများနှင့်အတူ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် မဲစာရင်းလက်မှတ်များပြသ၍ မိမိကြိုက်နှစ်သက်ရာ ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးကြသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် တောင်ကြီးမြို့ သစ်တောရပ်ကွက် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှိ မဲရုံအမှတ်(၁)နှင့် အမှတ်(၂)၊ မင်္ဂလာဦးရပ်ကွက် အမှတ်(၁၀) အခြေခံပညာမူလတန်းကျောင်းရှိ မဲရုံအမှတ်(၁)၊ စဝ်စံထွန်းရပ်ကွက် ဆေးရုံဝင်းရှိ မဲရုံအမှတ်(၄)၊ ညောင်ဖြူစခန်းရပ်ကွက် အမှတ်(၂) အခြေခံပညာမူလတန်းလွန်ကျောင်းရှိ မဲရုံအမှတ်(၁)၊ အမှတ်(၂)နှင့် အမှတ်(၃)၊ စိန်ပန်းရပ်ကွက် အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်းရှိ မဲရုံအမှတ်(၁)နှင့် အမှတ်(၂)၊ ကျောင်းကြီးစုရပ်ကွက် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းရှိ မဲရုံအမှတ်(၁)နှင့် အမှတ်(၂)တို့တွင် သွားရောက်၍ ဒေသခံ မဲဆန္ဒရှင်ပြည်သူများက ကြိုက်နှစ်သက်ရာ ကိုယ်စားလှယ်လောင်းများအား အေးချမ်းလွတ်လပ်စွာ ရွေးချယ်ဆန္ဒမဲပေးနေမှုကို ကြည့်ရှုအားပေးသည်။

ထို့အတူ ရှမ်းပြည်နယ်အတွင်း ရွေးကောက်ပွဲအပိုင်း (၁) တွင် ပါဝင်သည့် ဟိုပုံးမြို့နယ်၊ လွိုင်လင်မြို့နယ်၊ လင်းခေးမြို့နယ်၊ ပင်းတယမြို့နယ်၊ နမ့်စန်မြို့နယ်၊ ကျိုင်းတုံမြို့နယ်၊ တာချီလိတ်မြို့နယ်၊ မိုင်းဆတ်မြို့နယ်၊ နောင်ချိုမြို့နယ်၊ လားရှိုးမြို့နယ်နှင့် မူဆယ်မြို့နယ်များတွင်လည်း မဲဆန္ဒရှင်ပြည်သူများအနေဖြင့် သက်ဆိုင်ရာမြို့နယ် ရပ်ကွက်၊ ကျေးရွာ၊ အုပ်စုများရှိ မဲရုံများတွင် အေးချမ်းလွတ်လပ်စွာ မဲရုံစည်းမျဉ်း စည်းကမ်းများနှင့်အညီ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့်အတူ မဲစာရင်းလက်မှတ်များ ကိုင်ဆောင်တန်းစီ၍ ဆန္ဒမဲပေးလျက်ရှိကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

ဆင်ပေါင်ဝဲမြို့နယ်ရှိ လက်ပံကျေးရွာ၊ ရွာလင်းကျေးရွာနှင့် မကြီးရင်းကျေးရွာတို့တွင် မဲရုံအဖြစ်ဆောင်ရွက်မည့် စာသင်ကျောင်းများအား မီးဘေးကြိုတင်ကာကွယ်ရေး ဒီဇင်ဘာ ၂၈ ရက်က မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဆန်းဝင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်ရေးပစ္စည်းများထားရှိမှုနှင့် လျှပ်စစ်မီးသုံးစွဲမှုကြည့်ရှုစစ်ဆေးစဉ်။ ခန့်ဝင်း(ဆင်ပေါင်ဝဲ)



❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card ၊ Mobile Payment Account ၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း စစ်တွေမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ မဲပေးနေမှုကြည့်ရှု

**စစ်တွေ ဒီဇင်ဘာ ၂၈**

စစ်တွေမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အပိုင်း(၁)ကို ယနေ့နံနက် ၆ နာရီတွင် စတင်ကျင်းပလျက်ရှိရာ မဲရုံများတွင် မဲဆန္ဒရှင်ပြည်သူများ အေးချမ်းစွာလာရောက်မဲပေးနေမှုကို ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်ဇနီး၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ကြီး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ လှည့်လည်ကြည့်ရှုအားပေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ တာဝန်ရှိသူများသည် စစ်တွေမြို့နယ် အနောက်စံပြရပ်ကွက် မဲရုံအမှတ်(၁)တွင် ဆန္ဒမဲပေးရန်လာရောက်ကြသည့် ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး အဆိုပါမဲရုံအမှတ်(၁)၌ မဲဆန္ဒရှင်ပြည်သူများနှင့်အတူ ပါဝင်ဆန္ဒမဲပေးကြသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးများသည် ရခိုင်ပြည်နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးကြသည်။

ရခိုင်ပြည်နယ်တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို စစ်တွေမြို့နယ်၊ ကျောက်ဖြူမြို့နယ်နှင့် မာန်အောင်မြို့နယ်များတွင် ကျင်းပလျက်ရှိရာ မဲဆန္ဒရှင်များက မဲရုံပေါင်း ၁၆၄ ရုံတွင် အေးချမ်းစွာ ဆန္ဒမဲပေးလျက်ရှိပြီး ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ရွေးကောက်ပွဲကို လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရေး၊ မဲပေးခွင့်ရှိသူအားလုံး မဲပေးခွင့်ရရှိရေး၊ မဲမသမာမှုဖြစ်စဉ်များမဖြစ်စေရေး၊ မဲပေးသူများ လုံခြုံအေးချမ်းစွာ မဲပေးနိုင်ရေး အထူးကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ပြည်နယ်အစိုးရအဖွဲ့မှ မဲဆန္ဒရှင်ပြည်သူများ သွားလာမှုအဆင်ပြေစေရန်အတွက် မော်တော်ယာဉ်များဖြင့် ကြိုပို့ဆောင်ရွက်ပေးကာ သောက်ရေသန့်များနှင့် စားသောက်ဖွယ်ရာများ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

**ဓာတ်ပုံ – ဝင်းမင်းစိုး**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မုံရွာမြို့ပေါ်ရှိ သတ်မှတ်မဲရုံများ၌ မဲဆန္ဒရှင်ပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ဆန္ဒမဲပေးနေမှု လိုက်လံကြည့်ရှု

**မုံရွာ ဒီဇင်ဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် အားကစားနှင့်ကာယပညာသိပ္ပံ(မုံရွာ)သို့ ရောက်ရှိကာ သတ်မှတ်မဲရုံများတွင် နန္ဒဝန်ရပ်ကွက်ရှိ မဲဆန္ဒရှင်ပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ဆန္ဒမဲပေးနေမှုများနှင့် မဲဆန္ဒရှင်ပြည်သူများအား သောက်သုံးရေများနှင့် အချိုရည်များ ဝေငှပေးနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် မုံရွာမြို့ ပြည်သူ့ကစားကွင်းအတွင်းရှိ မိုးလုံလေလုံအားကစားခန်းမရှိ မဲရုံများတွင် ရုံးကြီးရပ်ကွက်ရှိ မဲဆန္ဒရှင်ပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ဆန္ဒမဲပေးနေမှုများကို လိုက်လံကြည့်ရှုကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးကာ မဲဆန္ဒရှင်ပြည်သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာမြို့ အိုးဘိုတောင်ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ ကွေ့ကြီးရပ်ကွက် အမှတ်(၂၅) အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၊ အောင်ချမ်းသာရပ်ကွက် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းတို့ရှိ သတ်မှတ်မဲရုံများတွင် ပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ဆန္ဒမဲပေးနေမှုတို့ကို လိုက်လံကြည့်ရှုပြီး မဲဆန္ဒရှင်ပြည်သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ယမန်နေ့ကလည်း တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးတရားသူကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် ဇနီးများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများသည် မုံရွာမြို့ ပြည်ထောင်စုလမ်း ရထားသံလမ်းတစ်လျှောက် တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများ စုပေါင်း၍ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။



ထို့နောက် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများနှင့် ရပ်ကွက်နေပြည်သူများကို တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနက စားသုံးဆီများ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနေမှုကို ကြည့်ရှုအားပေးပြီး သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသူများကို နံနက်စာများဖြင့် ဧည့်ခံကျွေးမွေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာမြို့ ပြည်သူ့အားကစားကွင်းအတွင်း၌ ကျင်းပပြုလုပ်လျက်ရှိသည့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာအားကစားလလူထုလှုပ်ရှားမှုအထိမ်းအမှတ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ဝန်ကြီးဌာနပေါင်းစုံနှင့် တက္ကသိုလ်/ဒီဂရီကောလိပ်ပေါင်းစုံ ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြရာ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန(၂)အသင်းက လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန(၁)အသင်းကို လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိသွားကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကယားပြည်နယ်ဝန်ကြီးချုပ် လွိုင်ကော်မြို့ပေါ်ရပ်ကွက်များ၌ ပြည်သူများဆန္ဒမဲပေးနေမှု ကြည့်ရှုအားပေး

**လွိုင်ကော် ဒီဇင်ဘာ ၂၈**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ယနေ့နံနက် ၆ နာရီမှစတင်၍ နိုင်ငံတစ်ဝန်းလုံးတွင် ကျင်းပပြုလုပ်လျက်ရှိပြီး ကယားပြည်နယ်အတွင်း ရွေးကောက်ပွဲ အပိုင်း(၁)အနေဖြင့် လွိုင်ကော်မြို့နယ်နှင့် ဘောလခဲမြို့နယ်တို့တွင်ကျင်းပရာ မဲဆန္ဒရှင်ပြည်သူအားလုံးက သက်ဆိုင်ရာမဲရုံများ၌ လာရောက်၍ ဆန္ဒမဲပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် တာဝန်ရှိသူများနှင့်အတူ လွိုင်ကော်မြို့ပေါ်ရပ်ကွက်များရှိ မဲရုံများတွင် ပြည်သူများ လာရောက်ဆန္ဒမဲပေးနေမှု အခြေအနေများ၊ မဲရုံနှင့်ဝေးကွာသည့်နေရာများမှ မဲဆန္ဒရှင်ပြည်သူများကို သက်ဆိုင်ရာ မဲရုံများသို့ သွားရောက်ဆန္ဒမဲပေးနိုင်ရန်အတွက် မော်တော်ယာဉ်များဖြင့် ကြို/ပို့ဆောင်ရွက်ပေးနေမှု အခြေအနေများကို ကြည့်ရှုအားပေးသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ထေးသမရပ်ကွက် မဲရုံအမှတ်(၁)နှင့် အမှတ်(၂) မဲရုံများတွင် မဲဆန္ဒရှင်ပြည်သူများက စိတ်အေးချမ်းသာစွာဖြင့် လာရောက်ဆန္ဒမဲပေးနေမှု၊ မဲပေးရန် စောင့်ဆိုင်းနေမှုနှင့် မဲရုံနှင့်အဝေးတွင် နေထိုင်သည့်နေရာများမှ မဲဆန္ဒရှင်ပြည်သူများ လာရောက်မဲပေးနိုင်ရေး မော်တော်ယာဉ်များဖြင့် ကြို/ပို့ ဆောင်ရွက်ပေးနေမှု အခြေအနေများကို ကြည့်ရှုအားပေးပြီး လုံခြုံရေးတာဝန်ရှိသူများက ပြည်သူများ ဘေးကင်းလုံခြုံစွာမဲပေးနိုင်ရေး လုံခြုံရေး စနစ်တကျဆောင်ရွက်ပေးရန် မှာကြားသည်။

ထို့နောက် လောဝမ္မရပ်ကွက် မဲရုံအမှတ်(၁)၊ အမှတ်(၂)နှင့် အမှတ်(၃)မဲရုံများတွင် ပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ဆန္ဒမဲပေးနေမှုအခြေအနေ၊ နမ့်ဘော်ဝမ်(က)ရပ်ကွက်မဲရုံ၊ နမ့်ဘော်ဝမ်(ခ)ရပ်ကွက်မဲရုံ၊ အောင်သီဟရပ်ကွက်မဲရုံနှင့် နာနတ်တောရပ်ကွက်မဲရုံများတွင် ပြည်သူများဆန္ဒမဲပေးနေမှုနှင့် ဆန္ဒမဲပေးရန် စောင့်ဆိုင်းနေမှု အခြေအနေများကို ကြည့်ရှုအားပေးပြီး မဲဆန္ဒရှင်ပြည်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်စကားများ ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဒေါဥခူရပ်ကွက် မဲရုံအမှတ်(၁)၊ အမှတ်(၂)၊ နမ့်ဘော်ဝမ်(က) ရပ်ကွက် မဲရုံအမှတ်(၁)၊ မထောခူရပ်ကွက် မဲရုံအမှတ်(၁)၊ ဒေါတမရပ်ကွက် မဲရုံအမှတ်(၂)၊ ပန်ကန်းကျေးရွာအုပ်စု မဲရုံအမှတ်(၁)တို့သို့ သွားရောက်ကာ မဲဆန္ဒရှင်ပြည်သူများ လာရောက်ဆန္ဒမဲပေးနေမှု၊ ဆန္ဒမဲပေးရန် စောင့်ဆိုင်းနေမှု အခြေအနေများနှင့် မဲရုံများတွင် ဆန္ဒမဲပေးရန် စောင့်ဆိုင်းနေကြသည့် ပြည်သူများအတွက် သောက်ရေသန့်၊ အချိုရည်နှင့် မုန့်များပေးဝေနေမှုများကို ကြည့်ရှုအားပေးပြီး မဲဆန္ဒရှင်ပြည်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်စကားများ ပြောကြားသည်။

ကယားပြည်နယ် အတွင်း ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁) တွင် လွိုင်ကော်မြို့နယ်၌ မဲရုံ ၈၂ ရုံ၊ ဘောလခဲမြို့နယ်၌ မဲရုံခြောက်ရုံဖြင့် ကျင်းပရာ မဲဆန္ဒရှင်ပြည်သူများက စိတ်အားထက်သန်စွာဖြင့် တစ်ခဲနက် လာရောက် ဆန္ဒမဲပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဒီဇင်ဘာ ၂၈**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ **မိုး/ဇလ**

# မွန်ပြည်နယ်ဝန်ကြီးချုပ် ချောင်းဆုံမြို့နယ်အတွင်းရှိမဲရုံများ လှည့်လည်ကြည့်ရှု

**ချောင်းဆုံ ဒီဇင်ဘာ ၂၈**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စုများတွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအတွက် ယနေ့ နံနက်ပိုင်းမှစ၍ မဲရုံများတွင် မဲဆန္ဒရှင်များ လွတ်လပ်၍ အေးချမ်းစွာဆန္ဒမဲပေးလျက်ရှိရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက ကွမ်ရိုက်ကျေးရွာ ပတ္တမြားရတုခန်းမရှိ မဲရုံအမှတ်(၁)၌ ဆန္ဒမဲပေးပြီး မဲရုံအလိုက် ဆန္ဒမဲပေးနေမှုကို လှည့်လည်ကြည့်ရှုသည်။

ပြည်နယ် ဝန်ကြီးချုပ်သည် မြို့နယ်အတွင်းရှိကညော်ကျေးရွာ မဲရုံအမှတ်(၂)၊ မုဒ္ဒန်းကျေးရွာ မဲရုံအမှတ်(၂)၊ တောင်စွန်းကျေးရွာ မဲရုံအမှတ်(၂)၊ ကလို့ကျေးရွာ မဲရုံအမှတ်(၂)၊ ဒရယ်ကျေးရွာ မဲရုံအမှတ်(၂)၊ ကမာမိုကျေးရွာ မဲရုံအမှတ် (၁)၊ ကွမ်ရိုက်ကျေးရွာ မဲရုံအမှတ်(၁)၊ အမှတ်(၂)၊ ကဒါကျေးရွာ မဲရုံအမှတ် (၁)၊ ရွာလွတ်ကျေးရွာ မဲရုံအမှတ် (၁) အမှတ်(၃)၊ ကမနင်းကျေးရွာ မဲရုံအမှတ် (၁) နှင့် ကရင်ဝင်းစိန်ကျေးရွာ မဲရုံအမှတ်(၁)တို့တွင် မဲဆန္ဒရှင်ပြည်သူများ အေးချမ်းစွာ ဆန္ဒမဲပေးနေမှုများကို လှည့်လည်ကြည့်ရှုသည်။



ချောင်းဆုံမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပြည်သူစုစုပေါင်း ၁၁၇၀၃၁ ဦး ရှိပြီး မဲရုံပေါင်း ၇၃ ရုံရှိရာ သက်ဆိုင်ရာမဲရုံများတွင် မဲဆန္ဒရှင်ပြည်သူများ လွတ်လပ်အေးချမ်းစွာ မဲပေးကြကြောင်း သိရသည်။ **ချောင်းဆုံ(ပြန်/ဆက်)**



## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် မိသားစုဝင်များ ပါဝင်ဆန္ဒမဲပေး

ထားဝယ် ဒီဇင်ဘာ ၂၈

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ယနေ့နံနက် ၆ နာရီမှစတင်၍ နိုင်ငံတစ်ဝန်းလုံးတွင် ကျင်းပပြုလုပ်ရာ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် မိသားစုဝင်များ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများက ဆန်းချီရပ်ကွက် အခြေခံပညာမူလတန်းကျောင်း မဲရုံအမှတ်(၁)၌ လွှတ်တော်အသီးသီးအတွက် ကိုယ်စားလှယ်လောင်းများကို လျှို့ဝှက်ဆန္ဒပြုခန်းများတွင် လွတ်လပ်စွာ ဆန္ဒမဲပေးရွေးချယ်ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဒေသခံပြည်သူများ ဆန္ဒမဲပေးရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် စီစဉ်ဆောင်ရွက် ပေးထားမှုများကို ကြည့်ရှုပြီး လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးနိုင်ရေး တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်များတွင် ရပ်ကွက်ကျေးရွာအုပ်စု ၉၉ အုပ်စု၌ မဲရုံပေါင်း ၂၂၅ ရုံ ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး
(ပြန်/ဆက်)

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် စစ်ကိုင်းတိုင်းဒေသကြီးတာဝန်ခံ ဦးမြင့်သိန်း မုံရွာမြို့ရှိ မဲရုံများ၌ မဲဆန္ဒရှင်ဒေသခံပြည်သူများ ဆန္ဒမဲပေးနေမှု ကြည့်ရှုအားပေး

မုံရွာ ဒီဇင်ဘာ ၂၈

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် စစ်ကိုင်းတိုင်းဒေသကြီးတာဝန်ခံ ဦးမြင့်သိန်းသည် တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ရှိ မဲရုံများ၌ မဲဆန္ဒရှင်ဒေသခံပြည်သူများ ဆန္ဒမဲပေးနေမှု လှည့်လည် ကြည့်ရှုအားပေးသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်သည် မုံရွာတက္ကသိုလ်အတွင်းရှိမဲရုံအမှတ်(၁) နှင့်အမှတ်(၂)၊ အားကစားနှင့် ကာယပညာသိပ္ပံ(မုံရွာ) ရှိမဲရုံသုံးရုံနှင့် ကွေ့ကြီးရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အတွင်းရှိ မဲရုံ နှစ်ရုံ၊ ဒေါနခြံရပ်ကွက်အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းအတွင်းရှိ မဲရုံတစ်ရုံ၊ ဆူးလေကုန်းရပ်ကွက် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းအတွင်းရှိ မဲရုံတစ်ရုံတို့တွင် မဲဆန္ဒရှင်ဒေသခံပြည်သူများက မိမိတို့ကြိုက်နှစ်သက်ရာ ကိုယ်စားလှယ်လောင်းများကို မဲရုံစည်းမျဉ်း စည်းကမ်းများနှင့်အညီ ဆန္ဒမဲပေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)





## ကျိုင်းတုံမြို့နယ်၌ ပြည်သူများလွတ်လပ်စွာဆန္ဒမဲပေး

ကျိုင်းတုံ ဒီဇင်ဘာ ၂၈

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအပိုင်း(၁)အား ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စုများအတွင်းရှိ မဲရုံများတွင် ယနေ့နံနက်ပိုင်းက စတင်ကျင်းပရာ မဲဆန္ဒရှင်ပြည်သူများ အေးချမ်းစွာဆန္ဒမဲပေးလျက်ရှိသည်။

၂၀၂၅ ခုနှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ကျိုင်းတုံမြို့နယ်အတွင်း မဲရုံပေါင်း ၁၁၁ ရုံ ဖွင့်လှစ်ထားရှိပြီး မဲဆန္ဒရှင်ပြည်သူများအနေဖြင့် သတ်မှတ်မဲရုံအသီးသီးသို့ စနစ်တကျ တန်းစီစောင့်ဆိုင်းပြီး မဲပေးခဲ့ကြောင်း သိရသည်။

အောင်ဇင်မြင့်(ပြန်/ဆက်)

## လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်

နေပြည်တော် ဒီဇင်ဘာ ၂၈

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့်ရှိနိုင်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ မိုး/ဇလ

❊ ကျောဖုံးမှ

ဆောင်ရွက်ပြီး အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter-Terrorism Operation)ကို ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် စဥ့်ကူးမြို့အား ဒီဇင်ဘာ ၁၉ ရက်တွင် အပြီးတိုင်ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် အဆိုပါ စဥ့်ကူးမြို့နယ်အတွင်း အကြမ်းဖက်သောင်းကျန်းသူများ ခိုအောင်းနေထိုင်မှုမရှိစေရေးအတွက် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ယနေ့တွင် စဥ့်ကူးမြို့နယ် ကျည်တောက်ပေါက်ကျေးရွာသို့ ရောက်ရှိကြရာ ဒေသခံတိုင်းရင်းသားပြည်သူများက အောင်သပြေပန်းများ၊ ပန်းကုံးများဖြင့် သောင်းသောင်းဖြဖြ ဝမ်းပန်းတသာ ကြိုဆိုကြသည်။

အဆိုပါဒေသအတွင်း အကြမ်းဖက်အဖွဲ့များ၏ လုပ်ရပ်များကြောင့် ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး စသည့်လူမှုစီးပွားဘဝများ အဘက်ဘက်မှ ဆုံးရှုံးခြင်းများ ဖြစ်ပေါ်လျက်ရှိသည်။ အကြမ်းဖက်အဖွဲ့များသည် ပြည်သူလူထုအပေါ်



စဥ့်ကူးမြို့နယ် ကျည်တောက်ပေါက်ကျေးရွာသို့ ရောက်ရှိလာသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဒေသခံပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုစဉ်။



စဥ့်ကူးမြို့နယ် ကျည်တောက်ပေါက်ကျေးရွာသို့ ရောက်ရှိလာသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဒေသခံပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုစဉ်။

အကြောင်းမဲ့ခြိမ်းခြောက်ခြင်း၊ ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ ညှဥ်းပန်းနှိပ်စက် အနိုင်ကျင့်ခြင်း၊ ဆက်ကြေးကောက်ခြင်း၊ မြို့ရွာများကိုဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိသဖြင့် အဆိုပါအကြမ်းဖက်သမားများကို လက်မခံနိုင်တော့သည့် ဒေသခံပြည်သူများသည် တပ်မတော်အပေါ် ယုံကြည်အားကိုးမှုများ၊ စိတ်အားထက်သန်စွာ အားပေးထောက်ခံမှုများ ပြုလုပ်လာကြပြီး တပ်မတော်အနေဖြင့်လည်း ပြည်သူများ အေးချမ်းစွာနေထိုင်နိုင်ရန်အတွက် နယ်မြေတည်ငြိမ်အေးချမ်းရေးကို အမြန်ဆုံးရရှိအောင် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းစဉ်များကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ဒီဇင်ဘာ ၃၁ ရက် နံနက်ပိုင်းမှာ ပရီမီယာလိဂ်ပွဲစဉ် (၁၉) မှ ပွဲစဉ် ခြောက်ပွဲကို ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ နိုင်ပွဲဆက်နေတဲ့ အသင်းအချင်းချင်းတွေ့ဆုံမှုအပြင် ရှုံးပွဲဆက်နေတဲ့အသင်းအချင်းချင်းတွေ့ဆုံတဲ့ပွဲစဉ်တွေ ပါဝင်နေတာကြောင့် လက်မလွှတ်တမ်း စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။

**ပရီမီယာလိဂ်ပွဲစဉ် (၁၉)**

၃၁-၁၂-၂၀၂၅ ◆ ဗုဒ္ဓဟူးနေ့

| | | |
|---|---|---|
| ဘန်လေ | - | နယူးကာဆယ် |
| ချယ်ဆီး | - | ဘုန်းမောက် |
| နော့တင်ဟမ် | - | အဲဗာတန် |
| ဝက်စ်ဟမ်း | - | ဘရိုက်တန် |
| အာဆင်နယ် | - | အက်စ်တွန်ဗီလာ |
| မန်ယူ | - | ဝုဖ် |

# အာဆင်နယ်နဲ့ ဗီလာအသင်းတို့ရဲ့ ထိပ်တန်းနှစ်သင်းအားပြိုင်မှုက ဘယ်လိုဖြစ်လာမလဲ





## ချယ်ဆီး VS ဘုန်းမောက် နံနက် ၂း၀၀

နောက်ဆုံးအကြိမ်တွေ့ဆုံမှု ဘုန်းမောက် ၀ - ၀ ချယ်ဆီး


ရှုံးပွဲဆက်နေတဲ့အသင်းအချင်းချင်းတွေ့ဆုံမှုဖြစ်တာကြောင့် အကြိတ်အနယ်ရှိလာမှာ သေချာတယ်။ ချယ်ဆီးက အစပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းထက်မြက်မှုရှိပေမယ့် နောက်ပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းကျဆင်းလာတယ်။ ပြိုင်ဘက် ဘုန်းမောက်ကလည်း ခြေစွမ်းကျဆင်းနေပြီး အောက်တိုဘာ ၂၆ ရက်နောက်ပိုင်း နိုင်ပွဲပျောက်ဆုံးနေတဲ့အသင်းဖြစ်တယ်။ ဘုန်းမောက်ရဲ့ရှုန်းအားကြောင့် ချယ်ဆီးအခက်တွေ့နိုင်ပေမယ့် စတန်းဖို့ဒ်ဘရစ်မှာ သုံးမှတ်အပြည့်ရယူသွားဖွယ်ရှိတယ်။

■ စောင့်ကြည့်ရမယ့်ကစားသမား
ပက်ဒရို
သွင်းဂိုး = ၆

ချယ်ဆီးအသင်း နောက်ဆုံးနှစ်ပွဲရလဒ်
ကာဆယ် ၂-၂ ချယ်ဆီး
ချယ်ဆီး ၁-၂ ဗီလာ

ဘုန်းမောက်အသင်း နောက်ဆုံးနှစ်ပွဲရလဒ်
ဘုန်းမောက် ၁-၁ ဘန်လေ
ဘရန့်ဖို့ဒ် ၄-၁ ဘုန်းမောက်

■ စောင့်ကြည့်ရမယ့်ကစားသမား
ဆီမန်ညို
သွင်းဂိုး = ၉





## အာဆင်နယ် VS ဗီလာ နံနက် ၂း၄၅

နောက်ဆုံးအကြိမ်တွေ့ဆုံမှု ဗီလာ ၂ - ၁ အာဆင်နယ်

အာဆင်နယ်က ဒီရာသီပရီမီယာလိဂ် ၁၈ ပွဲမှာ ပေးဂိုး ၁၁ဂိုးသာ ခွင့်ပြုပေးထားရတာကြောင့် ခံစစ်အကောင်းဆုံးအသင်းအဖြစ် ရပ်တည်နေတယ်။ ဗီလာအသင်းကလည်း နောက်ဆုံးပြိုင်ပွဲစုံ ၁၁ ပွဲဆက် နိုင်ပွဲရရှိထားတယ်။ နိုင်ပွဲဆက်နေတဲ့အသင်းအချင်းချင်းတွေ့ဆုံမှုဖြစ်တာကြောင့် ပြိုင်ဆိုင်မှု ပြင်းထန်လာဖွယ်ရှိတယ်။ နှစ်သင်းစလုံးမှာ အရည်အသွေးမြင့် ထိပ်တန်းကစားသမားတွေ အများအပြားရှိတာကြောင့် အဆုံးသတ်သေချာတဲ့အသင်း နိုင်ပွဲရမယ်။

■ စောင့်ကြည့်ရမယ့်ကစားသမား
ဗစ်တာယိုကာရက်ဇ်
သွင်းဂိုး = ၅

အာဆင်နယ်အသင်း နောက်ဆုံးနှစ်ပွဲရလဒ်
အာဆင်နယ် ၁-၁ ပဲလေ့စ်
အာဆင်နယ် ၂-၁ ဘရိုက်တန်

ဗီလာအသင်း နောက်ဆုံးနှစ်ပွဲရလဒ်
ဗီလာ ၂-၁ မန်ယူ
ချယ်ဆီး ၁-၂ ဗီလာ

■ စောင့်ကြည့်ရမယ့်ကစားသမား
မော်ဂန်ရော်ဂျာစ်
သွင်းဂိုး = ၇





## မန်ယူ VS ဝုဖ် နံနက် ၂း၄၅

နောက်ဆုံးအကြိမ်တွေ့ဆုံမှု ဝုဖ် ၁ - ၄ မန်ယူ

မန်ယူက ပုံမှန်ခြေစွမ်းရဖို့ ရုန်းကန်နေရတဲ့အသင်းဖြစ်ပြီး ပြိုင်ဘက် ဝုဖ်က ပုံမှန်ခြေစွမ်းပြသနိုင်ခြင်း မရှိတဲ့အသင်း ဖြစ်ပါတယ်။ ဝုဖ်က ဒီရာသီမှာအဆိုးရွားဆုံးရာသီတစ်ခုနဲ့ ကြုံနေရတာဖြစ်ပြီး ပရီမီယာလိဂ် ၁၈ ပွဲကစားပြီးချိန်အထိ နိုင်ပွဲရရှိထားခြင်း မရှိသေးဘူး။ ဒါ့အပြင် တိုက်စစ်၊ ခံစစ် အဆိုးရွားဆုံးအသင်းအဖြစ် ရပ်တည်နေတယ်။ အိုးထရက်ဖို့ဒ်မှာ ပထမဆုံးလိဂ်နိုင်ပွဲရှာတွေ့ဖို့ ကြိုးပမ်းလာမယ့် ဝုဖ်အသင်းထက် မန်ယူအသင်းသာ ရမှတ်အပြည့် ရယူသွားဖွယ်ရှိတယ်။

■ စောင့်ကြည့်ရမယ့်ကစားသမား
ကက်စမီရို
သွင်းဂိုး = ၄

မန်ယူအသင်း နောက်ဆုံးနှစ်ပွဲရလဒ်
ဗီလာ ၂-၁ မန်ယူ
မန်ယူ ၁-၀ ကာဆယ်

ဝုဖ်အသင်း နောက်ဆုံးနှစ်ပွဲရလဒ်
ဝုဖ် ၀-၂ ဘရန့်ဖို့ဒ်
လီဗာပူး ၂-၁ ဝုဖ်

■ စောင့်ကြည့်ရမယ့်ကစားသမား
ဆန်တီယေဂို ဘူနို
သွင်းဂိုး = ၂

## နောက်ဆုံးရ အားကစား သတင်းတိုများ

- ရိုးမားနှင့် ပြင်သစ်ကွင်းလယ်ကစားသမား မာနူးကိုနေး (၂၄ နှစ်) သည် လာမည့်နွေရာသီတွင် မန်ယူအသင်းသို့ ပြောင်းရွှေ့ဖွယ်ရှိသည်။
- အာဆင်နယ်အသင်းသည် အေစီမီလန်အသင်းမှ အသက် ၁၉ နှစ်အရွယ် အီတလီခံစစ်ကစားသမား ဒါဗီဒီဘာတေးဆာဂီကို ခေါ်ယူလိုနေသည်။
- နော့တင်ဟမ်၊ ချယ်ဆီးနှင့် ဗီလာအသင်းတို့သည် ဘိုလော့ဂ်နာအသင်းမှ အသက် ၂၁ နှစ်အရွယ် အာဂျင်တီးနားတိုက်စစ်ကစားသမား ဆန်တီယေဂို ကက်စထရိုကို ခေါ်ယူရန် စောင့်ကြည့်နေသည်။
- အီတလီစီးရီးအေ ပွဲစဉ် (၁၇) မှ ဒီဇင်ဘာ ၂၈ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် အေစီမီလန်နှင့် ဗီရိုနာအသင်းပွဲစဉ်တွင် အေစီမီလန်အသင်းက သုံးဂိုးပြတ် အနိုင်ရရှိခဲ့သည်။



# ဩစတြေးလျအိုးပင်းပြိုင်ပွဲကို ဒဏ်ရာကြောင့် ဒရေပါ လွဲချော်ဖွယ်ရှိ

ဗြိတိန်တင်းနစ်အကျော်အမော် ဂျက်ခ်ဒရေပါသည် လာမည့်လတွင် ကျင်းပမည့် ဩစတြေးလျအိုးပင်းပြိုင်ပွဲကို ဒဏ်ရာကြောင့် ပါဝင်ကစားနိုင်ဖွယ်မရှိကြောင်း သိရသည်။

အသက် ၂၄ နှစ်အရွယ် ဗြိတိန်နံပါတ်တစ် တင်းနစ်ကစားသမား ဒရေပါသည် နွေရာသီ ဝင်ဘယ်ဒန်ပြိုင်ပွဲပြီးနောက် တစ်ဦးချင်းပြိုင်ပွဲများတွင် တစ်ပွဲသာ ကစားထားရသေးသည်။ သို့သော်လည်း ၎င်းသည် နှစ်တစ်နှစ်၏ ပထမဆုံးဂရင်းဆလမ်းပြိုင်ပွဲဖြစ်သည့် ဩစတြေးလျအိုးပင်းအမီ တင်းနစ်လောကသို့ ပြန်လည်ဝင်ရောက်ရန် မျှော်လင့်နေဆဲဖြစ်သည်။

ဩစတြေးလျအိုးပင်းပြိုင်ပွဲသည် လာမည့် ဇန်နဝါရီ ၁၈ ရက်တွင် စတင်ကျင်းပတော့မည် ဖြစ်သည်။ ကမ္ဘာ့အဆင့် (၁၀) ရှိ ဒရေပါသည် အဆင်သင့်မဖြစ်သေးဟု ယူဆသည့်အတွက် လန်ဒန်တွင် ကျင်းပမည့် ပြိုင်ပွဲတစ်ခုမှ ဒီဇင်ဘာလအစောပိုင်းတွင် နုတ်ထွက်ထားသူ ဖြစ်သည်။

# နိုင်ဂျီးရီးယားက တူနီးရှားကို အနိုင်ယူပြီး အာဖရိကနိုင်ငံများဖလား ၁၆ သင်းအဆင့်တက်

အာဖရိကနိုင်ငံများဖလားပြိုင်ပွဲမှ ဒီဇင်ဘာ ၂၈ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် နိုင်ဂျီးရီးယားနှင့် တူနီးရှားအသင်းပွဲစဉ်တွင် နိုင်ဂျီးရီးယားအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် နိုင်ပွဲရရှိပြီး ၁၆ သင်းအဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီ ဖြစ်သည်။

နိုင်ဂျီးရီးယားအသင်းသည် အုပ်စု (ဂ) တွင် နှစ်ပွဲကစားပြီး နှစ်ပွဲနိုင် ရမှတ် ၆ မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်ထားသည်။ နိုင်ဂျီးရီးယားအသင်းသည် အုပ်စုနောက်ဆုံးပွဲစဉ်တွင် ယူဂန္ဒာအသင်းနှင့် ဒီဇင်ဘာ ၃၀ ရက်တွင် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

နိုင်ဂျီးရီးယားအသင်းသည် အာဖရိကနိုင်ငံများဖလား အုပ်စု (ဂ) တွင် တူနီးရှား၊ တန်ဇန်နီးယား၊ ယူဂန္ဒာအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်လျက်ရှိသည်။

အခြားပွဲစဉ်အဖြစ် ဒီဇင်ဘာ ၂၈ ရက်နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် ယူဂန္ဒာနှင့် တန်ဇန်နီးယားအသင်းပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။

အုပ်စု (စ)မှ ဂါဘွန်နှင့် မိုဇမ်ဘစ်အသင်းပွဲစဉ်ကို ဒီဇင်ဘာ ၂၈ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ မိုဇမ်ဘစ်အသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။



■ မိုးဇက်-စုစည်းရေးသားသည်

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ လူငယ်များ၏ လွတ်လပ်စွာဆန္ဒမဲပေးမှု မြင်ကွင်းများ


























# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)၌ မဲဆန္ဒရှင်ပြည်သူများ လွတ်လပ်စွာ ဆန္ဒမဲပေးနေမှုမြင်ကွင်းများ

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း (၁)ကို ယနေ့နံနက် ၆ နာရီမှ စတင်ကာ တစ်နိုင်ငံလုံးရှိ ရွေးကောက်ပွဲကျင်းပရန် သတ်မှတ်ထားသည့်နယ်မြေများ၌ စတင်ကျင်းပရာ မဲဆန္ဒရှင်ပြည်သူများ လွတ်လပ်စွာ ဆန္ဒမဲပေးခဲ့ကြသည်။


ကန့်ဘလူမြို့နယ်
အောင်ဝင်းငြိမ်း(ကန့်ဘလူ)


ရေနံချောင်းမြို့နယ်
ရေနံချောင်း(ပြန်/ဆက်)


လားရှိုးမြို့နယ်
ခရိုင်(ပြန်/ဆက်)


ပဲခူးမြို့နယ်
သက်ဖြိုးကြိုင်(ပြန်/ဆက်)


မင်းဘူး(စကု)မြို့နယ်
မောင်မောင်(မင်းဘူး)


ကမာရွတ်မြို့နယ်
စိမ်းလဲ့(ပြန်/ဆက်)


ကျုံပျော်မြို့နယ်
မြို့နယ်(ပြန်/ဆက်)


သန်လျင်မြို့နယ်
သန်းဝင်း(သန်လျင်)


စစ်ကိုင်းမြို့
နေလင်းအောင်(ပြန်/ဆက်)


ကျောက်ဆည်မြို့နယ်
သက်မောင်(ကျောက်ဆည်)


လပွတ္တာမြို့နယ်
ခရိုင်(ပြန်/ဆက်)


ကျိုင်းတုံမြို့နယ်
အောင်ဇင်မြင့်(ပြန်/ဆက်)


စစ်တွေမြို့နယ်
တင်ထွန်း(ပြန်/ဆက်)


သရက်မြို့နယ်
ခရိုင်(ပြန်/ဆက်)


မကွေးမြို့နယ်
ခရိုင်(ပြန်/ဆက်)


ပင်းတယမြို့နယ်
အောင်ကိုဦး(ပြန်/ဆက်)


တနိုင်းမြို့နယ်
မနောမြေ(တနိုင်း)


ဘုတ်ပြင်းမြို့
မြို့နယ်(ပြန်/ဆက်)

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)၌ မဲဆန္ဒရှင်ပြည်သူများ လွတ်လပ်စွာ ဆန္ဒမဲပေးနေမှုမြင်ကွင်းများ

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း (၁)ကို ယနေ့ နံနက် ၆ နာရီမှ စတင်ကာ တစ်နိုင်ငံလုံးရှိ ရွေးကောက်ပွဲ ကျင်းပရန် သတ်မှတ်ထားသည့် နယ်မြေများ၌ စတင်ကျင်းပရာ မဲဆန္ဒရှင် ပြည်သူများ လွတ်လပ်စွာ ဆန္ဒမဲ ပေးခဲ့ကြသည်။


ဥတ္တရသီရိမြို့နယ်
ခရိုင်(ပြန်/ဆက်)


တပ်ကုန်းမြို့နယ်
တင်စိုးလွင်(ပြန်/ဆက်)


ကြံခင်းမြို့နယ်
ဖြိုးဝေလင်း(ပြန်/ဆက်)


မော်လမြိုင်မြို့
စည်သူစိုး(ပြန်/ဆက်)


တာချီလိတ်မြို့နယ်
အေးအေးလတ်(ပြန်/ဆက်)


မအူပင်မြို့
အောင်မြင့်မြတ်(ပြန်/ဆက်)


အောင်လံမြို့နယ်
အာကာ(ပြန်/ဆက်)


မြဝတီမြို့
ဆောင်းနှင်းဖြူ(ပြန်/ဆက်)


ချောင်းဆုံမြို့နယ်
ကိုကျော်(ချောင်းဆုံ)


တာလေမြို့
ရဲထက်ဦး(ပြန်/ဆက်)


ချောင်းသာမြို့
ချောင်းသာ(ပြန်/ဆက်)


ပူတာအိုခရိုင်
ခရိုင်(ပြန်/ဆက်)


ပျဉ်းမနားမြို့နယ်
မြို့နယ်(ပြန်/ဆက်)


ငွေဆောင်မြို့
ဝ၁၄(ငွေဆောင်)


နောင်မွန်းမြို့နယ်
မြို့နယ်(ပြန်/ဆက်)


ကျောက်ဖြူမြို့နယ်
တင်ထွန်းဦး(ပြန်/ဆက်)


ခေါင်လန်ဖူးမြို့နယ်
မြို့နယ်(ပြန်/ဆက်)

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကျင်းပသည့် မန္တလေးတိုင်းဒေသကြီး မြို့နယ် ရှစ်မြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ အေးချမ်းလွတ်လပ်စွာဖြင့် ဆန္ဒမဲများပေး

**မန္တလေး ဒီဇင်ဘာ ၂၈**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ယနေ့တွင် တစ်နိုင်ငံလုံးရှိ ရွေးကောက်ပွဲကျင်းပရန် သတ်မှတ်ထားသည့် နယ်မြေများ၌ နံနက် ၆ နာရီမှ ညနေ ၄ နာရီအထိ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် သတ်မှတ်မဲရုံများ၌ စိတ်အေးချမ်းလွတ်လပ်စွာဖြင့် ဆန္ဒမဲများ ပေးခဲ့ကြသည်။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် အတွင်းရေးမှူးတို့သည် ယနေ့နံနက်ပိုင်းက သတ်မှတ်မဲရုံများတွင် မဲဆန္ဒရှင်ပြည်သူများနှင့်အတူ ဆန္ဒမဲများပေးခဲ့ကြသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်များ၌ မဲရုံများကို နံနက် ၆ နာရီမှ စတင်၍ စနစ်တကျဖွင့်လှစ်ပေးခဲ့ပြီး မဲဆန္ဒရှင်ပြည်သူများကလည်း စိတ်အားထက်သန်စွာဖြင့် မဲရုံ၏ စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာကာ ဆန္ဒမဲများပေးခဲ့ကြပြီး မဲဆန္ဒရှင်ပြည်သူများ စိတ်အေးချမ်းစွာ မဲပေးနေမှုများ၊ မဲရုံတာဝန်ကျဝန်ထမ်းများနှင့် တာဝန်ရှိသူများက လိုအပ်သည်များအား ကူညီဆောင်ရွက်ပေးနေမှုများကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က ဆန္ဒမဲများ ပေးပြီးနောက် လိုက်လံကြည့်ရှုခဲ့ကြသည်။

ယနေ့ ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိကျောက်ဆည်မြို့နယ်၊ ညောင်ဦးမြို့နယ်၊ ပြင်ဦးလွင်မြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ မိတ္ထီလာမြို့နယ်၊ ပျော်ဘွယ်မြို့နယ်၊ ရမည်းသင်းမြို့နယ်၊ အောင်မြေသာစံမြို့နယ် စုစုပေါင်း ရှစ်မြို့နယ်တို့ပါဝင်ပြီး မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပေါင်း ၁၃၅၃၄၉၂ ဦးအတွက် မဲရုံပေါင်း ၁၂၄၂ ရုံကို စနစ်တကျ ဖွင့်လှစ်ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း (၁)ကို မြို့နယ်ပေါင်း ၁၀၂ မြို့နယ်၌ ကျင်းပပြုလုပ်

**နေပြည်တော် ဒီဇင်ဘာ ၂၈**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း (၁) ကို ယနေ့ နံနက် ၆ နာရီမှစတင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ မြို့နယ်ပေါင်း ၁၀၂ မြို့နယ် အတွင်း သတ်မှတ်မဲရုံ အသီးသီး၌ ကျင်းပပြုလုပ်လျက်ရှိသည်။



မှော်ဘီမြို့နယ်မှ မဲဆန္ဒရှင် တစ်ဦး



တောင်ကြီးမြို့နယ်မှ မဲဆန္ဒရှင် တစ်ဦး



တောင်ကြီးမြို့နယ်မှ မဲဆန္ဒရှင် တစ်ဦး



တောင်ကြီးမြို့နယ်မှ မဲဆန္ဒရှင် တစ်ဦး



တောင်ကြီးမြို့နယ်မှ မဲဆန္ဒရှင် တစ်ဦး

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း (၁) အနေဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်ကောင်စီ ရှစ်မြို့နယ်အတွင်းရှိပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် ပြည်သူများက ဇေယျာသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ဥတ္တရသီရိမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်နှင့် တပ်ကုန်းမြို့နယ် မဲရုံများတွင် လာရောက်ဆန္ဒမဲပေးလျက်ရှိကြသည့်မြင်ကွင်းကို တွေ့မြင်ရသည်။

အလားတူ ကချင်ပြည်နယ်တွင် ခြောက်မြို့နယ်၊ ကယားပြည်နယ်တွင် နှစ်မြို့နယ်၊ ကရင်ပြည်နယ်တွင် သုံးမြို့နယ်၊ ချင်းပြည်နယ်တွင် နှစ်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၁၂ မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီးတွင် လေးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီးတွင် ရှစ်မြို့နယ်၊ မကွေးတိုင်းဒေသကြီးတွင် ကိုးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးတွင် ရှစ်မြို့နယ်၊ မွန်ပြည်နယ်တွင် ငါးမြို့နယ်၊ ရခိုင်ပြည်နယ်တွင် သုံးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၁၂ မြို့နယ်၊ ရှမ်းပြည်နယ်တွင် ၁၂ မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးတွင် ရှစ်မြို့နယ် စုစုပေါင်း မြို့နယ်ပေါင်း ၁၀၂ မြို့နယ်၌ ကျင်းပပြုလုပ်ကြပြီး အဆိုပါမြို့နယ်များရှိ သတ်မှတ်မဲရုံအသီးသီး၌ ဒေသခံတိုင်းရင်းသားပြည်သူများက မြန်မာအီလက်ထရောနစ် မဲပေးစက် (Myanmar Electronic Voting Machine – MEVM) အသုံးပြု၍ ဆန္ဒမဲပေးခြင်းများကို ဆောင်ရွက်ကြသည်။

ထိုသို့ ဆန္ဒမဲပေးခြင်းများကို သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ ဒေသခံတိုင်းရင်းသား ပြည်သူများက စနစ်တကျဖြင့် ဆန္ဒမဲပေးခြင်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် အဆိုပါ ပြည်နယ်နှင့် တိုင်းဒေသကြီးများအတွင်းရှိ တိုင်းစစ်ဌာနချုပ်များမှ တပ်မတော်သားအရာရှိ၊ စစ်သည်၊ မိသားစုများကလည်း သက်ဆိုင်ရာ မဲရုံများသို့ သွားရောက်၍ စနစ်တကျ ဆန္ဒမဲပေးခြင်းများ ဆောင်ရွက်ကြသည်။

ထိုသို့ ဆန္ဒမဲလာရောက်ပေးကြသည့် မဲဆန္ဒရှင်ပြည်သူများ လွတ်လပ်၊ အေးချမ်းစွာနှင့် အဆင်ပြေချောမွေ့စွာ ဆန္ဒမဲပေးနိုင်ရေးအတွက် လိုအပ်သည့် မော်တော်ယာဉ်များ၊ ကျန်းမာရေးကဏ္ဍအတွက် ဆေးအဖွဲ့များနှင့် လုံခြုံရေးပိုင်းဆိုင်ရာများကို မဲရုံအသီးသီး၌ ကြိုတင်ပြင်ဆင်ထားရှိကြောင်း သိရသည်။

ထို့အပြင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ မဲရုံများတွင်လည်း နံနက် ၆ နာရီ မဲရုံစတင်ဖွင့်လှစ်သည်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော် အရာရှိကြီးများ၊ ရုံး/ဌာနများ အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များက သက်ဆိုင်ရာ မဲရုံများသို့သွားရောက်၍ စနစ်တကျ ဆန္ဒမဲပေးခြင်းများ ဆောင်ရွက်ကြသည်။

မဲပေးမှုပြီးဆုံးချိန်တွင် မဲရုံမှူးများနှင့်အဖွဲ့ဝင်များသည် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ ရှေ့မှောက်၌ မဲပေးစက် (Control Unit) မှ ရလဒ်များကို ထုတ်ယူကာ စနစ်တကျ ရေတွက်ခြင်းနှင့် ကြိုတင်မဲများကို စနစ်တကျ ရေတွက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ကြသည်။

ယနေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများ၏ လွတ်လပ်စွာဆန္ဒမဲပေးနေမှုများကို ပြည်တွင်း၊ ပြည်ပမှ သတင်းမီဒီယာများနှင့် ရွေးကောက်ပွဲ လာရောက်စောင့်ကြည့်လေ့လာကြသည့် နိုင်ငံတကာ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများကလည်း မဲဆန္ဒရှင်ပြည်သူများ၏ မဲပေးနေမှုများကို လာရောက်လေ့လာစောင့်ကြည့်၍ သတင်းရယူလျက်ရှိသည်။

**မှော်ဘီမြို့နယ်မှ မဲဆန္ဒရှင် တစ်ဦး**

ကျွန်မတို့နိုင်ငံ ဒီထက်ပိုမိုကောင်းမွန်လာမယ်လို့ မျှော်လင့်ပါတယ်။ အခုလိုမျိုး လာရောက်ပြီးတော့ မဲပေးရတဲ့အတွက် ဝမ်းသာပီတိဖြစ်မိပါတယ်။ အခုလိုပေးချင်လို့လည်း အချိန်ပေးပြီးတော့ လာရောက်မဲပေးတာ ဖြစ်ပါတယ်။ ဒီမိုကရေစီ လမ်းကြောင်းပေါ် ကျွန်မတို့ လျှောက်လှမ်းနေတဲ့ အပေါ်မှာလည်း ကောင်းမွန်တဲ့ လမ်းကြောင်း တစ်ခုလို့ မြင်ပါတယ်။ ဒီ MEVM မဲပေးစက်နဲ့ မဲပေးရတဲ့အတွက် အချိန်ကုန်သက်သာတယ်။ မြန်မြန်ဆန်ဆန်ဖြစ်တယ်။ စာရေးဖို့ အဆင်မပြေတဲ့ သူတွေအတွက်လည်း အဆင်ပြေပါတယ်။ ပြီးတော့ ရလဒ်လည်း မြန်မြန်ဆန်ဆန်နဲ့ တိတိကျကျ ထွက်တာပေ့ါ။

**တောင်ကြီးမြို့နယ်မှ မဲဆန္ဒရှင် တစ်ဦး**

မဲလာပေးရတာ အဆင်ပြေမှုရှိပါတယ်။ အရင်တုန်းကတော့ စာရွက်ပေါ်မှာ အမှန်ခြစ် ခြစ်တဲ့အတွက် တချို့ အမှန်ခြစ်ကို မခြစ်တတ်တဲ့သူတွေရှိတော့ ပယ်မဲတွေလည်း များပါတယ်။ အခုကျတော့ ကိုယ်ကြိုက်တဲ့ပါတီကို စက်ခလုတ်နှိပ် ရတဲ့အတွက် အဆင်ပြေမှု အများကြီးရှိပါတယ်။

**တောင်ကြီးမြို့နယ်မှ မဲဆန္ဒရှင် တစ်ဦး**

အခုလိုမျိုး လွတ်လွတ်လပ်လပ်နဲ့ မဲပေးရတဲ့အတွက် ဝမ်းသာပါတယ်။ ပြီးတော့ ပြည်သူလူထုက ဝိုင်းပြီး တင်မြှောက်တဲ့ အစိုးရတစ်ရပ် ပေါ်လာမယ်ဆိုတော့ ဝမ်းသာပါတယ်။

**တောင်ကြီးမြို့နယ်မှ မဲဆန္ဒရှင် တစ်ဦး**

ကျွန်မတို့က အခုမှ စပြီးတော့ မဲပေးရတဲ့အတွက် နည်းနည်းတော့ စိတ်လှုပ်ရှားမှုတော့ ဖြစ်မိပါတယ်။ ဒါပေမယ့် လုံလုံခြုံခြုံနဲ့ ကိုယ်ကြိုက်တဲ့ ကိုယ်စားလှယ်လောင်းကို မဲပေးရတဲ့အတွက်တော့ စိတ်ထဲမှာ ကျေနပ်အားရဝမ်းသာပီတိ ဖြစ်မိပါတယ်။

**တောင်ကြီးမြို့နယ်မှ မဲဆန္ဒရှင် တစ်ဦး**

မဲပေးရတာ အရင်ကထက်စာရင် ပိုပြီးတော့ အဆင်ပြေပါတယ်။ ပြီးတော့ အရမ်းလည်း လွယ်လွယ်ကူကူ လျင်လျင်မြန်မြန် မဲပေးလို့ရတဲ့အတွက် အကြာကြီး တန်းစီစရာလည်း မလိုတော့ဘူး။ အဆင်ပြေပါတယ်။ အခက်အခဲမရှိပါဘူး။ ယုံကြည်မှုကတော့ ရှိပါတယ်။ အရင်ကထက် ပိုပြီးတော့ လုံခြုံမှုလည်း ရှိတယ်။ လွယ်လွယ်ကူကူလည်း မဲပေးရတဲ့အတွက် အရင်ကထက် ပိုပြီးတော့ အဆင်ပြေပါတယ်။ နိုင်ငံသားတစ်ယောက်အနေနဲ့ ဒီလိုမဲပေးခွင့် ရတဲ့အတွက်လည်း အလွန်ပျော်ပါတယ်။

**သတင်းစဉ်**





# ၂၀၂၅ ခုနှစ် ဒီဇင်ဘာအားကစားလ(စတုတ္ထပတ်)စုပေါင်းလမ်းလျှောက်ပွဲများ ကျင်းပပြုလုပ်

**နေပြည်တော် ဒီဇင်ဘာ ၂၈**

လမ်းလျှောက်ခြင်းသည် အရိုးရှင်းဆုံးနှင့် ကျန်းမာရေးအတွက် အကျိုးကျေးဇူးများစွာကို ရရှိစေနိုင်သော အထိရောက်ဆုံး လေ့ကျင့်ခန်းတစ်မျိုးဖြစ်သည့်အတွက် နှစ်စဉ် ဒီဇင်ဘာလကို လူထုအားကစားလအဖြစ် သတ်မှတ်၍ အများပြည်သူ စုပေါင်းလမ်းလျှောက်ပွဲများ၊ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလှုပ်ရှားမှုများ၊ အားကစားပြိုင်ပွဲများကို နိုင်ငံတစ်ဝန်း ကျင်းပပြုလုပ်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ်များနှင့် ကွပ်ကဲမှုအောက် တပ်နယ်များ၌လည်း ကျင်းပပြုလုပ်လျက်ရှိရာ ဒီဇင်ဘာ (စတုတ္ထပတ်) စုပေါင်းလမ်းလျှောက်ပွဲများကို ဒီဇင်ဘာ ၂၇ ရက်နှင့် ယနေ့တို့တွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် ဘောလုံးကွင်း၌လည်းကောင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်းနှင့် တပ်နယ်စုပေါင်းတန်းစီကွင်းများ၌လည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်တပ်နယ်များအလိုက်စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်းနှင့် တပ်နယ်စုပေါင်း တန်းစီကွင်းများ၌လည်းကောင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်းနှင့် တပ်နယ်စုပေါင်းတန်းစီကွင်းများ၌လည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို မန္တလေးနန်းမြို့တွင်းရှိ မြနန်းစံကျော် ရွှေနန်းတော်ကြီးအနီး၌ လည်းကောင်း၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်၏စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမရှေ့၌လည်းကောင်း အသီးသီးကျင်းပပြုလုပ်ကြသည်။

အဆိုပါ စုပေါင်းလမ်းလျှောက်ပွဲများတွင် တိုင်းမှူးများ၊ ဒုတိယတိုင်းမှူးများ၊ တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်း/တပ်ဖွဲ့မှူးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ ပါဝင်ဆင်နွှဲကြ



ပြီး သတ်မှတ်နေရာများ၌ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ ဆောင်ရွက်ခဲ့ကြသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ရုံး/ဌာနများ၏ ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စခန်းမှူးရုံး စခန်းမှူးနှင့် ရုံး/ဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုများ ပါဝင်ဆင်နွှဲ၍ သတ်မှတ်လမ်းကြောင်းများအတိုင်း စုပေါင်းလမ်းလျှောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအပိုင်း (၁) တွင် ပါဝင်သည့် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်၌ ဒီဇင်ဘာ ၂၈ ရက်က မဲရုံအသီးသီး၌ မဲဆန္ဒရှင်ပြည်သူများ လာရောက်ဆန္ဒမဲပေးသည်ကို တွေ့ရစဉ်။

မြို့နယ်(ပြန်/ဆက်)



၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအပိုင်း (၁) ကို ဒီဇင်ဘာ ၂၈ ရက်က ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် စောရန်ပိုင်အနောက်ရပ်ကွက် သာသနာ့အလင်းရောင်ဓမ္မာရုံ မဲရုံသို့ မဲဆန္ဒရှင်ပြည်သူများက လာရောက်ဆန္ဒမဲပေးသည်ကို တွေ့ရစဉ်။

မြို့နယ်(ပြန်/ဆက်)



စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာအုပ်စု မဲရုံများ၌ ဒီဇင်ဘာ ၂၈ ရက်က မဲဆန္ဒရှင်ပြည်သူများ လုံခြုံအေးချမ်းစွာ လာရောက်ဆန္ဒမဲပေးသည်ကို တွေ့ရစဉ်။

ခရိုင်(ပြန်/ဆက်)



၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁) ကို ဒီဇင်ဘာ ၂၈ ရက်က ကျင်းပရာ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ မဲဆန္ဒနယ် အသီးသီးရှိ မဲရုံများ၌ မဲဆန္ဒရှင်ပြည်သူများ လွတ်လပ်စွာ စနစ်တကျ ဆန္ဒမဲပေးသည်ကို တွေ့ရစဉ်။

ကျိုက်ထို(ပြန်/ဆက်)



၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း (၁) ကို ဒီဇင်ဘာ ၂၈ ရက်က ရှမ်းပြည်နယ်အတွင်း ရွေးကောက်ပွဲအပိုင်း (၁)တွင် ပါဝင်သည့် တောင်ကြီးမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ အနေဖြင့် သက်ဆိုင်ရာ မြို့နယ်၊ ရပ်ကွက်ကျေးရွာအုပ်စုများရှိ မဲရုံများတွင် လာရောက်ဆန္ဒမဲပေးသည်ကို တွေ့ရစဉ်။

ပြည်နယ်(ပြန်/ဆက်)



ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးအား ဒီဇင်ဘာ ၂၈ ရက်က ကျင်းပရာ ဒေသခံပြည်သူများက မဲရုံများစတင်ဖွင့်လှစ်ချိန်မှစ၍ တည်ငြိမ်အေးချမ်းစွာဖြင့် ရွေးကောက်ပွဲစည်းမျဉ်းဥပဒေများအတိုင်း လာရောက်ဆန္ဒမဲပေးသည်ကို တွေ့ရစဉ်။

အောင်ဖြိုး(ပြန်/ဆက်)

## တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၈**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၈ ရက်နှင့် ၂၁ ရက်တို့တွင် ပုသိမ်ကြီးမြို့နယ်၊ ရမည်းသင်းမြို့နယ်၊ ပျော်ဘွယ်မြို့နယ်နှင့် ကျောက်ဆည်မြို့နယ်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၅ ဒသမ ၈၉၇ တန်၊ အခြားသစ် ၁၆ ဒသမ ၈၇၉ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၇၅၆၀၀၀ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ဘီးလင်းမြို့နယ် သကြားစက်လမ်းဆုံ၌ မော်တော်ယာဉ် သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ၁၃ မျိုး၊ လူသုံးကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၃၇၇၄၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Caravan တစ်စီး၊ SKAT Truck နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၈၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၂၃၇၇၄၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်၊ ၁၉ ရက်၊ ၂၀ ရက်နှင့် ၂၁ ရက် တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၆ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၆၁၃၃၄၀၀ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် မန္တလေးမြို့တွင်းသို့ အကြမ်းဖက်သောင်းကျန်းသူများ ပစ်ခတ်ခဲ့သည့် ရှော့တိုက်ဒုံးကျရောက်ပေါက်ကွဲခဲ့မှုကြောင့် အပြစ်မဲ့ပြည်သူ နှစ်ဦး ထိခိုက်ဒဏ်ရာများရရှိ၍ မန္တလေးပြည်သူ့ဆေးရုံကြီးတွင် ဆေးဝါးကုသမှုခံယူနေမှုကို သွားရောက်အားပေးပြီး ထောက်ပံ့ငွေများပေးအပ်

**မန္တလေး ဒီဇင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့် အတွင်းရေးမှူးတို့ လိုက်ပါပြီး ယနေ့ နံနက်ပိုင်းက မန္တလေးမြို့တွင်းသို့ အကြမ်းဖက်သောင်းကျန်းသူများ ပစ်ခတ်ခဲ့သည့် ရှော့တိုက်ဒုံး ကျရောက်ပေါက်ကွဲမှုကြောင့် အပြစ်မဲ့ပြည်သူ အရပ်သားနှစ်ဦးမှာ ထိခိုက်ဒဏ်ရာရရှိ၍ မန္တလေးပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသပေးနေမှုအား သွားရောက်ကြည့်ရှုပြီး အားပေးစကားများ ပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

အကြမ်းဖက်သောင်းကျန်းသူများသည် အေးချမ်းစွာနေထိုင်လျက်ရှိသော အရပ်သားပြည်သူများ နေထိုင်ရာ မြို့၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တိုက်ကွက်များဖော်ဆောင်ခြင်း၊ Drop Bomb များဖြင့် တိုက်ခိုက်ခြင်း၊ ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသည့်အပြင် ယနေ့တွင် ကျင်းပသည့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပျက်စီးရာပျက်စီးကြောင်း ကြံရွယ်လျက်နှောင့်ယှက်ဖျက်ဆီးရာ ယနေ့နံနက် ၁ နာရီ မိနစ် ၃၀ ခန့်မှ ၂ နာရီအချိန်ခန့်အထိ ရှော့တိုက်ဒုံးလေးလုံးဖြင့် ပစ်ခတ်ခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူများ ပစ်ခတ်ခဲ့သည့် ရှော့တိုက်ဒုံးများသည် မတ္တရာမြို့နယ် နန်းတော်ကျွန်း ကျေးရွာအနီးသို့ သုံးလုံး၊ မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အမရဋ္ဌာနီအရှေ့ရပ်ကွက်အတွင်း လူနေအိမ်ပေါ်သို့ တစ်လုံး ကျရောက်ပေါက်ကွဲခဲ့သည်။

အောင်မြေသာစံမြို့နယ် အမရဋ္ဌာနီအရှေ့ရပ်ကွက်အတွင်း ကျရောက်ပေါက်ကွဲခဲ့မှုကြောင့် လူနေအိမ်နှစ်လုံး ထိခိုက်ပျက်စီးခဲ့ပြီး ရပ်ကွက်အတွင်း နေထိုင်သူ အသက် (၃၂) နှစ်အရွယ် အမျိုးသားတစ်ဦးနှင့် ၎င်း၏ ဇနီး အသက် (၃၀)အရွယ် အမျိုးသမီးတစ်ဦးတို့ ထိခိုက်ဒဏ်ရာများရရှိခဲ့၍ မန္တလေး ပြည်သူ့ဆေးရုံကြီးသို့ပို့ဆောင်ခဲ့ပြီး လိုအပ်သည့်ဆေးဝါးကုသမှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံ ၅၁၅ လုံးကို စနစ်တကျဖြိုချဖျက်ဆီးပြီးစီး၊ အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများအား စနစ်တကျ ဆက်လက်မီးရှို့ဖျက်ဆီး

**နေပြည်တော် ဒီဇင်ဘာ ၂၈**

မြန်မာနိုင်ငံ အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးအခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင် အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ ခြောက်လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

ယနေ့တွင် မြဝတီ-မဲ့ထော်သလေး (KK Park) အပိုင်း(၃) နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် လေးထပ် အဆောက်အအုံ သုံးလုံး၊ နှစ်ထပ်အဆောက်အအုံ နှစ်လုံးနှင့် ဂိုဒေါင် တစ်လုံး၊ စုစုပေါင်း တရားမဝင် အဆောက်အအုံ ခြောက်လုံးတို့ကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံး အနက် ၅၁၅ လုံးကို စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများအနက် ယာဉ်ယန္တရားများ အသုံးပြု၍ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်ပြီးစီးခဲ့သည့် တရားမဝင် အဆောက်အအုံများကို အလုံးစုံပျက်စီးစေရန်အတွက် လေအိုးမီးအိုးဖြင့် ထပ်မံဖျက်ဆီးခြင်းများကိုလည်း ဒီဇင်ဘာ ၁၄ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် နှစ်ထပ်အဆောက်အအုံငါးလုံးကို ထပ်မံဖျက်ဆီးနိုင်ခဲ့သဖြင့် စုစုပေါင်း အဆောက်အအုံ ၆၆ လုံးတို့ကို ရာခိုင်နှုန်းပြည့် ဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။

ယင်းအပြင် KK park နယ်မြေနှင့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများအား ထပ်မံအသုံးပြုမှု မရှိစေရေးအတွက် ယနေ့တွင်လည်း စနစ်တကျမီးရှို့ဖျက်ဆီးခဲ့ကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်း အင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ KK Park အား ဖောက်ခွဲဖျက်ဆီးမှု။




KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင် ဆောက်လုပ်ထားသည့် နှစ်ထပ် လူနေအဆောက်အအုံ။




KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင် ဆောက်လုပ်ထားသည့် နှစ်ထပ်လူနေအဆောက်အအုံများအား လေအိုးမီးအိုးဖြင့် ဖျက်ဆီးမှု။



KK Park နယ်မြေအတွင်း တရားမဝင်ပစ္စည်းများ မီးရှို့ဖျက်ဆီးမှု။

## ဟိုပုံးမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ဝင် ခွန်စံလွင် ပါဝင်ဆန္ဒမဲပေး

**ဟိုပုံး ဒီဇင်ဘာ ၂၈**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ယနေ့နံနက် ၆ နာရီမှစတင်၍ နိုင်ငံတစ်ဝန်းလုံးရှိ သတ်မှတ်မဲဆန္ဒနယ်များ၌ ကျင်းပရာ ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများအားလုံးအနေဖြင့် သက်ဆိုင်ရာမဲရုံများတွင် ဆန္ဒမဲများပေးကြသည်။

ထိုသို့ ဆန္ဒမဲများပေးကြရာ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ဝင် ခွန်စံလွင်နှင့် ဇနီး၊ မိသားစုဝင်များနှင့်အတူ ဟိုပုံးမြို့ တောင်ရပ်ကွက်ရှိ အမှတ်(၆) အခြေခံပညာ မူလတန်းကျောင်း မဲရုံအမှတ်(၃) ၌ ပါဝင်ဆန္ဒမဲပေးကြသည်။ ဟိုပုံးမြို့နယ်၌ မြို့ပေါ် (၆)ရပ်ကွက်၊ ကျေးရွာအုပ်စု(၂၂) အုပ်စုရှိပြီး မဲရုံစုစုပေါင်း ၇၈ ရုံရှိကြောင်းသိရသည်။ **ပအိုဝ်းဒေသ(ပြန်/ဆက်)**





၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၁) တွင် ပါဝင်သည့် ကရင်ပြည်နယ် မြဝတီမြို့ရှိ သတ်မှတ်မဲရုံအလိုက် ဖွင့်လှစ်သည့် မဲရုံများ၌ ဒီဇင်ဘာ ၂၈ ရက်က မဲဆန္ဒရှင်ပြည်သူများ အေးချမ်းစွာ လာရောက်ဆန္ဒမဲပေးသည်ကို တွေ့ရစဉ်။
ခရိုင်(ပြန်/ဆက်)

## ကျောက်ဆည်မြို့နယ်၌ မဲရုံများသို့ ဆန္ဒမဲလာရောက်ပေးသည့် ပြည်သူများအား ရေသန့်၊ အချိုရည်ဘူးများ ဝေငှ

**ကျောက်ဆည် ဒီဇင်ဘာ ၂၈**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပလျက်ရှိသည့် ကျောက်ဆည် မြို့နယ် မဲရုံများသို့ ဆန္ဒမဲ လာရောက်ပေးသည့် ပြည်သူများအား မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး



ဦးအောင်ဇော်ဦးနှင့် တိုင်းဒေသကြီး ဥပဒေချုပ် ဦးမြင့်အောင်နှင့် တာဝန်ရှိသူများသည် ယနေ့ မွန်းလွဲ ၁ နာရီက ရေသန့်ဘူး၊ အချိုရည်၊ ဒိန်ချဉ်ဘူးများ ဝေငှပေးခဲ့သည်။

ထို့နောက် မဲဆန္ဒရှင်ပြည်သူ ဦးရေများသည့် ကျောက်ဆည် မြို့နယ်မှ အ.ထ.က(၁)၊ အ.ထ.က (၂)၊ လက်ပန်ကျေးရွာ၊ ဆူလေကုန်းကျေးရွာ၊ ဟံမြင့်မိုရ်ကျေးရွာ၊ သံရွာကျေးရွာ မဲရုံများသို့ ကျောက်ဆည်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်ဟိန်း၊ စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထိုက်ထိုက်ဇော်တို့နှင့် အတူ သွားရောက်ပြီး ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ဆန္ဒမဲ လာရောက်ပေးကြသည့် ပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ရေသန့်ဘူး၊ အချိုရည်၊ ဒိန်ချဉ်ဘူးများ ဝေငှပေးခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**



ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်း ၈၈ အုပ်စု၌ လျာထားမဲရုံပေါင်း ၂၁၈ ရုံ၊ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ဒီဇင်ဘာ ၂၈ ရက်က ကျင်းပရာ ဒေသခံ တိုင်းရင်းသားပြည်သူများ လွတ်လပ်အေးချမ်းစွာ လာရောက်ဆန္ဒမဲပေးသည်ကို တွေ့ရစဉ်။ စောမျိုးမင်းသိန်း(ပြန်/ဆက်)

## ကော့သောင်းမြို့နယ်ရှိ ရပ်ကွက် / ကျေးရွာများ၌ မဲရုံအသီးသီးတွင် မဲဆန္ဒရှင်ပြည်သူများ လွတ်လပ်စွာ ဆန္ဒမဲပေး

**ကော့သောင်း ဒီဇင်ဘာ ၂၈**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁) ကို ဒီဇင်ဘာ ၂၈ ရက်က နိုင်ငံတစ်ဝန်း နေရာဒေသအသီးသီးတွင် တစ်ပြိုင်တည်း ကျင်းပလျက်ရှိရာ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်ရှိ မဲဆန္ဒနယ်အသီးသီးရှိ မဲရုံများတွင် မဲဆန္ဒရှင်ပြည်သူများက လွတ်လပ်စွာ စနစ်တကျ ဆန္ဒမဲပေးလျက်ရှိကြသည်။

ထိုသို့ မဲပေးခြင်းဆောင်ရွက်ရာတွင် မဲရုံမဖွင့်လှစ်မီ မဲရုံတာဝန်ရှိသူများက ပါတီကိုယ်စားလှယ်များအား မဲပုံးများပြသ၍ လုံခြုံရေးကြိုးတပ်ဆင်ပြီးနောက် နံနက် ၆ နာရီတိတိတွင် မဲရုံမှူးက မဲရုံဖွင့်လှစ်ကြောင်း ကြေညာသည်နှင့်တစ်ပြိုင်နက် ဆန္ဒမဲပေးရန် စောင့်ဆိုင်းနေသည့် မဲဆန္ဒရှင်ပြည်သူများက နိုင်ငံသားစိစစ်ရေးကတ်နှင့်အတူ မဲစာရင်းလက်မှတ်ပြသပြီး လျှို့ဝှက်ဆန္ဒပြုခန်းများ၌ MEVM မဲပေးစက်



ဖြင့် လွှတ်တော်အသီးသီးအတွက် မိမိကြိုက်နှစ်သက်ရာ ပါတီနှင့် လွှတ်တော် ကိုယ်စားလှယ်လောင်းများအား ဆန္ဒပြုရွေးချယ်ကြသည်။

**ခရိုင်(ပြန်/ဆက်)**



တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်အတွင်း ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁) ကို ရပ်ကွက်/ကျေးရွာများရှိမဲရုံ ၄၉ ရုံ၌ ဒီဇင်ဘာ ၂၈ ရက်က တစ်ပြိုင်တည်း စတင်ကျင်းပရာ ပြည်သူများ အေးချမ်းစွာ လွတ်လပ်စွာ ဆန္ဒမဲပေးစဉ်။ ငွေဇင်ယော်(ထားဝယ်)



စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့တွင် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်က ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို စတင်ကျင်းပရာ မြို့နယ်အတွင်းရှိ သက်ဆိုင်ရာမဲရုံများ၌ မဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်ပြည်သူများက လွတ်လပ်ပျော်ရွှင်စွာ လာရောက်မဲပေးသည်ကို တွေ့ရစဉ်။ ခရိုင်(ပြန်/ဆက်)



မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို မြို့နယ်အတွင်းရှိ မဲဆန္ဒရှင်ပြည်သူများက ဒီဇင်ဘာ ၂၈ ရက်၌ မဲရုံအသီးသီးတွင် ဆန္ဒမဲများ အေးချမ်းစွာ လာရောက်ပေးသည်ကို တွေ့ရစဉ်။
မြို့နယ်(ပြန်/ဆက်)



၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း (၁) ကို စစ်တွေမြို့နယ်၌ ဒီဇင်ဘာ ၂၈ ရက်က ကျင်းပရာ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် လွတ်လပ်စွာ ဆန္ဒမဲပေးစဉ်။
တင်ထွန်း(ပြန်/ဆက်)



ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ရပ်ကွက်ကြီး (၁၁)၊ မဲရုံ(၂) တွင် ဒီဇင်ဘာ ၂၈ ရက်က ပြင်ဦးလွင်မြို့ ပရဟိတ မျက်မမြင်ပညာသင်ကျောင်းရှိ အမြင်အာရုံမသန်စွမ်းသူများနှင့် မသန်စွမ်းသူများ ဆန္ဒမဲပေးစဉ်။
မြို့နယ်(ပြန်/ဆက်)



တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် ဒီဇင်ဘာ ၂၈ ရက်က ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအပိုင်း(၁) ကို ကျင်းပရာ ပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် လာရောက်မဲပေးသည်ကို တွေ့ရစဉ်။
မြင့်ဦး(မြိတ်)

## ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) အုတ်ဖိုမြို့နယ် ဘုန်းစိုးကြီးကျောင်းတိုက် ဦးစီးပဓာနနာယက၊ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တနန္ဒောဘာသ ဘဝနတ်ထံ ပျံလွန်တော်မူ

နေပြည်တော် ဒီဇင်ဘာ ၂၈

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) အုတ်ဖိုမြို့နယ် လွှစင်အုပ်စု ဘုန်းစိုးကြီးကျေးရွာ ဘုန်းစိုးကြီးကျောင်းတိုက် ဦးစီးပဓာနနာယက၊ နိုင်ငံတော်ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တနန္ဒောဘာသ သက်တော် ၁၀၅ နှစ်၊ သိက္ခာ ၈၅ ဝါရှိ မဟာထေရ်မြတ်ကြီးသည် ၁၃၈၇ ခုနှစ် ပြာသိုလဆန်း ၁၀ ရက် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက် တနင်္ဂနွေနေ့ နံနက် ၀၀:၁၅ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ သတင်းစဉ်



ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို သက်ဆိုင်ရာမဲရုံ အသီးသီး၌ ဒီဇင်ဘာ ၂၈ ရက်က ကျင်းပရာ မဲဆန္ဒရှင်တိုင်းရင်းသား ပြည်သူများက အေးချမ်းစွာ လာရောက်ဆန္ဒမဲပေးနေမှုကို တွေ့ရစဉ်။ မြို့နယ်(ပြန်/ဆက်)



မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မြို့နယ်အတွင်းရှိ မဲဆန္ဒရှင်ပြည်သူများ ဒီဇင်ဘာ ၂၈ ရက်က မဲရုံအသီးသီးတွင် လွတ်လပ်စွာ ဆန္ဒမဲများ လာရောက်ပေးစဉ်။ မြို့နယ်(ပြန်/ဆက်)



၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁) တွင်ပါဝင်သည့် မြန်မာနိုင်ငံတစ်ဝန်းရှိ မြို့နယ် ၁၀၂ မြို့နယ်၌ ဒီဇင်ဘာ ၂၈ ရက်က ရွေးကောက်ပွဲများ ကျင်းပလျက်ရှိပြီး ဇမ္ဗူသီရိ မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများ၌ မဲဆန္ဒရှင်ပြည်သူများ လွတ်လပ်စွာ စနစ်တကျ လာရောက်မဲပေးစဉ်။ နီလာ(ပြန်/ဆက်)



၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်ရှိ ရပ်ကွက်/ကျေးရွာအုပ်စု ၆၉ အုပ်စု မဲရုံပေါင်း ၁၃၃ ရုံ၌ ဒီဇင်ဘာ ၂၈ ရက်က ကျင်းပရာ ရပ်ကွက်/ ကျေးရွာအလိုက် မဲဆန္ဒရှင်ပြည်သူများ လာရောက်မဲပေးစဉ်။ ကိုဆက်(ပြန်/ဆက်)



ချောင်းဆုံအနောက်ရပ်ကွက်၌ မဲရုံအမှတ် (၁)တွင် အသက် ၉၈ နှစ်အရွယ် အဘွားတစ်ဦး လာရောက်မဲပေးသည်ကို တွေ့ရစဉ်။ ချောင်းဆုံ(ပြန်/ဆက်)



ချောက်မြို့နယ်၌ အမှတ်(၁၅)ရပ်ကွက် GTI ကျောင်း မဲရုံအမှတ်(၃) တွင် မဲလာပေးသူပြည်သူများအား အချိုရည်နှင့် ရေသန့်များ ဖြန့်ဝေပေးနေသည်ကို တွေ့ရစဉ်။ မြို့နယ်(ပြန်/ဆက်)



တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း (၁) ကို ကျင်းပလျက်ရှိသည့် ရပ်ကွက်/ကျေးရွာအုပ်စုများရှိ မဲရုံအသီးသီးတွင် ဒီဇင်ဘာ ၂၈ ရက်က မဲရုံများစတင်ဖွင့်လှစ်၍ ပြည်သူများ အေးချမ်းစွာ လာရောက်ဆန္ဒမဲပေးစဉ်။ မြို့နယ်(ပြန်/ဆက်)



ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်၌ ဒီဇင်ဘာ ၂၈ ရက်က ကျင်းပသည့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများ လွတ်လပ်စွာ ဆန္ဒမဲပေးစဉ်။ နောင်ချို(ပြန်/ဆက်)

**ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။ ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။**

## နိုင်ငံတော်ဩဝါဒါစရိယဆရာတော် ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) အုတ်ဖိုမြို့နယ် လွှစင်အုပ်စု ဘုန်းစိုးကြီးကျေးရွာ ဘုန်းစိုးကြီးကျောင်းတိုက် ဦးစီးပဓာနနာယက ဘဒ္ဒန္တနန္ဒောဘာသ၏ ထေရုပ္ပတ္တိအကျဉ်း



**ဖွားမြင်တော်မူခြင်း**

ဆရာတော် လောင်းလျာသည် ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) အုတ်ဖိုမြို့နယ် ဘုန်းစိုးကြီးကျေးရွာ ခမည်းတော် ဦးမှင်+မယ်တော်ဒေါ်အေးတို့က ၁၂၈၂ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက် စနေနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

**ရှင်ရဟန်းပြုတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၂၉၇ ခုနှစ် အသက် ၁၅ နှစ်အရွယ်တွင် ဘုန်းစိုးကြီးကျောင်းဆရာတော် ဘဒ္ဒန္တဇောတိကကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၀၆ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက် တနင်္လာနေ့တွင် ဘုန်းစိုးကြီးကျောင်း ခဏ္ဍသိမ်၌ သဲကောကျောင်းဆရာတော် ဘဒ္ဒန္တနာဂကို ဥပဇ္ဈာယ်ပြု၍ ဦးစိုးမောင်+ဒေါ်အုန်းမြ မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

**ပရိယတ္တိစာပေ သင်ယူဆည်းပူးတော်မူခြင်း**

ဆရာတော်လောင်းလျာသည် အုတ်ဖိုမြို့နယ် ဘုန်းစိုးကြီးကျောင်း ဆရာတော်ဘဒ္ဒန္တဇောတိက ကြို့ပင်ကောက်မြို့ တိုက်ကျောင်းပါဠိတက္ကသိုလ် ဆရာတော်ဘဒ္ဒန္တတေဇိန္ဒနှင့် စာချဆရာတော်များ၊ မန္တလေးမြို့ ချမ်းသာကြီးတိုက်ဆရာတော် ဘဒ္ဒန္တနန္ဒမဥ္ဇူနှင့် စာချဆရာတော်များ၊ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ခြောက်ထပ်ကြီး ဘုရားကြီးတိုက်ဆရာတော်နှင့် စာချဆရာတော်များ စသောဆရာတော်များထံတွင် ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့ပါသည်။

**သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် ကြို့ပင်ကောက်မြို့ တိုက်ကျောင်းပါဠိတက္ကသိုလ်နှင့် အုတ်ဖိုမြို့နယ် ဘုန်းစိုးကြီးကျောင်းတိုက်တို့တွင် စာသင်သား ရဟန်း၊ သာမဏေများအား ပရိယတ္တိစာပေများ သင်ကြားပို့ချတော်မူခဲ့ခြင်း၊ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တွင် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်အဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်း၊ ပါဠိပထမပြန် စာမေးပွဲကျင်းပရေးအဖွဲ့ဥက္ကဋ္ဌ ဆရာတော်အဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်းနှင့် ယနေ့အထိ နိုင်ငံတော်ဩဝါဒါစရိယအဖြစ် သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၁၀၅ နှစ်၊ သိက္ခာ ၈၅ ဝါ အရ ၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက်၊ (၂၈-၁၂-၂၀၂၅)၊ တနင်္ဂနွေနေ့၊ နံနက် ၀၀:၁၅ နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိပါသည်။ **သတင်းစဉ်**



၂၀၂၅ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ဒီဇင်ဘာ ၂၈ ရက်က ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ မဲရုံအသီးသီးတွင် မဲဆန္ဒရှင်ပြည်သူများ လာရောက်ဆန္ဒမဲပေးစဉ်။ အောင်သူရဦး(ဒက္ခိဏ)

## မန္တလာတက္ကသိုလ် ကျွမ်းကျင်မှုအတတ်ပညာ (Job-Ready Skills) Certificate သင်တန်း လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် မန္တလာတက္ကသိုလ် ခရီးသွားလုပ်ငန်း ပညာဌာနမှ Certificate in Job-Ready Skills (Food & Beverage Service) အစားအစာနှင့် အဖျော်ယမကာ ဝန်ဆောင်မှုဆိုင်ရာကျွမ်းကျင်မှု (၃) လ သင်တန်းကို ၅ - ၁ -၂၀၂၆ ရက်မှစ၍ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်။

၂။ အဆိုပါသင်တန်းကို တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုဖူးသူ (သို့မဟုတ်) အခြေခံပညာအထက်တန်း အဆင့် Grade-12 ပြီးမြောက်ခြင်းလက်မှတ် (Completion Certificate) ရရှိပြီးသူများ လျှောက်ထား နိုင်ပါသည်။

၃။ သင်တန်းအချက်အလက်များမှာ

**သင်တန်းစတင်ဖွင့်လှစ်မည့်ရက်** - ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ၊ (၅) ရက်
**သင်တန်းအချိန်** - အပတ်စဉ် (တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး) နံနက် (၇:၀၀) နာရီမှ (၉:၀၀) နာရီအထိ
**သင်တန်းကာလ** - (၃) လ
**သင်တန်းကြေး** - (၃) လ၊ ၉၀၀၀၀ိ/- (ကိုးသောင်းကျပ်တိတိ)
**လက်ခံမည့်သင်တန်းသားဦးရေ** - (၄၀) ဦး

၄။ သင်တန်းတက်ရောက်လိုသူများသည် မန္တလာတက္ကသိုလ် ကျောင်းသားရေးရာဌာနတွင် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် ၂၉-၁၂-၂၀၂၅ ရက်၊ တနင်္လာနေ့မှစ၍ လျှောက်ထားနိုင်ပါသည်။

၅။ အသေးစိတ်သိရှိလိုပါက မန္တလာတက္ကသိုလ် ကျောင်းသားရေးရာဌာန ဖုန်း-၀၉-၉၈၄၇၇၆၆၇၀ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မော်ကွန်းထိန်း**
**ကျောင်းသားရေးရာဌာန**
**မန္တလာတက္ကသိုလ်**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်း အတွင်းရှိ တိုက်အမှတ်(B1)၊ အခန်းအမှတ်(306)၊ အခန်းအမျိုးအစား Type(B)၊ အကျယ်အဝန်း (938) စတုရန်းပေ ရှိသောကွန်ဒိုတိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သည့် ဦးဉာဏ်နေဦး ၇/ဒဥန(နိုင်)၀၁၆၁၂၁ ထံမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စောထက်မွန် ၁၂/ဥကမ(နိုင်)၂၀၆၈၄၃**
**ဖုန်း-၀၉-၄၃၁၂၅၈၃၄**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့် တိလောကရပ်ကွက်၊ စိတ္တလမ်း၊ မြေကွက်အမှတ် (၅) ဟုခေါ်တွင်သောအလျား (၆၀) ပေ၊ အနံ (၂၃) ပေ အကျယ်အဝန်းရှိဘိုးဘွားပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်ခြံမြေ အပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ဦးတင်လှ ၁၂/မဂဒ(နိုင်) ၁၁၉၄၅၅က တရားဝင်လက်ရှိပိုင်ဆိုင်ထားပါကြောင်း၊ စီမံခန့်ခွဲ လွှဲပြောင်း ရောင်းချခွင့်ရှိပါကြောင်း ဝန်ခံကတိပြု ပြောဆိုသည့်အတွက် ကျွန်ုပ်၏ မိတ်ဆွေ ဦးမင်းကိုထိုက် ၇/ကဝန(နိုင်)၁၅၉၂၂၀ က ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေပြီး ဖြစ်ပါသဖြင့် အရောင်းအဝယ်ကို ကန့်ကွက် လိုပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးခွန်ရဲမာန် (LLB), WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၁၅၁)**
**ဖုန်း - ၀၉ -၄၃၀၈၉၄၆၆**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 56W/80102 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 55W/78859 Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်ဝင်း ၅/ရဥန(နိုင်) ၀၅၄၈၇၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 84W/89851 Canda Super Wave 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးတင်ကိုလတ် ၈/မမန(နိုင်)၁၉၄၉၂၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## အမည်(၂)မျိုးဖြင့် လူတစ်ဦးတည်းဖြစ်ကြောင်းကြေညာခြင်း

ကျွန်မ ဒေါ်အိဟန်နီ ၅/မရန(နိုင်)၁၉၉၂၆၅ ၏ ဆယ်တန်းအောင်လက်မှတ်မူရင်း၊ B.Sc(Statistic)ဘွဲ့လက်မှတ် မူရင်းနှင့် PGDL ဘွဲ့လက်မှတ်မူရင်းတို့တွင် အမည်မှာ မနော်အိဟန်နီရွှေဝါ ဟုဖော်ပြထားပြီး၊ မှတ်ပုံတင်မူရင်းနှင့်သန်းခေါင် စာရင်းမူရင်းတို့တွင် ဒေါ်အိဟန်နီဟု ဖော်ပြထား၍ အမည်နှစ်မျိုးဖြစ်သော်လည်း လူတစ်ဦးတည်းသာ ဖြစ်ပါကြောင်း။ **ဒေါ်အိဟန်နီ(ခ)ဒေါ်နော်အိဟန်နီရွှေဝါ ၅/မရန(နိုင်)၁၉၉၂၆၅**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်း အတွင်းရှိ တိုက်အမှတ် (B4)၊ အခန်းအမှတ်(804)၊ အခန်းအမျိုးအစား Type (B)၊ အကျယ်အဝန်း (938) စတုရန်းပေရှိသော ကွန်ဒိုတိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သည့် ဒေါ်အိမ့်သဲစု ၁၃/တကန(နိုင်)၂၈၇၅၄၂ ထံမှ အပြီးအပြတ် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စောထက်မွန် ၁၂/ဥကမ(နိုင်)၂၀၆၈၄၃**
**ဖုန်း-၀၉-၄၃၁၂၅၈၃၄**

## ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ မဂ္ဂင်ကျောင်းလမ်း၊ အမှတ်(၂၆၂)ဟု ခေါ်တွင်သော အကျယ်အဝန်း ပေ(၂၀ x ၁၂)ပေရှိမြေကွက်နှင့်တကွ ယင်းမြေပေါ်ရှိ အဆောက်အအုံ အရောင်းအဝယ်နှင့် စပ်လျဉ်း၍ကန့်ကွက်နိုင်ကြောင်းကြေညာချက်

အထက်ပါလိပ်စာရှိ အိမ်ခြံမြေနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလာသူ ဦးနေဝင်းမောင် ၁၃/လလန(နိုင်)၀၀၂၆၉၂ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်အင်ကြင်းမော် ၁၂/အစန(နိုင်)၂၃၆၃၀၆ က အပြီးအပိုင်ဝယ်ယူရန် အရောင်း အဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေ ထားပြီး ဖြစ်ပါသည်။

ကန့်ကွက်လိုသူ မည်သူမဆိုတို့က ယနေ့မှစ၍ (၁၄) ရက်အတွင်း ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံ ကန့်ကွက်နိုင်ကြောင်း၊ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| ဦးခင်ဇော် | ဒေါ်အိအိဖြူ |
|---|---|
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၆၃၅) | တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၄၈၀) |
| B.Sc, PGDL, HGP.WIPO(Switzerland) | LL.B,DLP, WIPO(Switzerland) |

**အမှတ်(၅၅)၊ ဘားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း -၀၉- ၇၆၃၈၀၈၇၉၁**

## ကန့်ကွက်နိုင်ပါသည်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၂)၊ ရေချမ်းအိုးကျေးရွာရှိ ကွင်းအမှတ် (၆၇၅)၊ ဦးပိုင်အမှတ် (၉၁/၆) ကို ဦးကျော်မြင့် အမည်ဖြင့် ချထားပေးသော မြေဧရိယာ(၄ ဒသမ ၂) ဧကအထဲမှ ခွဲစိတ်၍ အကွက်အမှတ် (A-3, A-4) အကျယ်အဝန်း(အလျား ပေ ၆၀ x အနံပေ ၄၀)ရှိ မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်ကို အရောင်းအဝယ်စာချုပ်များ မြေကွက် လွှဲပြောင်းစာချုပ်များဖြင့် လက်ရှိပိုင်ဆိုင်ထားသူ ဒေါ်ခင်သန္တာကြွယ် (ဘ) ဦးခင်မောင်ကြွယ် ၈/မဘန(နိုင်)၁၃၃၄၃၀ မှ ဥပဒေနှင့်အညီ လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်ဟုပြောဆိုလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကွမ်းဝင်ပန်း ၁၃/ကခန(နိုင်)၁၃၆၁၄၉ မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက် လိုပါကခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ- | လွှဲအပ်ညွှန်ကြားချက်အရ- |
|---|---|
| ဦးကွမ်းဝင်ပန်း | ဦးဇော်မြင့်ထွန်း(LL.B) |
| ၁၃/ကခန(နိုင်)၁၃၆၁၄၉ | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၇၃၂) |
| | အမှတ် (၁၇၄၉)၊ ရပ်ကွက်ကြီး(၁၂)၊ ပြင်ဦးလွင်မြို့ |
| | ဖုန်း-၀၉-၄၀၂၅၆၉၉၀၈ |

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ယခင်မြေတိုင်းရပ်ကွက်အမှတ်-၂၂၊၂၃ (ကမာရွတ်) ၂၆၊ ၂၈ (သမိုင်း)၊ ယခုမြေတိုင်းရပ်ကွက်အမှတ်-၂၂၊ ၂၃၊ ၂၆၊ ၂၈ (မင်းဓမ္မ)၊ မြေကွက်အမှတ်-(၆၂)၊ နှစ် (၆၀) မြေငှားဂရန်စာချုပ်၊ ဧရိယာ ၀ ဒသမ ၀၇၈ ဧကရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့သည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီး ဌာနမှ ထုတ်ပေးသော မြေငှားဂရန်တွင် ဒေါ်မြမြအေး ၁၃/တကန(နိုင်) ၀၁၃၃၈၁ မှ အမည်ပေါက်ပိုင်ဆိုင်ကြောင်းနှင့် တရားဝင်လွှဲပြောင်း ရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုရာကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ် ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါ သည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း၊ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၁၄) ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုသက်သေ အထောက်အထား၊ ဂရန်မူရင်း၊ စာရွက် စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ ကိုယ်တိုင်ကိုယ်ကျ လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်သည်အထိ လာရောက်ကန့်ကွက်မှု တစ်စုံတစ်ရာပေါ်ပေါက်ခြင်း မရှိပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်တင့်(ခ)ဦးခင်ထွန်း တရားလွှတ်တော်ရှေ့နေ (စဉ်-၅၇၅၁/၁၉၉၁)**
**အမှတ်-၃၃/၄၉၊ အခန်း(၃၈)၊Strand Condo(ပ)ထပ်၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း - ၀၉-၅၁၃၉၃၀၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ပခုက္ကူတက္ကသိုလ် နေ့သင်တန်း (၂၁)ကြိမ်မြောက်နှင့် အဝေးသင်သင်တန်း စတုတ္ထအကြိမ်မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ပခုက္ကူတက္ကသိုလ်နေ့သင်တန်း ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မဟာဝိဇ္ဇာဘွဲ့၊ မဟာသိပ္ပံဘွဲ့၊ ဝိဇ္ဇာဂုဏ်ထူးဘွဲ့၊ သိပ္ပံဂုဏ်ထူးဘွဲ့၊ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့် အဝေးသင်သင်တန်း ၂၀၂၅ ပညာသင်နှစ် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ စာမေးပွဲများကို အောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများသည် ပခုက္ကူတက္ကသိုလ်၏ နေ့သင်တန်း (၂၁) ကြိမ်မြောက်နှင့် အဝေးသင်သင်တန်း စတုတ္ထအကြိမ်မြောက် ဘွဲ့နှင်းသဘင်တွင် တက်ရောက်ဘွဲ့ယူရန်နှင့် အဝေးရောက်ဘွဲ့ယူရန် လျှောက်လွှာ တင်သွင်း၍ လျှောက်ထားနိုင်ပါသည်။

**ဘွဲ့နှင်းသဘင်ကြေး**

**တက်ရောက်ဘွဲ့ကြေး** - ၁၅၀၀၀/-(ကျပ်တစ်သောင်းငါးထောင်တိတိ)
**အဝေးရောက်ဘွဲ့ကြေး** - ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)
**လျှောက်လွှာတင်သွင်းရမည့်ရက်**- ၅- ၁-၂၀၂၆ ရက်မှ ၂၆-၁ -၂၀၂၆ ရက်အထိ (စနေနေ့၊ တနင်္ဂနွေနေ့ အပါအဝင်ပိတ်ရက်မရှိ)

**မှတ်ချက်**

၁။ သတ်မှတ်ဘွဲ့လျှောက်လွှာပုံစံဖြင့် စာမေးပွဲနှင့်ဘွဲ့နှင်းဌာနတွင် တင်သွင်း လျှောက်ထားရမည်။

၂။ (၃) လအတွင်း ရိုက်ကူးထားသော($1\frac{3}{2}$ x ၂)လက်မ ကြည်လင်ပြတ်သားသော ဓာတ်ပုံ (၄) ပုံ ပူးတွဲ၍ လျှောက်ထားရမည်ဖြစ်ပြီး မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ (အမျိုးသား) နှစ်သက်ရာဝတ်စုံကို အပြည့်အစုံ စနစ်တကျဝတ်ဆင်ရိုက်ကူးထားသော ဓာတ်ပုံများဖြင့် လျှောက်ထားရမည်။

၃။ သတ်မှတ်ဘွဲ့ကြေးများကို ပခုက္ကူတက္ကသိုလ် ငွေလက်ခံဌာနတွင် ပေးသွင်းရမည် ဖြစ်ပါသည်။

၄။ ဘွဲ့စာမေးပွဲများကို အောင်မြင်ခဲ့ကြသူများသည် ဘွဲ့လျှောက်လွှာ တင်သွင်းသည့် အချိန်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ ၊ တက္ကသိုလ်ဝင် စာမေးပွဲ အောင်လက်မှတ်မိတ္တူ တင်ပြနိုင်မှသာလျှင် ဘွဲ့လျှောက်လွှာများကို လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ အချိန်မီ လျှောက်ထားခြင်း မပြုလျှင် ဘွဲ့နှင်းသဘင်တက်ရောက်ရမည် မဟုတ်ပါ။

၅။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များနှင့် အဝေးရောက် ဘွဲ့လက်မှတ်များကို ဘွဲ့အပ်နှင်းပြီးနောက် (၆) လ ပြည့်သည့်အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

၆။ အဆိုပါ ပညာသင်နှစ်မတိုင်မီ သက်ဆိုင်ရာဘွဲ့အသီးသီးအတွက် ဘွဲ့လျှောက်ထားခြင်း မပြုရသေးသောသူများသည် အဝေးရောက်ဘွဲ့ လျှောက်ထားနိုင်ပါသည်။

၇။ ဘွဲ့နှင်းသဘင်ကျင်းပမည့် အသေးစိတ်အချက်အလက်များကို ပခုက္ကူ တက္ကသိုလ်၊ သင်တန်းရေးရာဌာန ကြော်ငြာသင်ပုန်းများတွင် ထပ်မံကြေညာ သွားမည် ဖြစ်ပါသည်။

၈။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ပခုက္ကူတက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းဌာန၊ အဝေးသင်ဌာနတို့တွင် ရုံးချိန်အတွင်း စုံစမ်းနိုင် ပါသည်။

**ဖုန်း-၀၉-၄၀၀၄၆၅၇၀၉ (နေ့သင်တန်း)**
**ဖုန်း-၀၉-၉၇၀၃၈၂၁၁၉ (အဝေးသင် သင်တန်း)**

**ဌာနမှူး၊ သင်တန်းရေးရာဌာန**
**ပခုက္ကူတက္ကသိုလ်**

## ပတ်စပို့ပျောက်

မိုးနဲမြို့၊ နာပဟောင်ရပ်ကွက်နေ (ဘ) ဦးလုံယွီး ၏သား စိုင်းခေးဆိုင် ၁၃/မနန(နိုင်)၀၃၂၆၈၉ ၏ နိုင်ငံကူး လက်မှတ်အမှတ် (MC-202753) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။

**ဖုန်း-၀၉ -၆၅၂၁၉၆၉၂၉**

## ဖခင်အမည်မှန်

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အ.ထ.က (စက်မှုဇုန်) Grade-2 (B) မှ မောင်အောင်ခန့်ဇော် ၏ ဖခင်အမည်မှန်မှာ ဦးနေလင်းထက် ၁၀/မလမ (နိုင်)၂၁၆၂၂၁ ဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 15W/19520 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 35W/44288 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှော က်ထားခြင်း

ယာဉ်အမှတ် 17U/4586 JRC 125 T/W ယာဉ်လက်ဝယ်ရှိသူ ဒေါ်လင်းလင်းအောင် ၈/ပခက(နိုင်) ၁၄၉၄၅၀ က (ကမ-၃) ပျောက်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက် လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။

**ကညန၊ ခရိုင်ရုံး(ပခုက္ကူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 36W/17529 Kenbo 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြသီတာ ၉/ပသက(နိုင်)၀၉၉၈၆၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## အလိမ္မာ စာမှာရှိ

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်-၆၃(စက်မှုဇုန်)၊ လသာ(၂)လမ်း၊ မြေကွက် အမှတ်-၁၄၉၃ ရှိ (၀ ဒသမ ၀၅၅) ဧက ကျယ်သော နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော တစ်ထပ်လုံးချင်းအဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ် ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာ ရေးကော်မတီတွင် အမည်ပေါက်ပိုင်ဆိုင်၍လက်ဝယ်ထားရှိသူ ဒေါ်လဲ့လဲ့ဝင်း ၁၂/ဒပန(နိုင်)၀၀၁၈၁၁ က အရှုပ်အရှင်း ကင်းရှင်းကာ မိမိတွင်သာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစည်သူကိုကို ၁၂/ပဘတ(နိုင်)၀၂၉၆၉၇ က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေ အဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အိမ်ခြံမြေအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ စ၍ (၁၄) ရက်အတွင်း ပိုင်ဆိုင်မှု စာရွက်စာတမ်း(မူရင်း) အစုံအလင်ဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်များအရ-**

**ဒေါ်ထက်ထက်အောင်(LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၆၈၈)**
**အမှတ် ၅၆၀၊ မာဃ ၁၀လမ်း၊ ၁၂ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ဖုန်း-၀၉-၄၂၃၇၃၆၁၆၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ စည်သာယာရပ်ကွက်၊ ကွင်းအမှတ်(၄၉၇)၊ ဦးပိုင်အမှတ် (စ/၄၁)၊ ဒေါ်မြတ်မြတ်ထွေး အမည်ပေါက် ဂရန်မူရင်း၊ ဧရိယာ ပေ (၆၀'x၄၀') အတွင်း၊ အရှေ့ဘက်ခြမ်း ပေ(၃၀'x၄၀') မြေနှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဝယ်ယူပိုင်ဆိုင် လက်ဝယ်ထားရှိသည့် ဒေါ်လွင်မို့မို့ဝင်း (ဘ)ဦးသန်းဝင်း ၉/ပသက (နိုင်)၁၁၂၇၂၈ ထံမှ ဒေါ်မြတ်မော်စိုး(ဘ)ဦးမြင့်စိုး ၈/ပဖန(နိုင်)၁၁၃၁၈၅ သည် ဝယ်ယူရန်အတွက် စရန်ငွေကျပ် (၁၀,၀၀၀,၀၀၀ိ/-) (ငွေကျပ်သိန်းတစ်ရာတိတိ)ကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသည့် တရားဝင်စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံမှတစ်ဆင့်ဖြစ်စေ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် အောင်မြင်ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။ **ဒေါ်မြတ်မော်စိုး၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခင်မို့မို့ဝင်း LL.B, D.I.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၇၇၁)**
**မြို့မရပ်ကွက်၊ ပုသိမ်ကြီးမြို့**
**ဖုန်း-၀၉-၄၅၆၀၀၀၂၅၆**

## ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ နိဗ္ဗိန္ဒလမ်း၊ အမှတ်(၅၇၃)နေ ဦးသန်းဦး–ဒေါ်အေးအေးသိန်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နေ ဦးစိုးဦး–ဒေါ်ငွေငွေလှိုင်၊ ဦးကျော်ခိုင်ဦး(ဖျာပုံခရိုင်တရားသူကြီး)–ဒေါ်ခင်ငြိမ်းစိုးတို့၏မိခင်ကြီး၊ မြေး ခြောက်ယောက်၊ မြစ် နှစ်ယောက်တို့၏ အဘွား၊ (ဦးစံသောင်း)၏ ချစ်လှစွာသောဇနီး ဒေါ်အုံးမှီ အသက် (၈၆)နှစ် သည် ၂၇–၁၂–၂၀၂၅ ရက် (စနေနေ့) နံနက် ၈:၅၀ နာရီတွင် (၉၆) ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းမိပါသည်။

**တရားရေးဝန်ထမ်းအပတ်စဉ် (၁၅)**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး (၁၇)၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၆၆၄/ဆင်ခေါင်းကွင်း)၊ ဦးပိုင်အမှတ် (၃၅/၄)၊ မြေရေိယာ (၀ ဒသမ ၉၉၁)ကေထဲမှ အရှေ့ ပေ (၆၀)၊ အနောက် ပေ (၆၀)၊ တောင် (၃၇) ပေ၊ မြောက် (၃၇) ပေ (လက်ရှိမြေပေါ်ရှိ အတိုင်းအတာ) မြေနှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး (အုတ်တံတိုင်း၊ သံပန်းခတ်အပြီးစီး) အကွက်အမှတ်(A–1)တို့ကို ဦးဘိုကျော်သန်း ၉/မရတ(နိုင်)၁၂၅၅၆၀ ထံမှ ဒေါ်ခိုင်ရွှေရည်ဝင်း ၉/ပကခ(နိုင်)၀၂၈၆၇၆ က (အရပ်ကတိစာချုပ်)ဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေခဲ့ပြီး ဝယ်ယူခဲ့ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာသည့်ရက်မှစ၍ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ– |
|---|---|
| ဒေါ်ခိုင်ရွှေရည်ဝင်း | ဦးနေမျိုးဇော်(LL.B,D.B.L) |
| ၉/ပကခ(နိုင်)၀၂၈၆၇၆ | တရားလွှတ်တော်ရှေ့နေ |
| | အမှတ် (၁၃၅)၊ မေခလမ်း၊ ရပ်ကွက်ကြီး(၁)၊ |
| | ပြင်ဦးလွင်မြို့ |

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှော ကျ်ထားခြင်း

ယာဉ်အမှတ် 75W/77840 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိုးသူဇာ ၇/ကကန(နိုင်)၀၅၄၂၆၆ က (ကမ–၃) ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(တောင်ငူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှော ကျ်ထားခြင်း

ယာဉ်အမှတ် 81W/33268 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မိုးလွင် ၇/ရတရ(နိုင်)၁၄၇၄၅၆ က (ကမ–၃) ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(တောင်ငူ)**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်၊ သီရိဟေမာလမ်း၊ မြေကွက်အမှတ်(၂၃၃)မြေပေါ်တွင် ဆောက်လုပ်ထားသည့်(၁)ခန်းတွဲ(၈)ထပ်တိုက်၏ တိုက်အမှတ်(၂၉)၊ဒုတိယထပ်၊ (၃)လွှာ၊ အကျယ်အဝန်းပေ ( အလျား ၂၃ Xအနံ ၄၈)ရှိ တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်ဆုဆုဇော်ပို (၁၂/ ဥကတ(နိုင်)၁၅၅၄၂၇) က ဝယ်ယူပိုင်ဆိုင် အကျိုးခံစားရရှိခဲ့ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးကျော်မျိုးဇော် (၁၂/ကမရ(နိုင်)၀၀၀၉၆၂)နှင့် ဒေါ်ကြည်ကြည်မော် (၁၂/ဗဟန(နိုင်)၀၆၆၃၁၃)တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါ၍ ယခုရောင်းချခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါပြီး (၇) ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ– |
|---|---|
| ဦးကျော်မျိုးဇော် | ဒေါ်အေးသူဇာအောင် |
| ၁၂/ကမရ(နိုင်)၀၀၀၉၆၂ | တရားလွှတ်တော်ရှေ့နေ(စဉ်–၁၇၉၄၃) |
| ဒေါ်ကြည်ကြည်မော် | အမှတ် ၇၇၊ ဦးပုညလမ်းနှင့် |
| ၁၂/ဗဟန(နိုင်)၀၆၆၃၁၃ | ဗိုလ်ကြာညွှန့်လမ်းထောင့်(၃၂)ရပ်ကွက်၊ |
| | ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ |
| | ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း–၀၉–၄၂၄၅၉၆၈၃၀ |

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ကန်တော်လမ်း၊ မြေကွက်အမှတ် (၂၇၀)မြေပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ (၆)ထပ်တိုက်၏ တိုက်အမှတ် (၇၈)၊ ပဥ္စမထပ် ၊ (၆)လွှာ၊ ခေါင်းရင်းခန်း၊ တိုက်မျက်နှာမူလျှင်–ဘယ်ဘက်ခြမ်း၊ အကျယ်အဝန်း (၁၂.၅x၅၀) ပေရှိ တိုက်ခန်းတစ်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်တင်တင်အေး ၇/မညန(နိုင်)၀၂၃၉၈၉ က ဝယ်ယူပိုင်ဆိုင် အကျိုးခံစားခွင့်ရရှိခဲ့ပြီး ရောင်းချခွင့်ရှိကြောင်း အဆိုပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်ဥမ္မာမေစိုး ၁၄/ ပသန(ဧည့်)၀၀၁၃၁၉ မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်၍ ယခုရောင်းချခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါပြီး (၇) ရက်အတွင်း ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ– |
|---|---|
| ဒေါ်ဥမ္မာမေစိုး | ဒေါ်အေးသူဇာအောင် |
| ၁၄/ပသန(ဧည့်)၀၀၁၃၁၉ | တရားလွှတ်တော်ရှေ့နေ(စဉ်–၁၇၉၄၃) |
| | အမှတ်(၁၁၂)၊ ပြည်တော်အေးလမ်း၊ |
| | လေးထောင့်ကန်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ |
| | ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း–၀၉–၄၂၄၅၉၆၈၃၀ |

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေကွက်အမှတ် (၂၁၇၉)၊ အကျယ်အဝန်းပေ (၆၀x၆၀)ရှိ မြေကွက်သည် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲရေးဌာနတွင် ဦးစိန်မောင်မြင့် (ဘ)ဦးဖိုးဟန် ၉/လဝန(နိုင်)၁၀၉၄၄၅ ၏ မြေပေးမိန့်အမည်ပေါက်သော မြေကွက်ဖြစ်ပြီး ဦးစိန်မောင်မြင့်မှာ ကွယ်လွန်သွားသဖြင့် ၎င်းအမည်ပေါက်ပိုင်ဆိုင်သော မြေကွက်အမှတ်(၂၁၇၉)၊ အကျယ်အဝန်းပေ(၆၀x၆၀)ကို ဦးစိန်မောင်မြင့်၏သမီး မိုးမိုးခိုင်နှင့် ဦးစိန်မောင်မြင့်၏ ညီအစ်ကိုမောင်နှမများဖြစ်သော ဒေါ်မမလေး၊ ဦးစိန်အောင်၊ ဒေါ်ကြည်ငွေးတို့သည် အမွေဆိုင်အဖြစ်ခွဲဝေခဲ့ရာ သမီးဖြစ်သူမိုးမိုးခိုင်မှ ဖခင်အမည်ပေါက် မြေကွက်အမှတ် (၂၁၇၉)၊ အကျယ်အဝန်းပေ(၆၀x၆၀)၏အနောက်ဘက်ခြမ်းအကျယ်အဝန်းပေ(၄၀x၆၀) အား လက်ရောက်ရယူပြီး ကျန်ပေ (၂၀x၆၀)အား ညီအစ်ကို မောင်နှမများဖြစ်သော ဒေါ်မမလေး၊ ဦးစိန်အောင်၊ ဒေါ်ကြည်ငွေးတို့မှ အမွေအဖြစ်လက်ရောက်ရယူခွဲဝေခဲ့ကြပါသည်။ ယခုအခါတွင် ဒေါ်မမလေး၊ ဦးစိန်အောင်၊ ဒေါ်ကြည်ငွေးတို့လက်ရောက်ရယူခဲ့သော မြေကွက်အမှတ် (၂၁၇၉)၏ အရှေ့ဘက်အခြမ်း အကျယ်အဝန်း ပေ (၂၀x၆၀) ကို ကျွန်ုပ်၏မိတ်ဆွေ ဦးဇင်မင်းသန့် (ဘ)ဦးဘဆန်း ၅/ပလန(နိုင်)၁၀၆၈၉၂ ထံသို့ ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက စာရွက်စာတမ်းအပြည့်အစုံဖြင့် ယခုသတင်းစာကြေညာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အထိ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်တင်ပပထွန်း LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၀၀၉/၂၀၁၆)**
**အမှတ် (၁၅၆၀)၊ မြစ်ငယ်(၁)လမ်း၊ ရွှေကြာပင်ရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊**
**နေပြည်တော်၊ ဖုန်း–၀၉–၂၅၀၂၉၂၃၅၄**

## အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ နဝဒေးအိမ်ရာ၊ အမှတ် (B22/5) နေသူ ဒေါ်ခေါင်ကျင်းပီ (ဘ) ဦးခေါင်ဖူကွယ် ၁၃/ကခန(နိုင်) ၁၀၇၈၆၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်–

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၀)၊ ကွင်း/အကွက်အမှတ် (EE/မြနန္ဒာ)၊ ဦးပိုင်အမှတ် (၅)၊ မြေရေိယာ (၀ ဒသမ ၀၈၃) ဧကရှိ မြေကွက်မှာ ဒုတိယဗိုလ်မှူးကြီး ဘုန်းမြင့်(ငြိမ်း) ၉/မမန(နိုင်)၀၁၄၀၄၄ အမည်ဖြင့် နှစ်(၃၀)မြေငှားဂရန်ရရှိထားသောမြေကွက်နှင့် ယင်းမြေပေါ်ရှိ တစ်ထပ်တိုက် အဆောက်အအုံ(၁)လုံး၊ ရေ၊ မီး၊ မီတာအပါအဝင် မြေပေါ်ရှိ အကျိုးခံစားခွင့်ရပ်ရပ်အားလုံးအား ဦးဘုန်းမြင့် ၉/မမန(နိုင်)၀၁၄၀၄၄ က ဂရန်အမည်ပေါက်ပိုင်ဆိုင်သူဖြစ်ကြောင်း၊ ၎င်းမှရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ခေါင်ကျင်းပီမှ အဆိုပါအိမ်ခြံမြေအား အပြီးအပိုင်ဝယ်ယူရန် ရောင်းကြေးစရန်ငွေကျပ်တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ မြေနှင့်အိမ်အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ကြောင်း ပြောဆိုကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| လွှဲအပ်သူ– | လွှဲအပ်ချက်အရ– |
|---|---|
| ဒေါ်ခေါင်ကျင်းပီ | ဒေါ်နော်ဆာဝါးထူး( LL.B )( D.I.L) |
| ၁၃/ကခန(နိုင်)၁၀၇၈၆၃ | တရားလွှတ်တော်ရှေ့နေ(စဉ်–၁၃၈၁၅) |
| | ယုဇနလမ်းနှင့်ပြည်သာယာလမ်းထောင့်၊ |
| | ရပ်ကွက်ကြီး(၈)၊ ပြင်ဦးလွင်မြို့၊ |
| | ဖုန်း–၀၉–၄၀၂၅၁၀၈၁၈ |

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ် အလက(ခွဲ) ကြပ်စခန်းကျောင်း၌ လ/ထမူလတန်းပြရာထူးဖြင့် တာဝန်ထမ်းဆောင်နေသော ဒေါ်ဥမ္မာမြင့် ၉/သစန(နိုင်)၁၂၅၁၅၁ ၏ ဖခင်အမည် ဦးပါ(ခ)ဦးမြင့်ဆွေမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးပါ(ခ)ဦးမြင့်ဆွေ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ် မူလွန်–ဒဟတ္တော ကျောင်း၌ မူလတန်းပြရာထူးဖြင့် တာဝန်ထမ်းဆောင်နေသော ဒေါ်ကြည်ကြည်ဇေး(ခ)ဒေါ်ကြည်ကြည်အေး ၉/သစန(နိုင်)၀၂၃၅၁၅ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဒေါ်ကြည်ကြည်ဇေး(ခ)**
**ဒေါ်ကြည်ကြည်အေး**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥဿာမြို့သစ်အမှတ် (၇)ရပ်ကွက်၊ မြေတိုင်းအမှတ် (၃)၊ မြေကွက်အမှတ် (၅၉၄)၊ မြေရေိယာ (၀ဒသမ၀၅၅)ဧကရှိမြေအား ဦးတင်ဝင်းမှ မြေငှားဂရန်အသစ် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက မြေငှားဂရန်အသစ်လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့**

■ **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

■ **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ကျွန်းသာယာရပ်ကွက်၊ မြေတိုင်းအမှတ်(၄–သီးသန့်–၁)၊ မြေကွက်အမှတ် (၇)၊ မြေရေိယာ (၀ဒသမ၀၈၂)ဧကရှိမြေအား ဗိုလ်မှူးညိုဝင်းအောင်မှ မြေငှားဂရန်အသစ် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက မြေငှားဂရန်အသစ် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့**

## အမည်မှန်

ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့၊ အမှတ်(၃)၊ (၅)ရပ်ကွက်၊ တောင်ကြီးလမ်းနေ (ဘ) ဦးကျွန်း၏သား မောင်အားဇင်၏ အမည်မှာ စိုင်းအားဇင် (၁၃/ကတန(နိုင်)၀၈၉၉၁၇) ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ ဇေယျာခေမာလမ်း၊ အမှတ်(စ/၃၆၅)ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်လျက်ရှိသော (၂)ခန်းတွဲ (၅)ထပ်တိုက် အနက်မှ (၁၂.၅ ပေ x ၅၀ ပေ ) အကျယ်အဝန်းရှိ တတိယထပ် (၄)လွှာ(ခြေရင်းခန်း)တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် သွယ်တန်းတပ်ဆင်ထားသည့် ကိုယ်ပိုင်လျှပ်စစ်မီတာ၊ ကိုယ်ပိုင်ရေမော်တာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ မြေရှင်/ကန်ထရိုက်တာ ဒေါ်ခင်စန်းမြင့် ၁၂/ကမရ(နိုင်)၀၄၈၀၂၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်သည့် တိုက်ခန်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ကျော်သူ ၅/မရန(နိုင်) ၂၄၅၃၈၀၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်အေးမြင့်မောင်(ဥပဒေဘွဲ့) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၃၈၅၈)**
**တိုက်(၄)၊ အခန်း(၃၁)၊ ပထမထပ်၊ မြို့ပြအိမ်ရာ(တောင်)ဘက်ခြမ်း၊ (၈)မိုင်မီးပွိုင့် အနီး၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း–၀၉–၇၅၀၃၉၈၄၁၁၊ ၀၉–၇၉၅၅၈၅၈၅၉**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာအနောက်ပိုင်းမြို့နယ်၊ အတွင်းပဒံကျေးရွာ၊ မြကန်သာလမ်း၊ ကွင်းအမည်–အတွင်းပဒံကွင်း၊ ကွင်းအမှတ်–၃၆၉/ဘီ၊ ဦးပိုင်အမှတ် (၂၇)၊ အကျယ်အဝန်း (၈.၃၆ဧက)၊ အမည်ပေါက် ဦးအောင်ညိန်း(ခ) ဦးအောင်ငြိမ်း(ကွယ်လွန်)ပိုင်ခဲ့သော လယ်မြေအား အမည်ပေါက်၏ဇနီးဖြစ်သူ ဒေါ်မြစော(၁၂/လသယ(နိုင်)၀၀၄၈၂၆) အမွေဆက်ခံပိုင်ဆိုင်သော လယ်မြေနှင့်ယင်းလယ်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရှုပ်အရှင်းကင်းရှင်းကြောင်း၊ မိမိသာလျှင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုရောင်းချသဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်သော ဦးအောင်မျိုးသန့်၊ ဦးဇော်မင်းဦး၊ ဦးကောင်းထက်ကျော်၊ ဦးအောင်ခန့်ဇော်၊ ဦးစံထက်အောင်တို့မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄) ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်မျိုးသန့်၊ ဦးဇော်မင်းဦး၊ ဦးကောင်းထက်ကျော်၊ ဦးအောင်ခန့်ဇော်၊**
**ဦးစံထက်အောင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်ဥမ္မာထွန်း(LL.B)(စဉ်–၄၉၂၈၄)** **ဒေါ်အိအိဝေ(LL.B)(စဉ်–၅၃၅၉၉)**
**(အထက်တန်းရှေ့နေများ)**
**အမှတ် (၃၃၃)၊ နဝရတ်ရေစင်(၁)လမ်း၊ ပြည်တော်သာစက်မှုဇုန်ရပ်ကွက်၊ လှည်းကူးမြို့နယ်၊**
**Ph–09–955961935, 09– 261446441**

## အများသိစေရန်ကြေငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁/စီ)၊ လှနေရပ်ကွက်အမှတ် (ပေါက်တော)၊ ကွက်သစ် (၂)လမ်း၊ မြေကွက်အမှတ် (၂၄)၊ အကျယ်အဝန်း (၀.၁၆၆)ဧကရှိ မြေပိုင်မြေ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၃)ထပ်တိုက်၏ အခန်း (ပထမထပ်) (၂လွှာ) (ခေါင်းရင်းခန်း)၊ တတိယထပ် (၄လွှာ) (ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၆ပေ × ၅၀ပေ)စီရှိ တိုက်ခန်း (၂)ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးကျော်မင်းသိန်း (၁၂/လမန (နိုင်) ၀၀၂၉၄၅)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်မေဇွန်တင်မြင့် (၁၂/မဂတ (နိုင်) ၀၉၅၀၂၅)က ဝယ်ယူထားပြီးဖြစ်ပါသည်။ ကျွန်ုပ်တို့မိတ်ဆွေ ဒေါ်မေဇွန်တင်မြင့် ၏ ခွင့်ပြုချက်တစ်စုံတစ်ရာ မရရှိဘဲရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ တစ်နည်းနည်းဖြင့် ဝင်ရောက်ကျူးကျော်နေထိုင်ခြင်းတို့ကို မပြုလုပ်ရန်နှင့် ပြုလုပ်ပါကပြုလုပ်သူ၏ တာဝန်သာဖြစ်ပြီး တည်ဆဲတရားဥပဒေများနှင့် အညီအရေးယူခြင်းခံရမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| ဦးခင်မောင်ဦး | ဦးဇော်ထွန်းအောင် |
|---|---|
| LL.B, D.B.L, D.I.L, | LL.B, D.B.L, D.M.L., |
| တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၅၂) | တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၀၃၅) |

**ဖုန်း–၀၉ ၅၅၀၆၁၄၆၊ ၀၉ ၇၇၇ ၇၁၁ ၃၀၈**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁၉)၊ ထန်းတပင်လမ်း၊ မြေကွက်အမှတ်(၅၁၃)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဦးခင်ကျော် (K/ RGN-၀၂၂၂၉၄)အမည်ပေါက် ပါမစ်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သီတာအေး (၇/တငန (နိုင်) ၁၀၄၆၆၀)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| ဦးခင်မောင်ဦး | ဦးဇော်ထွန်းအောင် |
|---|---|
| LL.B, D.B.L, D.I.L, | LL.B, D.B.L, D.M.L., |
| တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၅၂) | တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၀၃၅) |

**ဖုန်း–၀၉ ၅၅၀၆၁၄၆၊ ၀၉ ၇၇၇ ၇၁၁ ၃၀၈**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ဂနက်ကျေးရွာအုပ်စု၊ ဂနက်ကျေးရွာနေ ဦးဘီဂျိုက်ကူမာရ် ၇/ကတခ(ပြု)၀၀၂၁၇၉ –ဒေါ်စီသာကူမာရီ ၇/ကတခ(ပြု)၀၀၅၇၁၈တို့၏သား မောင်ဟီရာကျန် ၇/ကတခ(ပြု)၀၂၃၆၈၉ သည် မိဘများ၏ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိဘနှင့်ညီအစ်ကိုမောင်နှမ များအပေါ် အကြိမ်ကြိမ်အမျိုးမျိုး စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစပြီး သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း၊ အများသိစေရန် ကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းဆောင်ရွက် ပေးမည်မဟုတ်ပါ။ **ဦးဘီဂျိုက်ကူမာရ်–ဒေါ်စီသာကူမာရီ**

❖ ဒေသတွင်ရှိသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ မြို့မိမြို့ဖများ၊ ဒေသခံများအားလုံး တက်ညီလက်ညီဖြင့် ဝိုင်းဝန်းကြိုးပမ်းကြမည်ဆိုပါက ဒေသအလိုက်တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ထိုမှတစ်ဆင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အတွက် အားလုံးက ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မေ ၂၄ ရက်နေ့တွင် ပြုလုပ်သော ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနေမှု နိုင်ငံတကာနှင့် ပြည်တွင်းအခြေစိုက် နိုင်ငံခြားသံရုံးများမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ လှည့်လည်ကြည့်ရှုလေ့လာ



နေပြည်တော် ဒီဇင်ဘာ ၂၈

**"အများယုံကြည်လက်ခံသည့် ရွေးကောက်ပွဲမှသည် ဒီမိုကရေစီ နိုင်ငံတော်သစ်ဆီသို့"** ဆောင်ပုဒ်နှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနေမှုကို နိုင်ငံတကာနှင့် ပြည်တွင်းအခြေစိုက် နိုင်ငံခြားသံရုံးများမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများက နေပြည်တော် ကောင်စီနယ်မြေရှိ မဲရုံများသို့ သွားရောက်၍ မဲရုံမှူးများ၊ မဲဆန္ဒရှင်ပြည်သူများနှင့် တွေ့ဆုံကာ ရွေးကောက်ပွဲနှင့်ပတ်သက်ပြီး ဆွေးနွေးလေ့လာစောင့်ကြည့်မှုများ ပြုလုပ်ကြသည်။

မြန်မာနိုင်ငံ၏ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို လွတ်လပ်မှု၊ တရားမျှတမှု၊ ပွင့်လင်းမြင်သာမှုနှင့် ဂုဏ်သိက္ခာရှိသည့် ရွေးကောက်ပွဲများဖြစ်ပေါ်စေရန် ကြိုးပမ်းဆောင်ရွက်နေမှုအပေါ် နိုင်ငံတကာအသိုက်အဝန်းက အားပေးထောက်ခံမှုကို ဖော်ပြသည့်အနေဖြင့် နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူပေါင်း ၁၆၂ ဦးက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်းလိုက်အောင်မြင်စွာကျင်းပနေမှုများကို ပါဝင်စောင့်ကြည့်လေ့လာကြမည် ဖြစ်သည်။

*စာမျက်နှာ ၁၆ ကော်လံ ၁* ❖

## အက်စ်တွန်ဗီလာက ချယ်ဆီးကို အနိုင်ယူပြီး ပြိုင်ပွဲစုံ ၁၁ ပွဲဆက် နိုင်ပွဲရရှိလာ

ပရီမီယာလိဂ်ပွဲစဉ် (၁၈)မှ စိတ်ဝင်စားဖွယ်ရာ အကောင်းဆုံးပွဲစဉ်တစ်ပွဲဖြစ်သည့် ချယ်ဆီးနှင့် အက်စ်တွန်ဗီလာအသင်းပွဲစဉ်ကို စတန်းဖို့ဒ်ဘရစ်ကွင်း၌ ဒီဇင်ဘာ ၂၈ ရက် နံနက်အစောပိုင်းတွင် ယှဉ်ပြိုင်ကစားခဲ့ရာ အက်စ်တွန်ဗီလာအသင်းက အကြိတ်အနယ်ကစားပြီး နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။

ချယ်ဆီးအသင်းသည် ပွဲချိန် ၃၇ မိနစ်တွင်ရရှိခဲ့သည့် ပက်ဒရို၏ သွင်းဂိုးဖြင့် အက်စ်တွန်ဗီလာအသင်းကို မိနစ် ၆၀ ကျော်အထိ ဦးဆောင်ကစားနိုင်ခဲ့သော်လည်း နောက်ပိုင်းပွဲချိန်များတွင် ချေပဂိုးနှင့် အနိုင်ဂိုးပြန်လည်ခွင့်ပြုပေးခဲ့ရသည့်အတွက် ရှုံးပွဲကြုံတွေ့ခဲ့ရသည်။

*စာမျက်နှာ ၁၆ ကော်လံ ၁* ❏





စဉ့်ကူးမြို့နယ် ကျည်တောက်ပေါက်ကျေးရွာသို့ ရောက်ရှိလာသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဒေသခံပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုစဉ်။

## စဉ့်ကူးမြို့နယ် ကျည်တောက်ပေါက်ကျေးရွာသို့ ရောက်ရှိလာသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ဝမ်းပန်းတသာကြိုဆို

နေပြည်တော် ဒီဇင်ဘာ ၂၈

PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များအနေဖြင့် မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်နှင့် စဉ့်ကူးမြို့နယ်များအတွင်း ဝင်ရောက်ကာ ပြည်သူပိုင်ပစ္စည်းများအား အတင်းအဓမ္မယူဆောင်ခြင်း၊ နိုင်ငံ့အကျိုးပြု စက်ရုံ၊ အလုပ်ရုံများအား ဝင်ရောက်မီးရှို့ဖျက်ဆီးခြင်း၊ နိုင်ငံပိုင် မြေပေါ်၊ မြေအောက် သယံဇာတများ အဓမ္မနည်းဖြင့် ထုတ်ယူပြီး ကိုယ်ကျိုးသုံးစွဲခြင်း စသည့်အကြမ်းဖက်လုပ်ငန်းများကို နည်းလမ်းပေါင်းစုံဖြင့် လုပ်ဆောင်ခဲ့သဖြင့် တပ်မတော်စစ်ကြောင်းများက အဆိုပါဒေသများ တည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်သည့် ပြင်ဆင်စုဖွဲ့မှုများ

*စာမျက်နှာ ၁၉ ကော်လံ ၁* ❈

ယနေ့ သတင်း အညွှန်း

ကိုယ့်နိုင်ငံအတွက် တကယ်အလုပ်လုပ်ပေးမယ့်သူတွေကို လူငယ်တစ်ဦးအနေနဲ့ ပါဝင်ဆန္ဒပြုခွင့်ရတဲ့အပေါ် ဝမ်းသာမိပါတယ် တွေ့ဆုံမေးမြန်း စာ ၁၃

KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် အဆောက်အအုံ ၅၁၅ လုံးကို စနစ်တကျဖြိုချဖျက်ဆီးပြီးစီး၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့်ပစ္စည်းများအား စနစ်တကျဆက်လက်မီးရှို့ဖျက်ဆီး ပြည်တွင်းသတင်း စာ ၂၆